


# The VOICE Daily




Vol. 5 / No. 264 | Established in 2004 | ၁၃၇၉ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ (Wednesday, February 14, 2018)

# NLD အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင် ၂ဖွဲ့ အပစ်ရပ်စာချုပ် ပထမဦးဆုံး လက်မှတ်ထိုး၊ အသစ် ၂ဖွဲ့ပါလာ၍ စုစုပေါင်း ၁၀ဖွဲ့လက်မှတ်ထိုးပြီးဖြစ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

တိုင်းရင်းသား လက်နက်ကိုင်နှစ်ဖွဲ့ ဖြစ်သည့် မွန်ပြည်သစ်ပါတီ (NMSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့ အစိုးရနှင့်တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူ စာချုပ် (NCA)ကို ဖေဖော်ဝါရီလ ၁၃ ရက်က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ လက်နက်ကိုင်နှစ်ဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) အစိုးရလက်ထက်တွင် ပထမဦးဆုံး NCA စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့်လက် နက်ကိုင်နှစ်ဖွဲ့ဖြစ်လာမည်ဖြစ်ပြီး NCA ထိုးထားသည့် လက်နက်ကိုင်အဖွဲ့စုစုပေါင်း ၁၀ ဖွဲ့အထိ ရှိလာမည်ဖြစ်သည်။

အဆိုပါ NCA လက်မှတ်ထိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို ဌာန-၂ MICC-2 ခန်းမတွင် ပြုလုပ်ခဲ့ ခြင်းဖြစ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်

စာ 2


ဓာတ်ပုံ – အောင်ထက်

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့ အစိုးရနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ်ကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့က နေပြည်တော်ရှိ MICC - 2 တွင် လက်မှတ်ရေးထိုးခဲ့သည်


ဓာတ်ပုံ – ဇော်မိုးလွင်

## ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားရုပ်တု ရန်ကုန်တွင် စိုက်ထူ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

မြန်မာ့လွတ်လပ်ရေးခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ် ကျောင်းသားဘဝပုံစံရုပ်တုကို ရန်ကုန်မြို့ သာကေတမြို့နယ်တွင် စိုက်ထူခဲ့ပြီး တစ်နိုင်ငံလုံးတွင် တစ်ခုတည်း

စာ 2

## နေပြည်တော် ဥတ္တရသီရိတွင် ဗုံးသီးဟောင်းတစ်လုံး ပေါက်ကွဲ၊ ကလေးငယ်နှစ်ဦးနှင့် ကျွဲနှစ်ကောင် ဗုံးစ ထိမှန်

စာ 2

## ဦးဝီရသူကို ကိုဆွေဝင်း ရှုံခိုးတောင်းပန်ပါက အမှုပိတ်ပေးမည်ဟု တရားလိုဆို

စာ 21

## စတစ်ကာကပ် အငှားယာဉ် ၉၀ စီးကျော်ကို ဒဏ်ရိုက်

စာ 3

## ရိုက်တာ သတင်းထောက်နှစ်ဦး၏ အမှု တရားလို ထွက်ဆိုချက်အတိုင်း ဖော်ပြမှုမရှိဟုဆိုကာ 7 Day ဂျာနယ်ကို ကောင်စီထံ တိုင်ကြားစာပို့

စာ 8

## ကျောက်ဖြူတွင် နေထိုင်ခဲ့သော ဘင်္ဂါလီများက မူလနေရာတွင် နေထိုင်လိုကြောင်းတောင်းဆိုမှု ဒေသခံများကန့်ကွက်

**စစ်တွေ၊ ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပျဉ်ဖြူမော်ကျေးရွာနှင့် အရှေ့ပိတ်ဆိပ် ရပ်ကွက်များတွင် နေထိုင်ခဲ့သည့် ဘင်္ဂါလီ များက မူလနေရာတွင် ပြန်လည်နေထိုင် လိုကြောင်း အစိုးရထံတောင်းဆိုမှုကို ဒေသခံ များ ကန့်ကွက်ကြောင်း မြို့နယ်အုပ်ချုပ် ရေးမှူး ဦးရွှေလှအောင်က ပြောသည်။

၂၀၁၂ ခုနှစ်ပဋိပက္ခဖြစ်ပွားပြီးနောက် ကျောက်ဖြူမြို့မှ မိမိတို့ဆန္ဒအလျောက် ထွက်ခွာခဲ့သော ဘင်္ဂါလီသုံးထောင်ခန့်က အစိုးရထံသို့ ယခင်နေခဲ့သော မူလနေရာ များ၌ ပြန်လည်နေထိုင်လိုကြောင်း

စာ 4



# နေပြည်တော် ဥတ္တရသီရိတွင် ဖုံးသီးဟောင်းတစ်လုံး ပေါက်ကွဲ၊ ကလေးငယ်နှစ်ဦးနှင့် ကျွဲနှစ်ကောင် ဖုံးစ ထိမှန်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ စည်ပင်သာကျေးရွာတွင် ဖေဖော်ဝါရီလ ၁၃ ရက် နံနက် ၈ နာရီ၌ ၁၀ နှစ်အရွယ် ယောကျာ်းလေးငယ်တစ်ဦးက ဖုံးသီးဟောင်းတစ်လုံးကို မီးပုံထဲ ပစ်ထည့်ရာမှ ပေါက်ကွဲမှုဖြစ်ကာ ကလေးငယ်နှစ်ဦးနှင့် ကျွဲနှစ်ကောင်တို့ကို ဖုံးစများ ထိမှန်ခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

၄၀ မမ ဖုံးသီးဟောင်းတစ်လုံးကို ၁၀ နှစ်အရွယ် ယောကျာ်းလေးငယ်မှာ ယင်းနေ့ နံနက်က နေအိမ် အနောက်ဘက်တွင် မီးလှုံနေသော မီးဖိုထဲသို့ ပစ်ထည့်ခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ကာ မီးဖိုနှင့် ၁၀ ပေခန့်အကွာတွင် နေပူဆာလှုံနေသော ၁၃ နှစ်အရွယ် မိန်းကလေးနှင့် ၎င်းမှပွေ့ချီထားသော အသက် တစ်နှစ်ခွဲအရွယ် ယောကျာ်းလေးတစ်ဦး၊ ကျွဲတင်းကုပ်တွင် ချည်ထားသည့် ကျွဲမကြီးတစ်ကောင်နှင့် ကျွဲပေါက်စတစ်ကောင်တို့မှာ ဖုံးစများ ထိမှန်ခဲ့သည်။

"ဖုံးစ မှန်ခဲ့တဲ့ ကလေးနှစ်ယောက်ရော ကျွဲနှစ်ကောင်ပါ ဒဏ်ရာတွေက စိုးရိမ်ဖွယ်မရှိပါဘူး။ ဒီဖုံးသီးဟောင်းကို ဘယ်က ကောက်ရခဲ့တာလဲ။ ဘယ်အချိန်က ကောက်ရထားတာလဲဆိုတာတော့ နယ်မြေခံ ရဲတပ်ဖွဲ့က အသေးစိတ် မေးမြန်းမှုတွေ ဆောင်ရွက်နေတယ်။ ဒဏ်ရာရတဲ့ ကလေးနှစ်ယောက်ကိုဆေးရုံတစ်ထောင် ဆေးရုံတင်ထားတယ်"ဟု ရဲအရာရှိက ပြောသည်။

ဖုံးသီးဟောင်း ပေါက်ကွဲသည့်နေရာနှင့် ခုနစ်မိုင်ခန့်အကွာတွင် နိုင်ငံခေါင်းဆောင်များအချို့မှာ နေပြည်တော်ရှိ NCA စာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပနေပြီး လုံခြုံရေးအထူးတင်းကျပ်စွာ ဆောင်ရွက်ထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ထံမှ စုံစမ်းသိရှိရသည်။ ■ S-03

## မျက်နှာဖုံး - NLD အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင် ၂ ဖွဲ့မှ အဆက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့လည်း တက်ရောက်မိန့်ခွန်း ပြောကြားခဲ့သည်။

NCA စာချုပ်တွင် အစိုးရနှင့် တပ်မတော် ခေါင်းဆောင်များ၊ မွန်ပြည်သစ်ပါတီနှင့်လားဟူဒီမိုကရက်တစ် အစည်းအရုံးခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ပြည်တွင်းမှ သက်သေ ၂၀ ဦးကလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) မှ ကိုယ်စားလှယ်များက အသိသက်သေအဖြစ် ဝင်ရောက်လက်မှတ်ထိုးခဲ့ကြခြင်းဖြစ်သည်။

ပြည်ပအသိသက်သေများအဖြစ် ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်၊ တရုတ်နိုင်ငံမှအာရှရေးရာ ကိုယ်စားလှယ်နှင့် ဂျပန်၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ အသီးသီး ဝင်ရောက်လက်မှတ်ထိုးခဲ့ကြသည်။

ယင်းသို့ NCA လက်မှတ်ရေးထိုးသည့် အဖွဲ့သစ်များ တိုးလာပြီးနောက်တွင် လက်မှတ်ထိုးပြီးသားအဖွဲ့များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်များ ခိုင်မာလာစေရေး ဆက်ကြိုးပမ်းသွားမည်ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခဲ့သည်။

"ကျွန်မတို့ အချင်းချင်းအကြားသဘောထား ကွဲလွဲတာတွေ ဖြစ်ပေါ်လာရင် ပင်လုံစိတ်ဓာတ်နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး ဆွေးနွေးညှိနှိုင်း အဖြေရှာကြပါမယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေနဲ့လည်း လက်နက်ကိုင် ပဋိပက္ခတွေ လျော့နည်းသွားအောင် တွေ့ဆုံဆွေးနွေးမှုတွေနဲ့ အဖြေရှာပါမယ်။ ဒီအဖွဲ့တွေ NCA ထဲးရိပ်အောက် ရောက်ရှိလာပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်လာအောင် ကြိုးစားပါမယ်။ ဒီလုပ်ငန်းစဉ်တွေကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆက်လက် လုပ်ဆောင်သွားမှာပဲဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

ယင်းအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးပြီးသော ညီနောင်တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအတွက် ယုံမှားသံသယစိတ်များနှင့် စိုးရိမ်ပူပန်မှုများကို လျော့ပါးစေမှာဖြစ်ပြီး ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနှင့်လည်း ဆုံးဖြတ်ချက်မမှားဘဲ သံသယကင်းစွာဖြင့် ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်လာကြလိမ့်မည်ဟူသောမျှော်လင့်ချက်ကို ဖြစ်စေကြောင်း ပြောကြားသည်။

"(NCA)ကို လက်မှတ်ရေးထိုးခြင်းဟာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့အစိုးရနဲ့ တပ်မတော်အပေါ် အလျှော့ပေးခြင်းမဟုတ်ဆိုတဲ့ အယူအဆရှိသူတွေ၊ ပုဂ္ဂိုလ်ရေး ခံစားချက်ရှိသူအချို့လည်း တွေ့ရှိရပါတယ်။ ဒီသံသယစိတ်တွေ၊ မယုံကြည်စိတ်တွေ၊ စိုးရိမ်စိတ်တွေကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးရဲ့ အဖွဲ့ဝင်များအနေနှင့် မရှိကြဖို့၊ မထားကြဖို့လည်း ပြောလိုပါတယ်" ဟု ၎င်းက ဆိုသည်။

ယခုနှစ်အတွင်း တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (National Ceasefire Agreement ) တွင် လက်မှတ်ရေးထိုးရန် အဖွဲ့များရှိနေကြောင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုပါဝင်ဆောင်ရွက်နေသည့် ဗိုလ်ချုပ်ကြီးခင်ဇော်ဦးက ပြောကြားလိုက်သည်။

"အပေါင်းလက္ခဏာဆောင်တဲ့ အဖွဲ့တွေရှိပါတယ်" ဟု ၎င်းက ပြောသည်။

သို့သော် ယင်းအဖွဲ့များ၏ အမည်ကို ပြောရန်မဖြစ်နိုင်သေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်ကလည်း ယင်းသို့ လက်နက်ကိုင်နှစ်ဖွဲ့ NCA ထိုးပြီးသည့်နောက်မွန်နှင့် လားဟူဒေသခံ နိုင်ငံရေးပါတီ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်လူထုသဘောထားများ ရယူကာ နိုင်ငံရေး ဆွေးနွေးမှုများ လုပ်ဆောင်ကာ နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့သည် ဇန်နဝါရီလ ၂၃ ရက်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့်သီးခြားစီ လက်ခံတွေ့ဆုံခဲ့ပြီးနောက် NCA စာချုပ်ကို လက်မှတ်ထိုးရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

သမ္မတဦးသိန်းစိန် လက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပြီး NCA စာချုပ်ကို ရေးဆွဲခဲ့ကာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို လက်မှတ်ထိုးရန် ဖိတ်ခေါ်ခဲ့သည်။

အဆိုပါ ဖိတ်ခေါ်မှုအပေါ် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့ကသာ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး NCA ဆွေးနွေးစဉ်က ပါဝင်ခဲ့သည့် UNFC အဖွဲ့ဝင် လက်နက်ကိုင်အဖွဲ့များက NCA တွင် ပါဝင်လက်မှတ် ရေးထိုးခဲ့ကြခြင်း မရှိပေ။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)အစိုးရလက်ထက်တွင် UNFC လက်နက်ကိုင်အဖွဲ့များနှင့် အစိုးရငြိမ်းချမ်းရေးကော်မရှင်တို့ NCA လက်မှတ်ရေးထိုးရေးအတွက် ၁၇လကျော်ကြာ ဆွေးနွေးခဲ့ပြီးမှသာ အဆိုပါ လက်နက်ကိုင်နှစ်ဖွဲ့ ပါဝင်လာခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးကော်မရှင်နှင့် UNFC / DPN အကြား UNFC က အဆိုပြုခဲ့သည့် တောင်းဆိုချက် ၈ ချက်ကို တရားဝင်ဆွေးနွေးပွဲ ၈ ကြိမ်၊ အလွတ်သဘောဆွေးနွေးပွဲ အကြီးအသေး ၁၅ ကြိမ်ကျော် ညှိနှိုင်းခဲ့ရ ကြောင်း ငြိမ်းချမ်းရေးကော်မရှင်ထံမှ သိရသည်။

အဆိုပါ NCA ရေးထိုးခဲ့သည့် လက်နက်ကိုင်နှစ်ဖွဲ့သည် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) အဖွဲ့မှ လက်နက်ကိုင်နှစ်ဖွဲ့ဖြစ်ပြီး ကျန်ရှိသည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ရခိုင်အမျိုးသားကောင်စီ (ANC) အဖွဲ့တို့မှာမူ ပါဝင်လာခဲ့ခြင်း မရှိပေ။

NCA လက်မှတ်ရေးထိုးပွဲ မတိုင်မီက UNFC အဖွဲ့ဝင် တစ်ဖွဲ့ဖြစ်သော ရခိုင်အမျိုးသားကောင်စီ (ANC) အဖွဲ့ကလည်း ပါဝင်လက်မှတ်ထိုးမည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း ပွဲကျင်းပမည့်ရက် မတိုင်မီတစ်ရက်အလိုတွင် ANC အဖွဲ့က တက်ရောက်မည်မဟုတ်ကြောင်း ကြေညာချက်ထုတ်ခဲ့သည်။

အဓိကအကြောင်းရင်း အနေနှင့် တန်းတူရေးနှင့်အားလုံးပါဝင်နိုင်သည့် အခင်းအကျင်း မရှိသောကြောင့် NCA အခမ်းအနားကို မတက်ရောက်ရခြင်းဖြစ်ကြောင်း ANC အထွေထွေအတွင်းရေးမှူး ဦးထွန်းဇော်က ပြောကြားခဲ့သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) ကို အဆိုပါ မွန်ပြည်သစ်ပါတီနှင့် လားဟူအဖွဲ့နှစ်ဖွဲ့အပါအဝင် ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ကရင် ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA - PC)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS/SSA) စသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ပါဝင်လက်မှတ်ရေးထိုးထားသည်။

မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးတို့က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးခြင်းမှာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ခရီးရှည်အတွက် ခြေလှမ်းများစွာထဲက တစ်ခုဖြစ်ပြီး လူမှုအသိုက်အဝန်းအားလုံး၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးတစ်ရပ် ဖန်တီးနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ပါကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ကြေညာချက်ထုတ်ပြန်သည်။

■ J-08, S-01

## မျက်နှာဖုံး - ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားရုပ်တု ရန်ကုန်တွင် စိုက်ထူ မှ အဆက်




Photo by Zin War Moe

သာရှိကြောင်း ရုပ်တုဖြစ်မြောက်ရေး ကော်မတီဝင် ကိုအောင်ငြိမ်းကျော်က ပြောကြားသည်။

နိုင်ငံအနှံ့တွင် ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုကို တပ်မတော်သားဝတ်စုံဖြင့် စိုက်ထူခဲ့သော်လည်း ယနေ့ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင်မူ အရပ်သားဝတ်စုံဝတ်ဆင်ထားသည့် တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းပုံတူ ရုပ်တုကို သာကေတမြို့နယ် မြကန်သာပန်းခြံတွင် စိုက်ထူခဲ့ကြောင်း သာကေတမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ထွေးက ပြောကြားသည်။

အဆိုပါရုပ်တုကို သာကေတမြို့နယ် မြကန်သာပန်းခြံတွင် စိုက်ထူထားပြီး ဗိုလ်ချုပ်အောင်ဆန်း အသက် ၁၀၃ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီလ ၁၃ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

"တစ်နိုင်ငံလုံးမှာက ဗိုလ်ချုပ်အောင်ဆန်းရဲ့စစ်ဝတ်တွေ၊ ယူနီဖောင်းတွေနဲ့သာ မြင်တွေ့ခဲ့ရတယ်။ အဲဒါကြောင့် သာကေတမှာ ပုံထုတဲ့အခါမှာ အရပ်ဝတ်စားနဲ့ရှာဖွေခဲ့ကြတဲ့အခါ ကျောင်းသားသမဂ္ဂပုံကိုရှာပြီး ပုံတူ ထုဖြစ်သွားပါတယ်" ဟု ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌတာဝန်ယူစဉ်က ဝတ်ဆင်ထားသော အဝတ်အစားဖြင့် ထုလုပ်ထားသည့်ကိုအောင်ဆန်း၏ပုံတူကြေးရုပ်တုဖွင့်ပွဲတွင် ဦးကျော်ထွေးက ပြောကြားသည်။

အဆိုပါရုပ်တုနှင့်ပတ်သက်၍ နောင်လာမည့် ကျောင်းသားများ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ကြိုးစားပါက နိုင်ငံ့ခေါင်းဆောင်ဖြစ်နိုင်သည်ကို အတုယူရန် ထုလုပ်ဖြစ်ခဲ့ခြင်းဖြစ်ကြောင်း ရုပ်တုဖြစ်မြောက်ရေးကော်မတီဝင် ကိုအောင်ငြိမ်းကျော်က ပြောကြားသည်။

ဗိုလ်ချုပ်ရုပ်တုဖြစ်မြောက်ရန် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်က ရန်ကုန်တိုင်းအစိုးရအဖွဲ့ထံ ခွင့်ပြုချက်တောင်းခံခဲ့ပြီး ၂၀၁၇ ခုနှစ်၊ မေလ ၁၃ ရက်က ခွင့်ပြုချက်ရရှိခဲ့ကြောင်း၊ ယင်းနောက် အမြင့် ရှစ်ပေခွဲ၊ အောက်ခြေ ၄ ပေ၊ ကြေးပိဿာချိန် ၂၅၀ ရှိ အဆိုပါရုပ်တုကို မန္တလေး၌ ထုလုပ်ခဲ့ကြောင်း ရုပ်တုဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းနိုင်က ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်း အသက် (၁၀၃) နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်နေ့တွင် ရန်ကုန်တိုင်းအတွင်း သာကေတမြို့နယ်မှအပြင် မြောက်ဒဂုံ၊ ကော့မှူး၊ တိုက်ကြီးမြို့နယ်များအပါအဝင် တောင်ငူမြို့၊ ကလေးမြို့နှင့် ပလိပ်မြို့တို့တွင် တပ်မတော်ဝတ်စုံဝတ် ဗိုလ်ချုပ်ကြေးရုပ်တုများကို ဖွင့်လှစ်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက "သာကေတမှာဖွင့်တဲ့ ဗိုလ်ချုပ်ရုပ်တုပုံက ကျောင်းသားသမဂ္ဂဘဝကပုံကတော့ တစ်နိုင်ငံလုံးမှာ ဒီရုပ်တုက တစ်ခုတည်းရှိတယ်။ တစ်နိုင်ငံလုံး ဗိုလ်ချုပ်ကြေးရုပ်တု ဘယ်လောက်ရှိလဲ မသိဘူး။ NLD အစိုးရလက်ထက်မှ ဗိုလ်ချုပ်ကြေးသွန်းရုပ် ဘယ်နှခုရှိလဲ စာရင်းကောက်ထားတာ မရှိဘူး" ဟု ဆိုသည်။

■ J-18

MIHARA
Travels & Tours
CAR RENTAL SERVICES

ဂျာမနီနိုင်ငံထုတ်



13 Sets Stoll knitting Machines for sale (Made from Germany)

# E D I T O R I A L

## ငြိမ်းချမ်းရေး တေးသံ နိုင်ငံတစ်ဝန်း ပျံ့နှံ့စေချင်

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ (၁၀၃) နှစ်မြောက်မွေးနေ့ ကျရောက်သည့် ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူ ဒီမိုကရက်တစ်အစည်းအရုံးတို့ နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မှာ လက်မှတ်ရေးထိုးခဲ့ခြင်းမှာ များစွာငြိမ်းချမ်းရေး ချိုးငှက်၏ သာယာသောတေးသံကို နားဆင်လိုက်သည့် သဘောပင်ဖြစ်သည်။

အထက်ပါ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့သည် လက်တွေ့အားဖြင့် မြန်မာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခြင်းမရှိသည်မှာ နှစ်အတန်ကြာနေပြီဖြစ်သော်ငြား ယခုကဲ့သို့ တရားဝင် လက်မှတ်ရေးထိုးလိုက်ခြင်းမှာ ရှေ့ဆက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို မမိုတ်မသုန် ဆောင်ရွက်တော့မည်ဟု ဝန်ခံကတိပြုလိုက်သည့်သဘောဟုလည်း ဆိုနိုင်သည်။

သို့သော် အခြားတစ်ဖက်တွင်လည်း မြန်မာနိုင်ငံတွင် သက်တမ်း အရှည်ကြာဆုံး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ဖြစ်သည့်ကချင်လွတ်မြောက်ရေးတပ် (KIA) နှင့် မြန်မာ့တပ်မတော်အကြား၊ ရှမ်းပြည်လွတ်မြောက်ရေးတပ် (SSA) နှင့် တအာင်းလက်နက်ကိုင်တပ် (TNLA) တို့ အကြားတိုက်ပွဲများ ဖြစ်ပွားနေခြင်းမှာ ငြိမ်းချမ်းရေးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်နေသည့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး ပြည်တွင်းစစ်ဖြစ်ပွားနေသော မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရောင်နီပေါ်လာလိုက်၊ တိမ်ညိုတိမ်မည်းများက ဖုံးအုပ်လိုက်နှင့် လက်တွေ့တွင် သိန်းနှင့်ချီသော စစ်ပြေးဒုက္ခသည်များသာ ဒုက္ခပင်လယ်ဝေနေကြရသည်။

ငြိမ်းချမ်းရေးတို့မည်သည် လက်ခုပ်နှစ်ဖက်တီးမှ မြည်သကဲ့သို့ တစ်ဖက်တည်းက လိုက်လျော၍မရနိုင်ဘဲ နှစ်ဖက်စလုံးက အပေးအယူ၊ အလျှော့အတင်းလုပ်၍ ညှိနှိုင်းဆွေးနွေးမှသာ ရနိုင်သောအရာဖြစ်သည်။ တစ်ဖက်တည်းကို အမှား၊ အမှန် ယတိပြတ်ပြော၍မရဘဲ နှစ်ဖက်စလုံးတွင် အားနည်းချက်၊ လိုအပ်ချက်၊ ချွတ်ချော်တိမ်းစောင်းမှုများ၊ အဓိပ္ပာယ် ကောက်ယူမှု အလွဲများ ရှိနေနိုင်သည်။

ထို့အတွက် အချင်းချင်းအကြား တိုက်ခိုက်ခြင်းနည်းလမ်းဖြင့် အဖြေရှာခြင်းထက် စားပွဲဝိုင်းတွင် မျက်နှာချင်းဆိုင်ထိုင်၍ ဆွေးနွေးညှိနှိုင်းခြင်း နည်းလမ်းဖြင့်သာ အဖြေထုတ်နိုင်ကြောင်း အများနားလည်ထားကြပြီး ဖြစ်သည်။

သို့ဆိုလျှင် ယနေ့အချိန်အထိ အချို့တိုင်းရင်းသား လက်နက်ကိုင်များနှင့် တပ်မတော်တို့အကြား၊ တိုင်းရင်းသား လက်နက်ကိုင်အချင်းချင်းအကြား မည်သည့်အတွက်ကြောင့် တိုက်ပွဲများ ဖြစ်ပွားနေရပါသနည်း၊ အဘယ်ကြောင့် အချို့တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်းအကြားနှင့် တပ်မတော် အကြား အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ရပါသနည်းဟု မေးစရာရှိလာသည်။

များစွာ အခြေခံကျ၍ များစွာရိုးစင်းသော အကြောင်းအရင်းမှာ နှစ်ပေါင်းများစွာ လက်နက်ကိုင်လာခဲ့သူများ၊ ယင်းလက်နက်ကိုအကြောင်းပြု၍ အသက်မွေးဝမ်းကျောင်းပြု၊ ဝင်ငွေစီးပွား ရှာလာခဲ့သူများအတွက် ရေရှည် ဘဝအာမခံချက် သို့မဟုတ် ဒေသဆိုင်ရာ လုပ်ပိုင်ခွင့် ညှိနှိုင်းမှု မပြေလည်ခြင်းဟု ဆိုနိုင်သည်။

လက်တွေ့အားဖြင့် ကချင်ပြည်နယ်ရှိ သယံဇာတထွက်ရှိသော နယ်မြေများကို အစိုးရ၏ အုပ်ချုပ်စီမံခန့်ခွဲမှုနှင့် KIO / KIA အုပ်စိုးမှုတို့ အကြား လွန်ဆွဲမှုများဖြစ်ပေါ်နေကြောင်း တပ်မတော်နှင့် KIA အကြား တိုက်ပွဲများက ယင်းအချက်ကို တစ်စိတ်တစ်ပိုင်း မီးမောင်းထိုးပြနေပေသည်။

စင်စစ်အားဖြင့် NCA သည် ငြိမ်းချမ်းရေး ခရီးစဉ်ကြီးတစ်ခုလုံး၏ လမ်းခုလပ် ရပ်နားစခန်းတစ်ခုသာဖြစ်သည်။ ရှေ့တွင် ယင်းသဘောတူညီချက်ကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းခြင်း၊ နောက်ထပ်သဘောတူညီချက်များရရှိရန် ဆွေးနွေးခြင်းနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ညှိနှိုင်းအဖြေရှာခြင်းစသည့် လုပ်ငန်းစဉ်များစွာ ကျန်ရှိနေသေးသည်။

အမျိုးသားညီညွတ်ရေးသည် ငြိမ်းချမ်းရေး၏ အဓိကသော့ချက် ဖြစ်သည်။ အမျိုးသားညီညွတ်မှုရှိစေရန် တိုင်းရင်းသားများအကြား သံသယစိတ်များ၊ မယုံသင်္ကာစိတ်များ၊ အပေါ်စီးယူလိုစိတ်များ၊ အမြင်ကျဉ်းမြောင်းမှုများ တတ်နိုင်သမျှ လျှော့ချထားဖို့လိုသည်။

များစွာအရေးကြီးသည့်အချက်မှာ မည်သည့်တွေ့ဆုံဆွေးနွေးမှုမဆို၊ မည်သည့်စေ့စပ်ညှိနှိုင်းမှုမဆို၊ မည်သည့် အပေးအယူ၊ အလျှော့ အတင်းမျိုးမဆို၊ မည်သည့် ငြင်းခုံဝေဖန်မှုမျိုးမဆို ဆွေးနွေးဖက်အသီးသီး၏ ကိုယ်ကျိုးစီးပွားအနည်း၊ အများအပေါ် မူတည်၍ ပြေလည်မှု၊ မပြေလည်မှု ရလဒ်များ ဖြစ်ပေါ်နိုင်ကြောင်းပင်ဖြစ်သည်။

လက်နက်ကိုင်တပ်များအားလုံးအနေနှင့် မိမိနေထိုင်ရာ ဒေသ၊ တိုင်း၊ နိုင်ငံတစ်ခုလုံး၏ အတိဒုက္ခရောက်နေကြရှာသော သနားစရာ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားနှင့် မိမိတို့ ကိုယ်ကျိုးစီးပွားအကြား ချိန်ညှိကာ မဝေးတော့သည့် ကာလတစ်ခုတွင် တစ်နိုင်ငံလုံးရှိ လက်နက်ကိုင်အဖွဲ့များအားလုံးနှင့် အစိုးရ၊ မြန်မာ့တပ်မတော်တို့အကြား ငြိမ်းချမ်းရေး သဘောတူညီချက်များ ရရှိနိုင်စေကြောင်းနှင့် နိုင်ငံတစ်ဝန်း မည်သည့်နေရာဒေသတွင်မဆို ငြိမ်းချမ်းရေး ချိုးငှက်တို့ လွတ်လပ်စွာတေးသီပျံသန်းနိုင်စေကြောင်း မျှော်လင့် ဆုတောင်းအပ်ပေသည်။

**အယ်ဒီတာ ( ၁၃ - ၂ - ၂၀၁၈ )**

# ကျောက်ဖြူတွင် နေထိုင်ခဲ့သောဘင်္ဂါလီများက မူလနေရာတွင် နေထိုင်လိုကြောင်းတောင်းဆိုမှု ဒေသခံများကန့်ကွက်

**စစ်တွေ၊ ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ပျဉ်ဖြူမော်ကျေးရွာနှင့် အရှေ့ပိတ်ဆိပ် ရပ်ကွက်များတွင် နေထိုင်ခဲ့သည့် ဘင်္ဂါလီများက မူလနေရာတွင် ပြန်လည်နေထိုင်လိုကြောင်း အစိုးရထံတောင်းဆိုမှုကို ဒေသခံများ ကန့်ကွက်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်က ပြောကြားသည်။

၂၀၁၂ ခုနှစ်ပဋိပက္ခဖြစ်ပွားပြီးနောက် ကျောက်ဖြူမြို့မှ မိမိတို့ဆန္ဒအလျောက် ထွက်ခွာခဲ့သော ဘင်္ဂါလီသုံးထောင်ခန့်က အစိုးရထံသို့ ယခင်နေခဲ့သော မူလနေရာများ၌ ပြန်လည်နေထိုင်လိုကြောင်း တောင်းဆိုမှုကြောင့် ကျောက်ဖြူ ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၁၀ ရက်က မြို့မိမြို့ဖများ၊ ဒေသခံများနှင့် ဆွေးနွေးခဲ့ကြောင်း၊ ယင်းသို့ဆွေးနွေးရာတွင် ဒေသခံများက လက်မခံဘဲ ကန့်ကွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

မူလနေရာများတွင် နေထိုင်လိုကြောင်း တောင်းဆိုသူများသည် မလေးရှားနိုင်ငံ၊ ရန်ကုန်၊ စစ်တွေမြို့ရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြောင်း၊ ၎င်းတို့မှာ ပဋိပက္ခဖြစ်ပွားပြီးနောက် မိမိတို့၏ ပိုင်ဆိုင်မှုများကို တရားဝင်ရောင်းချပြီးမှ ထွက်ခွာခြင်းဖြစ်ကြောင်း ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

"အဓိကရုဏ်းတွေဖြစ်အောင် ဖန်တီးပြီးတော့ အိမ်တွေ မီးရှို့ပြီးသူတို့သဘောနဲ့ ထွက်သွားကြတာကို၊ အထောက်အထားတွေ အများကြီးရှိတယ်၊ ဗမာ၊ ရှမ်း၊ ကရင်စတဲ့ တိုင်းရင်းသားတွေ လာမှာလား လက်ခံတယ်။ ဘာသာရေးအစွဲတစ်ခုနဲ့ လုပ်နေတဲ့သူတွေကိုလက်ခံစရာ အကြောင်းမရှိတော့ဘူး"ဟု မြို့မိ၊ မြို့ဖ ဦးသန်းလွင်က ပြောကြားသည်။

လက်ရှိတွင် ကျောက်ဖြူမြို့မှာ တည်ငြိမ်အေးချမ်းနေပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်ကိုလည်း ဆောင်ရွက်နေသဖြင့် ဘင်္ဂါလီများကို ပြန်လည် လက်ခံပါက မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း ဒေသခံများက ဆိုကြသည်။

ကျောက်ဖြူမြို့နယ်ရှိ ကျောက်တစ်လုံး ဒုက္ခသည် စခန်းတွင်လည်း ဘင်္ဂါလီဦးရေ ၈၀၀ ကျော် နေထိုင်လျက်ရှိကြောင်း ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

■ R-22

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editorial Consultant**- Kyaw Min Swe.
**Deputy Chief Editor** -Tin Aung Kyaw, **Editor in Charge** - Kyaw San Min.
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai.
**Part-time Editors** - Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Paw Oo, Khin May San, Tin Zaw Oo.
**Photographer** - Ye Pyae Zar Ni, Aung Naing,**Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com,
**News Room** : newsroom@thevoicemyanmar.com.

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ သံဆူးကြိုး အပေါက် ၁၀၀ ကျော် ပြုပြင်ပြီး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

မြန်မာ- ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ယခင်ကာရံထားသည့် ခြံစည်းရိုးဇရိယာရှိ မိုင်တိုင်ပေါင်း ၄၀ ခန့်အတွင်းမှ ပေါက်ပြဲနေသော သံဆူးကြိုးအပေါက်ပေါင်း ၁၀၀ ကျော်ကို ၂၀၁၈ ခုနှစ်ဇန်နဝါရီလမှဖေဖော်ဝါရီ ဒုတိယအပတ်အတွင်း ဖာထေးပြုပြင်ပြီးပြီဖြစ်ကြောင်း မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ခြံစည်းရိုးအသစ်ကာရံရန် မိုင် ၄၀ ခန့် ကျန်ရှိနေသော်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်တပ်မတော်စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက လမ်းဖောက်လုပ်မှုများ ကနဦးဆောင်ရွက်လျက်ရှိပြီး ယခင်ကာရံထားသည့် မိုင် ၁၃၀ ထဲမှ ပေါက်ပြဲသော သံဆူးကြိုးအပေါက်များကို စစ်ဆေး၍ ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေးအဖွဲ့များက ဦးဆောင်၍ ပြုပြင်နေခြင်းဖြစ်ကြောင်း မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံးထံမှ စုံစမ်းသိရသည်။

"နယ်စပ်ခြံစည်းရိုး ကာရံမှုနဲ့ ပြင်ဆင်မှုအပိုင်းက နိုင်ငံတော်အဆင့်က လုပ်တယ်။ ပြည်ထောင်စုအဆင့် ဘတ်ဂျက်ရော ပြည်သူတွေ ပါဝင်လှူဒါန်းမှုဘတ်ဂျက်တွေ ရှိပြီးသားပါ။ အသေးစိတ်က ပြည်ထဲရေးနဲ့ကာကွယ်ရေးဝန်ကြီးဌာန နှစ်ခုမှာ စုံစမ်းပါ" ဟု မောင်တောခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

နယ်စပ်ခြံစည်းကာရံရေးအတွက် အစိုးရက ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်မည့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးသို့ ပထမအဆင့် ငွေကျပ် ဘီလီယံ ၂၀ လက်ငင်းဖြည့်ဆည်းပေးထားပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေအရ ငွေကျပ် ၆ ဘီလီယံအပြင် ဖြည့်စွက်သုံးစွဲရန် ငွေကျပ် ၂ ဘီလီယံပေးထားကြောင်း နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ထားသည်။

ထို့ကြောင့် နယ်စပ်ခြံစည်းရိုး ပြုပြင်မှု၊ အသစ်ကာရံမည့်ခြံစည်းရိုးများ ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ နယ်စပ်လုံခြုံရေးတာဝန်ယူဆောင်ရွက်နေသည့် အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်မှ ရဲမှူးကြီးဇညားဦးက "နယ်ခြားစောင့်ရဲတပ်ဖွဲ့က နယ်စပ်လုံခြုံရေးအတွက်ပဲ တာဝန်ယူတာပါ။ နယ်စပ်ခြံစည်းရိုးကိစ္စအတွက် ကျွန်တော်တို့ကို တာဝန်ပေးမထားဘူး။ လုံခြုံရေး ကျိုးပေါက်မှုရှိနိုင်တဲ့ ခြံစည်းရိုးအပေါက်အပြဲတွေ တွေ့ရင် အုပ်ချုပ်ရေးအဖွဲ့ကို သတင်းပို့တယ်။ ဒါပဲ ဆောင်ရွက်ပါတယ်" ဟု ဆိုသည်။

ထို့အပြင် နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်သည် နယ်စပ်တစ်လျှောက်ရှိ လုံခြုံရေးလမ်းကြောင်းများကို တပ်မတော်နှင့်ပူးပေါင်း၍လုံခြုံရေးဆောင်ရွက်ကြောင်း ရဲမှူးကြီးဇညားဦးက ဖြည့်စွက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ် Shahpori ကျွန်းမှ မိုင်၁၇၀ ရှည်သော ပတ်လမ်းတစ်ခုနှင့် သံဆူးကြိုးခတ်၍ ခြံစည်းရိုးကာရံရန် စီစဉ်နေပြီး နယ်စပ်လမ်းကြောင်းရှိ တရားမဝင် မူးယစ်ဆေးဝါး မှောင်ခိုပြဿနာနှင့် ရာဇဝတ်ပြစ်မှုတို့ကို တားဆီးရန်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီလ ၄ ရက်က ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး Asaduzzaman Khan က ပြောကြားကြောင်း နိုင်ငံတကာမီဒီယာအချို့က ရေးသားဖော်ပြထားသည်။

နယ်စပ်ခြံစည်းရိုးများသည် သဘာဝဘေးဒဏ်နှင့် နှစ်ကာလကြာမြင့်မှုတို့ကြောင့် ပျက်စီးမှု များပြားနိုင်ပြီး လူသူအရောက်အပေါက်နည်းပါး၍ သွားရောက်ရာတွင် မလွယ်သည့်အတွက် လုံခြုံရေးကွပ်ကဲသည့်အဖွဲ့များက သတင်း အချက်အလက် ထုတ်ပြန်ပေးရန် လိုအပ်ကြောင်း ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ပြောကြားသည်။

■ J-17

# NEWS PHOTO




ဖန်းမော်မြို့ ခရိုင်ပြည်သူ့အားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၃ ရက်က မြန်မာနိုင်ငံ ကလေးများနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ကျင်းပခဲ့ရာ ပရဟိတ ဂေဟာများ၊ မူလတန်းကြိုကျောင်းမှ ကလေး ၂၂၀ ကျော်က အားကစားပြိုင်ပွဲ၊ ကဗျာရွတ်မှုများကို ပါဝင်ခဲ့ကြသည်။

# နှစ် ၁၀၀ ခန့်ရှိသုသာန်ဟောင်းကို ပိတ်သိမ်းရန် ရောဝတီတိုင်း အစိုးရထံ တင်ပြမည်

**ပုသိမ်၊ ဖေဖော်ဝါရီ၁၃**

ပုသိမ်မြို့တွင် နှစ် ၁၀၀ သက်တမ်းရှိသော သစ်ညိုကုန်း သုသာန်ဟောင်းကို ပိတ်သိမ်းပေးရေးအတွက် ဖေဖော်ဝါရီလ တတိယပတ်တွင် ဧရာဝတီတိုင်း အစိုးရအဖွဲ့ထံ တင်ပြသွားမည်ဖြစ်ကြောင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေး ကော်မတီရုံးထံမှ သိရသည်။

အဆိုပါ သုသာန်ဟောင်းတွင် မြေမြှုပ်သင်္ဂြိုဟ်ရန် မြေနေရာ မရှိတော့ခြင်း၊ လူနေအိမ်များနှင့် နီးကပ်လာခြင်း၊ သင်္ဂြိုဟ်သည့် မြေနေရာထပ်တူးဖော်ရသဖြင့် အချင်းများရခြင်းတို့ကြောင့် သင်္ဂြိုဟ်ခွင့်ပြုရန် အခက်အခဲများ ရှိနေကြောင်း ပုသိမ်မြို့စည်ပင်သာယာကော်မတီ ဥက္ကဋ္ဌ ဦးဇော်ထွန်းခိုင်က ပြောကြားသည်။

သုသာန်ဟောင်း ပိတ်သိမ်းရေးအတွက် ပုသိမ်မြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ပုသိမ်ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့ကို တင်ပြထားရာ ကန့်ကွက်ရန်မရှိဟု မှတ်ချက်ပြုထားကြောင်း၊ ယင်းနောက် တိုင်းအဆင့်ကို ဆက်လက် တင်ပြကာ ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

သစ်ညိုကုန်း သုသာန်မှာ အင်္ဂလိပ်အစိုးရလက်ထက်ကပင် ရှိသော သုသာန်ဖြစ်ကြောင်း၊ ယခင်က မြို့စွန်ရပ်ကွက်တွင်ရှိခဲ့သော်လည်း ယခုအခါ သုသာန်ပတ်လည်တွင် လူနေရပ်ကွက်သစ်များ တိုးချဲ့လာသဖြင့် လူနေအိမ်များ၏ အလယ်ဗဟိုတွင် သုသာန်ရှိသကဲ့သို့ ဖြစ်လာကြောင်း ရပ်ကွက်နေထိုင်သူများက ဆိုသည်။

"ဖျက်သိမ်းရွှေ့ပြောင်းတာမျိုးတော့ မဖြစ်သင့်ဘူး။ ၁၉၂၀ ကျောင်းသားသပိတ် ခေါင်းဆောင် ပုသိမ်ဇာတိ အဲဒီရပ်ကွက်သား ဦးထွန်းဝင်းရဲ့ ဂူဗိမ္ဗာန် ရှိနေတော့ သမိုင်းအထောက်အထားတွေ ပျောက်ကုန်မှာ စိုးရိမ်တယ်၊ ပိတ်သိမ်းတာမျိုးတော့ ဖြစ်သင့်ပါတယ်" ဟု ပုသိမ်ခရိုင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဒုတိယ ဥက္ကဋ္ဌဟောင်း မအိစန္ဒာဝင်းကဆိုသည်။

■ R12



# ဆူးလေ-ရန်ကုန် လေဆိပ်တိုက်ရိုက်ယာဉ်လိုင်း ယာဉ်မောင်းမရှိ၍ မပြေးနိုင်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

ဖေဖော်ဝါရီလအတွင်း စတင်ပြေးဆွဲမည်ဟုဆိုထားသော ရန်ကုန်လေဆိပ်-ဆူးလေတိုက်ရိုက်အမြန်ယာဉ်လိုင်းမှာ ယာဉ်မောင်း မရှိ၍ ခန့်မှန်းရက်အတွင်း မပြေးနိုင်သေးကြောင်း Omni Focus ကုမ္ပဏီ၊ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းတောက်ဝင်းက ပြောကြားသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းများအနက် အမြန်ယာဉ်လိုင်းအဖြစ် အဆိုပါခရီးစဉ်ကို ဖေဖော်ဝါရီလတွင် ပြေးဆွဲမည်ဟု ခန့်မှန်းခဲ့သော်လည်း မတ်လမှသာ ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း Omni Focus ကုမ္ပဏီထံမှ သိရသည်။

"ဒီလ ၂၃ ရက်နေ့ စပြေးမယ်ဆိုတာ မဟုတ်ပါဘူး။ မတ်လဆန်းမှာ ပြေးနိုင်အောင်ဆောင်ရွက်နေတယ်။ အဓိက ယာဉ်မောင်းတွေ မရှိသေးလို့။ ဒီလိုင်းအတွက် ယာဉ်မောင်းကောင်းတွေ ရှာနေတာပါ" ဟု Omni Focus ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းတောက်ဝင်းက ဆိုသည်။

လက်ရှိအချိန်ထိ ယာဉ်မောင်းလျှောက်ထားသူ ၂၀ ခန့်သာ ရှိသေးကြောင်းနှင့် ခန့်ထားရန်အတွက် စိစစ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ရန်ကုန်လေဆိပ်နှင့် ချိတ်ဆက်ပြေးဆွဲခြင်းဖြစ်သောကြောင့် ဝန်ဆောင်မှုအပိုင်းကို ဦးစားပေးဆောင်ရွက်နေပြီး နိုင်ငံခြားသားခရီးသည်များပါ စီးနင်းနိုင်ရန် စီမံလျက်ရှိကြောင်း၊ ဘတ်စ်ကားမှတ်တိုင် ၁၇ ခုလျာထားရာမှ လက်ရှိတွင် မှတ်တိုင် ၁၀ ခုသာ ထားရှိမည်ဟု ခန့်မှန်းထားကြောင်း ယာဉ်လိုင်း ပြေးဆွဲချိန်နီးပါက အတိအကျအသိပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"အခုနေတော့ စပြေးမယ့်အချိန်နဲ့ နောက်ဆုံးပြေးမယ့်အချိန်ရယ် ဘယ်ရက်စပြေးမယ်ဆိုတာရယ်ကို မသတ်မှတ်သေးဘူး" ဟု ၎င်းက ဆိုသည်။

မြန်မာပြည်တွင် ရောက်ရှိနေသည့် နိုင်ငံခြားသားများနှင့်ပြည်တွင်းခရီးသည်များ ရန်ကုန်လေဆိပ်ကို သွားလာမှု အဆင်ပြေစေရန် အဓိကနေရာဖြစ်သည့် ဆူးလေနှင့်လေဆိပ်ကို ချိတ်ဆက်ပြေးဆွဲခြင်းကို အမြန်ယာဉ်လိုင်းအဖြစ် သတ်မှတ်ကာ ပြေးဆွဲခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ YRTA ထံမှ သိရသည်။

"YBS ဆိုပေမယ့် တခြားယာဉ်လိုင်းတွေအတွက်လည်း အခက်အခဲ အနှောင့်အယှက်မဖြစ်အောင် စီမံထားတယ်"ဟု YRTA အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ဆိုသည်။

ဆူးလေ-ရန်ကုန် လေဆိပ်ကို ယာဉ်စီးရေ ၅၀ ဖြင့် ပြေးဆွဲမည်ဖြစ်ပြီး ကမ္ဘာအေးဘုရားလမ်းကြောင်းအတိုင်း ဖြတ်သန်းပြေးဆွဲမည်ဖြစ်ကာ လက်ရှိတွင် ယာဉ်များကို စတစ်ကာများကပ်နေပြီး ဂိတ်ဝန်ထမ်းများ၊ယာဉ်မောင်းများ ခန့်အပ်ရန် အလုပ်ခေါ်ယူလျက်ရှိကြောင်း Omni Focus ကုမ္ပဏီထံမှ သိရသည်။

Omni Focus ကုမ္ပဏီသည် YBS ယာဉ်လိုင်း ၂၀၊ ၂၇၊ ၈၃၊ ၈၅၊ ၅၆ တို့ကို ပြေးဆွဲလျက်ရှိပြီး ထပ်မံ၍ ယာဉ်လိုင်းအသစ် တိုးချဲ့ပြေးဆွဲရန်လည်း ရှိနေသေးကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

■ J-06

## News In Brief

### ဂျပန်-မြန်မာ ဆွေးနွေးပွဲများ ပူးပေါင်းကျင်းပရန် MoU ရေးထိုးမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

ဂျပန်-မြန်မာ ဆွေးနွေးပွဲများနှင့် ကွန်ဖရင့်များ ပူးပေါင်းကျင်းပရန် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံအခြေစိုက် Japan Chamber of Commerce and Industry Myanmar (JCCM)တို့အကြား နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးမည်ဖြစ်ကြောင်း UMFCCI ထံမှ သိရသည်။

MoU ရေးထိုးပွဲကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့၌ ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်းပေါ်ရှိ Park Royal ဟိုတယ်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ယင်းပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီး H.E. Mr. Tateshi Higuchi ဦးဆောင်၍ ဂျပန်ကိုယ်စားလှယ်အဖွဲ့ဝင် ၁၅ ဦးခန့် တက်ရောက်မည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။ ■ S-04

### လူ့အခွင့်အရေးကာကွယ်ရေးဖိုရမ် ပြုလုပ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

လူ့အခွင့်အရေးကာကွယ်ရေးဖိုရမ် 'Human Rights Defender Forum' ကို ဖေဖော်ဝါရီ ၂၆ ရက်နေ့ မွန်းလွဲ ၂ နာရီ မှ ၄ နာရီခွဲအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ အလုံလမ်းပေါ်ရှိ Summit Parkview ဟိုတယ်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းပွဲစီစဉ်သူများထံမှ သိရသည်။

ယင်း HRD ပွဲ၌ လူ့အခွင့်အရေး ဆုံးရှုံးနေရမှုများကို အဓိကဆွေးနွေးသွားမည်ဖြစ်ပြီး အထူးသဖြင့် လက်နက်အသုံးပြု၍ တရားမဝင်သတ်ဖြတ်မှုများ၊ အားထုတ်မှုများ၊ တရားရုံးများ၏ ဆုံးဖြတ်ချက်ချမှုများ၊ ခြိမ်းခြောက်မှုများ၊ ထိန်းသိမ်းမှုများ၊ လူ့အခွင့်အရေးချိုးဖောက်နေမှုများအကြောင်းကို ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းတို့ထံမှ သိရသည်။ ■ S-04

# ထောက်ကြန့်စစ်သင်္ချိုင်း ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြန်ဖွင့်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

တစ်လကြာခေတ္တပိတ်ထားသည့် ရန်ကုန်မြို့ ထောက်ကြန့်စစ်သင်္ချိုင်းကို ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဓနသဟာယစစ်သချိုင်းများကော်မရှင်မှ မန်နေဂျာ ဦးသက်မွန်က ပြောကြားသည်။

ဓနသဟာယ စစ်သင်္ချိုင်းများကော်မရှင်က ထိန်းသိမ်းစောင့်ရှောက်ထားသည့် ထောက်ကြန့်စစ်သင်္ချိုင်း အဆောက်အအုံများကိုပညာရှင်များဖြင့် ပြင်ဆင်ပြီးစီးခဲ့သောကြောင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် ယခင်အတိုင်း လည်ပတ်ခွင့်ပြုမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ပြင်ဆင်ထိန်းသိမ်းသင့်တဲ့စစ်သင်္ချိုင်းတွေအတွက် ကော်မရှင်ရုံးချုပ်က ဘက်ဂျတ်ချပေးတယ်။ ရန်ကုန်မှာ စစ်သင်္ချိုင်း နှစ်ခုရှိတယ်။ အခုက ထောက်ကြန့်ရေိယာကို မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းတာပေါ့။ အားလုံးပြီးလို့ ဝင်ခွင့်ပြုတာပါ" ဟု ၎င်းက ဆိုသည်။

ထောက်ကြန့်စစ်သင်္ချိုင်းရှိအဆောက်အအုံများကို ၁၉၅၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး အမိုး ရေယိုစိမ့်မှုကြောင့် ပျက်စီးလာသဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီပထမအပတ်အတွင်း ပြင်ဆင်မှုကာလသတ်မှတ်ခဲ့ကာ အင်္ဂလန်နှင့်ဟောင်ကောင်နိုင်ငံရှိ ပညာရှင်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်မှုကုန်ကျစရိတ်ကို ကော်မရှင်အောက်ရှိ အာရှ - ပစိဖိတ်အဖွဲ့ဝင် ၃၉ နိုင်ငံထံမှ နိုင်ငံအလိုက်ရရှိသည့် ဘတ်ဂျက်ခွဲတမ်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ထောက်ကြန့်စစ်သင်္ချိုင်းအတွက် စတာလင်ပေါင် သုံးသောင်းခန့် အသုံးပြုပြင်ဆင်ခဲ့ကြောင်း၊ လာမည့်နှစ်တွင် ဘတ်ဂျက်ရရှိမှုပေါ်မူတည်၍ အဆောက်အအုံများကို ဆက်လက်ပြင်ဆင်မည်ဖြစ်ကြောင်း အဆိုပါကော်မရှင်ထံမှ သိရသည်။

အဆိုပါကော်မရှင်သည် အင်္ဂလန်နိုင်ငံတွင် အခြေစိုက်ရုံးဖွင့်လှစ်ထားပြီး ရန်ကုန်မြို့ရှိ ထောက်ကြန့် စစ်သင်္ချိုင်း၊ ပြည်လမ်း ဟံသာဝတီအဝိုင်းအနီးရှိ The Rangoon War Cemetery စစ်သင်္ချိုင်းနှင့် မွန်ပြည်နယ် သံဖြူဇရပ် စစ်သင်္ချိုင်း အပါအဝင် နိုင်ငံပေါင်း ၁၅၃ ခုရှိသင်္ချိုင်းပေါင်း နှစ်သောင်းခွဲခန့်ကို ထိန်းသိမ်းစောင့်ရှောက်နေသောအဖွဲ့အစည်း ဖြစ်သည်။

"စစ်သင်္ချိုင်းကို အင်္ဂလိပ်လူမျိုးတွေက ဂုဏ်ယူစရာနယ်မြေတစ်ခုလို့ သတ်မှတ်ကြတယ်။ အခုချိန်အထိ နိုင်ငံအများစုမှာရှိတဲ့ စစ်သင်္ချိုင်းတွေကို ဘတ်ဂျက်သန်းချီသုံးပြီးတော့ ထိန်းသိမ်းနေတာပဲ" ဟု သမိုင်းသုတေသီပညာရှင်တစ်ဦးက မှတ်ချက်ပြုသည်။

ထောက်ကြန့်စစ်သင်္ချိုင်းကို ၁၉၅၁ ခုနှစ်တွင် စတင်ဖွင့်ခဲ့ခြင်းဖြစ်ပြီး မြေဧရိယာ ၁၆ဧက ကျယ်ဝန်းကာ ဗြိတိသျှစစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့သော နိုင်ငံအသီးသီးရှိ စစ်သားများနှင့်အင်္ဂလိပ်စစ်သားများကို ဂုဏ်ပြုဖော်ဆောင်ထားခြင်းဖြစ်ပြီး အုတ်ဂူပေါင်း ၆၄၇၂ ဆိုပြီး အဆောက်အအုံများအတွင်းရှိ ကော်လံတိုင်များတွင်မှ ဂုဏ်ပြု ကမ္ပည်းရေးထိုးခံရသူ ၂၇၀၀၀ ခန့် ရှိကြောင်း ဓနသဟာယစစ်သင်္ချိုင်းများကော်မရှင်ထံမှ သိရသည်။ ■ J-17

## News Photo




တိုက်ကြီးမြို့နယ် မြို့လယ်လမ်းနှင့် ဘုရားလေးလမ်းထောင့်တွင် ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ကို ဖေဖော်ဝါရီလ ၁၃ ရက် (ဗိုလ်ချုပ်မွေးနေ့) နံနက်ကဖွင့်လှစ်ခဲ့ရာ ရန်ကုန်တိုင်း စည်ပင်ဝန်ကြီး ဦးမောင်မောင်စိုး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့သည်။

ဗိုလ်ချုပ်ကြေးရုပ်မှာ ၁၉ ပေကျော်မြင့်ကာ ပိဿာချိန် ၁၀၀၀ ခန့်ရှိပြီး ကျပ်သိန်း ၆၅၀အသုံးပြုကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်မြင်းစီးကြေးရုပ်ဖြစ်မြောက်ရေးဥက္ကဋ္ဌ ဦးဆန်းညွှန့်က ပြောသည်။

# ဆန်စျေး ဆက်တိုက်တက်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃

ယခုလအတွင်း ရန်ကုန်သို့ဆန်အဝင် လျော့နည်းနေသည်မှာ ကြာမြင့်နေခြင်းကြောင့် ဆန်စျေးနှုန်းများ ဆက်တိုက်မြင့်တက်ကြောင်း ဘုရင့်နောင်နှင့် ဝါးတန်း ဆန်ကုန်စည်စျေးကွက်အတွင်းမှ သိရသည်။

ထို့ကြောင့် နှစ်ပတ်အတွင်း ဆန်အချောနှင့် အကြမ်းများအပါအဝင် ဆန်ကွဲ စျေးနှုန်းများသည် မူလစျေးထက် တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၂၀၀၀ မှ အမြင့်ဆုံး ကျပ် ၇၀၀၀ ခန့်အထိ မြင့်တက်လျက်ရှိပြီး ယခု ဖေဖော်ဝါရီ ဒုတိယပတ်ရက်ပိုင်း အတွင်း တစ်အိတ်လျှင် ကျပ် ၁၀၀၀ မှ ၄၀၀၀ အထိမြင့်တက်လျက်ရှိကြောင်း ယင်း ဆန်စျေးကွက်အတွင်းမှ သိရသည်။

"အခုကက ရန်ကုန်ကို ဆန်အဝင်နည်းတာရယ်၊ Exporter (ပို့ကုန်လုပ်ငန်းရှင်) တွေက မဖြစ်မနေပို့ရမှာတွေ ရှိနေတဲ့အတွက် အဝယ်များနေတာရယ်ကြောင့်ပါ" ဟု ဆန်ကုန်သည် ဦးအောင်မြင့်က ရှင်းပြပြောဆိုသည်။

ထိုသို့ပြည်ပတင်ပို့သူများက လက်ရှိစျေးဖြင့် ဝယ်ယူ၍ ပြည်ပပို့နေရသော်လည်း ပြည်တွင်းစျေးမှာ ပြည်ပပေါက်စျေးထက် မြင့်မားနေသည့်အတွက် စျေးမကိုက်ခြင်းကြောင့် ပြည်ပပို့သမားများ အခက်အခဲဖြစ်ပေါ်နေကြောင်း ၎င်းကဆိုသည်။

ဖေဖော်ဝါရီလပထမအတွင်းထိ ရန်ကုန်ဆန်စျေးကွက်အတွင်းသို့ နယ်ဒေသများမှ တစ်ရက်လျှင် ဆန်အိတ်ရေ ရှစ်သောင်းမှ တစ်သိန်းခန့်အထိ ပုံမှန်ဝင်ရောက်ခဲ့သော်လည်း ဒုတိယအပတ်အစပိုင်းရက်များမှစ၍ အဝင်လျော့နည်းလာခဲ့ပြီး ဆန်စျေးမြင့်တက်ခြင်းကို ရင်ဆိုင်လာရခြင်းဖြစ်ကြောင်း၊ သို့သော် မတ်လအတွင်း ဆန်သစ်များ ထွက်ပေါ်လာမည်ဖြစ်ရာ ဆန်စျေးပြန်ကျသွားနိုင်ကြောင်း ဆန်ကုန်သည်များက ပြောကြားသည်။

လက်ရှိဆန်စျေးကွက်အတွင်း ရွှေဘိုပေါ်ဆန်း(သစ်)တစ်အိတ်လျှင် ယခင်က ကျပ် ၄၃၀၀၀/၄၆၀၀၀ ခန့်မှ ယခုအခါ ကျပ် ၅၀၀၀၀/၅၂၀၀၀ သို့လည်းကောင်း၊ ပေါ်ဆန်းရှယ်(သစ်)တစ်အိတ်လျှင် ယခင်က ကျပ် ၂၈၀၀၀/၃၂၀၀၀ မှ ယခုအခါ ၃၁၀၀၀/၃၄၀၀၀ သို့လည်းကောင်း၊ ကြားပျံရှယ်(သစ်)တစ်အိတ်လျှင် ယခင်က ကျပ် ၃၄၀၀၀/၃၅၀၀၀ မှ ယခုအခါ ၃၅၀၀၀/၃၆၀၀၀ သို့လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်(သစ်)တစ်အိတ်လျှင် ယခင်က ကျပ် ၁၉၂၀၀/၁၉၅၀၀ မှ ယခုအခါ ၂၀၅၀၀/၂၁၀၀၀ သို့လည်းကောင်း၊ နွေသီးထပ်ရှယ်တစ်အိတ်လျှင် ယခင်က ကျပ် ၂၅၀၀၀/၂၅၅၀၀ မှ ယခုအခါ ကျပ် ၂၆၀၀၀/၂၆၅၀၀ သို့လည်းကောင်း၊ ဧည့်မထဆန်ကွဲ(၁၊ ၂)တစ်အိတ်လျှင် ယခင်က ကျပ် ၁၆၀၀၀/၁၆၇၀၀ မှ ယခုအခါ ၁၇၀၀၀/၁၈၀၀၀ သို့လည်းကောင်း၊ ပေါ်ဆန်းဆန်ကွဲ တစ်အိတ်လျှင် ယခင်က ကျပ် ၁၆၅၀၀/၁၇၅၀၀ မှ ယခုအခါ ၁၈၀၀၀/၁၉၀၀၀ သို့လည်းကောင်း စျေးနှုန်းများမြင့်တက်ကြောင်း ဆန်စျေးကွက်အတွင်းမှ သိရ သည်။ ■ S-04



ဓာတ်ပုံ - အောင်နိုင်

# ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၄၈ ဘီလီယံကျော်လိုအပ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃

ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၈ ဘီလီယံကျော် လိုအပ်နေကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာ မျိုးငြိမ်းအေးက ပြောကြားသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုများသည် ၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ လိုအပ်နေခြင်းဖြစ်ပြီး ယင်းပမာဏအတိုင်း ရင်းနှီးမြှုပ်နှံမှု ရရှိမည်ဆိုပါက ပို့ဆောင်ရေးအတွက်သုံးရသည့် ကုန်ကျစရိတ်ကို ၃၀ ရာခိုင်နှုန်းလျှော့ချနိုင်မည်ဖြစ်ကာ လူပေါင်း ၁၀ သန်းနီးပါးမှာ အခြေခံလမ်းအသုံးပြုမှု ရရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတွေကို အစိုးရပိုင်းက ဖွင့်ပေးထားတဲ့အတွက် နောက်ပိုင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေလည်း တိုးလာမယ်။ လုပ်စရာကဏ္ဍတွေလည်း တိုးလာမယ်ထင်ပါတယ်။ အဲဒါကြောင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုပွဲတွေမှာ အစိုးရကတော့ ဒါတွေလုပ်နေတယ်။ ရင်းနှီးမြှုပ်နှံမှုတွေ လိုတယ်ဆိုတာ သွားပြီးရှင်းပြတာတွေ လုပ်ပါတယ်" ဟု ၎င်းကဆိုသည်။

ပို့ဆောင်ရေးကဏ္ဍတစ်ခုလုံးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းပေါင်း ၁၄၂ ခုရှိပြီး ကဏ္ဍအားလုံးအနက် ရေကြောင်းပို့ဆောင်ရေးမှာ ဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်နေသည့်အတွက် ရန်ကုန်ဆိပ်ကမ်းတစ်ခုတင်မကဘဲ အခြားသောပြည်နယ်များရှိ ဆိပ်ကမ်းများလည်း အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းဖြစ်စေရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံခြားကုမ္ပဏီ ၅၄ ခု ဝင်ရောက်ရင်းနှီးမြှုပ်နှံထားပြီး အမေရိကန်ဒေါ်လာ သန်းရှစ်ထောင်ကျော်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းများအရ သိရသည်။

လက်ရှိတွင် ဂျပန်၊ တရုတ်နှင့် ကိုရီးယားနိုင်ငံတို့က ပို့ဆောင်ရေးကဏ္ဍတွင် အများဆုံးရင်းနှီးမြှုပ်နှံနေကြောင်း ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■ J-13

## NEWS IN BRIEF

### စီးပွားရေး ဆွေးနွေးပွဲပြုလုပ်မည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃

ကောင်းမွန်သော စီးပွားရေးရပ်ဝန်းနှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းများ ဆိုသည့်ခေါင်းစဉ်ဖြင့် စီးပွားရေးဟောပြောဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီခွဲအထိ ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းပေါ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

အဆိုပါစီးပွားရေးဆွေးနွေးပွဲကို လတ်တလော စီးပွားရေး၌ အောင်မြင်မှုရရှိနေသူများဖြစ်သည့် ဦးဖိလစ်မောင်၊ ဦးဝေဖြိုး၊ ဦးမြင့်ဇော်နှင့် ဦးရဲမင်းအောင်တို့က ဟောပြောဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

၂၀၁၈ ခုနှစ်အတွက် စီးပွားရေးလုပ်ကိုင်ရန်လွယ်ကူမှုညွှန်းကိန်းတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ အနက် မြန်မာနိုင်ငံသည် အဆင့် ၁၇၁ ၌ ရပ်တည်နေသည်။ ■ S-04

## ဖေဖော်ဝါရီ ၁၃ ရက်နေ့ စတော့အိတ်ချိန်း စျေးကွက်အခြေအနေ

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 12000 | 12000 | 12000 | - | 526 | 6,312,000 |
| MTSH | 2950 | 2950 | 2900 | -50 | 6912 | 20,175,400 |
| MCB | 8000 | 8000 | 8000 | - | 0 | 0 |
| FPB | 27000 | 27000 | 26500 | -500 | 473 | 12,534,500 |
| TMH | 3050 | 3000 | 3000 | - | 159 | 477,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — Source: KBZ Bank

| 13.2.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်စျေး(ကျပ်) | ၁၃၂၂ | ၁၆၀၅ | ၉၉၄ |
| ရောင်းစျေး(ကျပ်) | ၁၃၂၇ | ၁၆၁၅ | ၁၀၀၀ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 13.2.2017 | ရွှေစျေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၉၃၈,၅၀၀ (ဖွင့်) | ၉၃၇,၀၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၃၁၆ (ဖွင့်) | ၁၃၁၃ (ပိတ်) |

# ရိုက်တာသတင်းထောက်နှစ်ဦး၏အမှု တရားလို ထွက်ဆိုချက်အတိုင်း ဖော်ပြမှုမရှိဟုဆိုကာ 7 Day ဂျာနယ်ကို ကောင်စီထံ တိုင်ကြားစာပို့

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃

ဖမ်းဆီးခံရသည့် ရိုက်တာသတင်းထောက်နှစ်ဦးအမှု ရုံးချိန်းကိုဖော်ပြရာတွင် တရားလိုဖြစ်သူ ဒုတိယ ရဲမှူးကြီး ယုနိုင်၏ တရားရုံးတွင် ထွက်ဆိုချက်အတိုင်း ရေးသားဖော်ပြခြင်းမရှိဘဲ သတင်းရေးသားသူ၏ ထင်မြင်ချက်၊ အာဘော်အတိုင်း ရေးသားထားသည်ဟုဆိုကာ 7 Day ဂျာနယ်ကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က မြန်မာနိုင်ငံ သတင်း မီဒီယာကောင်စီထံ တိုင်ကြားစာပေးလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ကိုယ်စား ဒုတိယ ရဲမှူးကြီးမြင့်ထွေးက လက်မှတ်ရေးထိုး၍ ဖေဖော်ဝါရီ ၉ ရက်နေ့ ရက်စွဲဖြင့် ပေးပို့သော တိုင်ကြားစာတွင် မြောက်ပိုင်းခရိုင်တရားရုံးတွင် ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်သော တရားခွင်တွင် တရားလို ဒုတိယ ရဲမှူးကြီး ယုနိုင်က ရိုက်တာသတင်းထောက်နှစ်ဦးကို မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ ပုဒ်မ ၃(၁)(ဂ) ဖြင့် တရားစွဲဆိုရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်စွဲပါ စာအမှတ် ၁၀၂(၁)/၈/ သမ္မတရုံးမှ (ပုံ)မြင့်ဆွေ ခေတ္တ နိုင်ငံတော် သမ္မတ၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ အမိန့်အရ သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ကျော်ကျော်ဟန်က လက်မှတ်ရေးထိုး၍ ၎င်း၏အမည်ဖြင့် ယင်းအမှုကို တရားစွဲဆိုနိုင်ရန် အခွင့်အာဏာ အပ်နှင်းခဲ့ကြောင်း ရုံးတော်ရှေ့တွင် ထွက်ဆိုခဲ့သော်လည်း 7 Day ဂျာနယ်တွင် ရိုက်တာသတင်းထောက် ကိုဝလုံးနှင့် ကိုကျော်စိုးဦးတို့ကို နိုင်ငံတော်လျှို့ဝှက်ချက် ဥပဒေဖြင့် တရားစွဲဆိုရန် အဆိုပါ ရက်ပိုင်းတွင် ခေတ္တသမ္မတအဖြစ် တာဝန်ထမ်းဆောင်နေသော ဒုသမ္မတ(၁) ဦးမြင့်ဆွေ၏ ခွင့်ပြုချက်ဖြင့် တရားစွဲဆိုခြင်းဖြစ်ကြောင်း တရားလိုဖြစ်သူ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ယုနိုင်က တရားရုံးတွင် ထွက်ဆိုခဲ့သည်ဟု ရေးသားဖော်ပြခဲ့ကြောင်း၊ ယင်းအပြင် တရားရုံးရှေ့ ထွက်ဆိုချက်တွင် ဒုရဲမှူး မိုးရန်နိုင်နှင့် ရဲတပ်ကြပ်ကြီး ခင်မောင်လင်းတို့ကို ဒုရဲမှူးကြီး ယုနိုင်က ကျွန်တော်တို့ အဖွဲ့နှင့် ကျွန်တော့်ခရိုင်အတွင်း အရေးယူထားခြင်း မရှိကြောင်း ထွက်ဆိုခဲ့သော်လည်း 7 Day ဂျာနယ်က ဖော်ပြရာတွင် ဒုရဲမှူး မိုးရန်နိုင်နှင့် ရဲတပ်ကြပ်ကြီး ခင်မောင်လင်းတို့ကို မြောက်ပိုင်းခရိုင်အတွင်း ဖမ်းဆီးအရေးယူထားခြင်းမရှိကြောင်း တရားလိုဖြစ်သူက ထွက်ဆိုသည်ဟု ဖော်ပြထားသည်။ စွပ်စွဲခံရသူ သတင်းထောက် နှစ်ဦးမှာ သတင်းလုပ်ငန်းကို ကျင့်ဝတ်နှင့်အညီ လုပ်ကိုင်ကြသော သတင်းထောက်များဖြစ်သည်ကို သိသလားဟု မေးမြန်းသည်ကို ဒုရဲမှူးကြီး ယုနိုင်က သတင်းမီဒီယာ ဥပဒေအတိုင်း ဆောင်ရွက်သည်ဆိုတာကိုတော့ သိပါသည်ဟု ထွက်ဆိုချက်တွင် 7 Day ဂျာနယ်၌ ဖော်ပြရာတွင် ရိုက်တာသတင်းထောက်နှစ်ဦးတို့သည် သတင်းမီဒီယာဥပဒေအတိုင်း ဆောင်ရွက်ခဲ့သည်ကို သိထားပြီး ၎င်းတို့ကို နိုင်ငံတော်လျှို့ဝှက်ချက်များ ဥပဒေဖြင့် တရားစွဲဆိုရန် ထိုစဉ်က ခေတ္တသမ္မတအဖြစ် တာဝန်ထမ်းဆောင်ရသော ဒုသမ္မတ(၁)ဦးမြင့်ဆွေက ခွင့်ပြုခဲ့ခြင်း ဖြစ်သည်ဟု တရားလိုက ထွက်ဆိုခဲ့သည်ဟု ဖော်ပြထားကြောင်း တိုင်ကြားစာတွင် ဖော်ပြသည်။

ဖမ်းဆီးခံရသည့် ရိုက်တာ သတင်းထောက်နှစ်ဦးထံမှ သိမ်းဆည်းရမိသည့် ပစ္စည်းများနှင့် ပတ်သက်၍ တရားလိုဖြစ်သူ၏ ရုံးတော်တွင် ထွက်ဆိုချက်နှင့် သတင်းတွင် ဖော်ပြချက်များမှာ ကွဲလွဲမှုများ ရှိနေကြောင်း၊ ဒုရဲမှူးကြီးယုနိုင်၏ ထွက်ဆိုချက်အပေါ် ယခုအမှုနှင့် စပ်လျဉ်း၍ ဥပဒေပါ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်သမ္မတ၏ အခွင့်အာဏာ အပ်နှင်း၍ တရားလို ပြုလုပ်ရသည်ဟု သဘော မသက်ရောက်ဘဲ ဒုသမ္မတ(၁) ဦးမြင့်ဆွေ၏ ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုခဲ့ရသည်ဟု စာရေးသူ၏ ထင်မြင်ချက်အာဘော်အတိုင်း ဖော်ပြရေးသားခြင်းကြောင့် နိုင်ငံတော်အကြီးအကဲနှင့် ရဲတပ်ဖွဲ့အပေါ် ထင်မြင်လွဲမှားမှုများ ရှိစေနိုင်သည့်အပြင် ဂုဏ်သိက္ခာ ထိခိုက်သော အရေးအသားမျိုး ဖော်ပြခဲ့သဖြင့် သတင်းမီဒီယာဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ (ဆ)အရ ငြိစွန်းကြောင်း စိစစ်တွေ့ရှိရသဖြင့် 7 Day ဂျာနယ်မှ တာဝန်ရှိသူကို အရေးယူပေးပါရန် သတင်းမီဒီယာကောင်စီထံသို့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ကိုယ်စား လက်မှတ်ရေးထိုးထားသည့် ဒုတိယ ရဲမှူးကြီး မြင့်ထွေး၏ တိုင်ကြားစာကို သတင်းမီဒီယာကောင်စီထံသို့ ပေးပို့ခဲ့သည်။

"စာက ဒီနေ့မှ ရတာဆိုတော့ 7 Day ဘက်ကို အကြောင်းမကြားရသေးဘူး။ ကြာသပတေးနေ့တိုင်း ကောင်စီမှာ ကွန်ပလိန်း အစည်းအဝေးလုပ်တယ်။ အဲအစည်းအဝေးကျရင် ဒီကိစ္စအပေါ်မှာ ၉(ဆ)နဲ့ တကယ် ငြိ၊ မငြိ စိစစ်မယ်။ နှစ်ဖက် ညှိနှိုင်းဆောင်ရွက်ပေးမယ်။ ဒါက အစ်ကိုတို့ရဲ့ လုပ်ထုံးလုပ်နည်းလေ" ဟု မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တွဲဖက်အတွင်းရေးမှူး ကိုကျော်စွာမင်းက ပြောကြားသည်။

ယင်းတိုင်ကြားခံရမှုနှင့် ပတ်သက်ပြီး The Voice Daily သတင်းစာက 7 Day ဂျာနယ် အယ်ဒီတာချုပ် ကိုအားမာန်၏ လက်ကိုင်ဖုန်းနံပါတ်ထံ အကြိမ်ကြိမ် ခေါ်ဆိုခဲ့သော်လည်း ခေါ်ဆို၍မရပေ။

ရိုက်တာ သတင်းထောက်နှစ်ဦး၏ သတင်းဖော်ပြမှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့၏ တိုင်ကြားမှုမှာ စကားလုံး အကျအနကောက်၍ အပြစ်ရှာသည့် သဘောသာဖြစ်ပြီး သတင်းမီဒီယာကောင်စီ အနေနှင့် အရေးယူရန် မသင့်ဟု ရဲတပ်ဖွဲ့ထံ ပြန်ကြားသင့်ကြောင်း စာနယ်ဇင်းကောဇီဝင်ဟောင်းတစ်ဦးက ပြောကြားသည်။

တိုင်ကြားစာနှင့်ပတ်သက်၍မော်ကွန်း မဂ္ဂဇင်း အယ်ဒီတာချုပ် ကိုဇေယျာလှိုင်က "သတင်းစာပညာအရဆိုရင် အစိုးရ ထုတ်ပြန်ချက်ကို ကျွန်တော်တို့တွေက ဤသည်မရွေး ရေးသားဖော်ပြရမယ်လို့ မပါဘူးဗျ။ အချက်အလက် မမှားယွင်းအောင် ရေးသားဖို့ပဲ ပါတယ်။ ဒါပေမဲ့ ပြဿနာက ဒီမှာက နှစ်ပေါင်း ၅၀ လောက် အစိုးရသတင်းမီဒီယာက ကြီးစိုးလာခဲ့တာ။ အစိုးရသတင်းမီဒီယာဆိုတာလည်း အစိုးရရဲ့ ထုတ်ပြန်ချက်ပဲ ရေးသားဖော်ပြတာလေ။ ဤသည် မရွေး နိုင်ငံပိုင်သတင်းစာတွေက ထုတ်ပြန်ချက်တွေ ဖော်ပြခဲ့တာရှိတော့ သတင်းမှာ တိကျမှုတွေ တစ်ထပ်တည်း ရှိနေရမယ်လို့ အယူလွဲခဲ့တာတွေလည်း ရှိခဲ့တယ်။ အဓိက သတင်းအချက်အလက် မမှားဖို့ပဲ လိုတယ်။ အချက်အလက်အရ သူ့ဆိုလိုရင်းကိုမမှားယွင်းဘူးဆိုရင် သတင်းစာပညာအရ ပြဿနာ မရှိဘူး၊ သူ့ဆိုလိုရင်းရဲ့ အနက်အဓိပ္ပာယ်ကို လွဲသွားပြီဆိုရင်တော့ သတင်းဌာနဘက်က တာဝန်ယူရလိမ့်မယ်" ဟု ၎င်း၏ အမြင်ကို သုံးသပ်ပြောကြားသည်။ ■ S-03



# မြောက်ဦးအုပ်ချုပ်ရေးမှူးဟောင်း အသတ်ခံရမှုမှ ဖမ်းဆီးထားသူများကို အင်းစိန်ထောင်ပို့

ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးဟောင်း ဦးဘိုဘိုမင်းသိုက်အသတ်ခံရမှုမှ ပူးပေါင်းပါဝင်သည်ဟုဆိုကာ ဖမ်းဆီးခံထားရသော ဦးကျော်မြင့်အပါအဝင် မိသားစုဝင်လေးဦးကို ရဲလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ကျန်ရှိနေသည်ဟုဆိုကာ မရမ်းကုန်းမြို့နယ်တရားရုံးတွင် ဖေဖော်ဝါရီလ ၁၃ ရက် နံနက် ၁၁ နာရီခွဲခန့်က ချုပ်ရမန်ယူပြီး အင်းစိန်ထောင်ပို့ဆောင်လိုက်သည်။

ချုပ်ရမန်ယူပြီး အင်းစိန်ထောင်ပို့ဆောင်ခဲ့သူများမှာ တိန်ညိုကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်း ဦးကျော်မြင့်(ခ) ခိုင်ကျော်၊ ၎င်း၏ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ သားဖြစ်သူ မင်းသန်းထိုက်နှင့် ချွေးမဖြစ်သူ မခိုင်ဇာလှိုင်တို့ဖြစ်သည်။ ယနေ့ရုံးထုတ်ရာတွင် အရပ်ဝတ်ရဲတပ်ဖွဲ့ဝင် ၁၀ ဦးခန့်က မြို့နယ်တရားရုံးသို့ ခေါ်ဆောင်လာပြီး ရမန်ယူရာ မရမ်းကုန်းမြို့နယ် တွဲဖက်တရား သူကြီး(၃)က ရမန်နှင့်ပတ်သက်၍ ရှင်းပြကာ လိုအပ်ချက် ရှိ မရှိ မေးမြန်းပြီး ဖေဖော်ဝါရီလ ၂၇ ရက်ထိ အင်းစိန်ထောင်တွင် ချုပ်နှောင်ထားရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

"အရင်အကြိမ်တွေက ယူတဲ့ရမန်က ခရီးသွားရမန်ပါ။ အခုယူတာက ချုပ်ရမန်ယူလိုက်တာ။ အင်းစိန်ထောင်မှာ ထားပြီး စစ်ဆေးနိုင်ဖို့ တရားရုံးက ခွင့်ပြုလိုက်တယ်"ဟု ရုံးထုတ်ရာတွင် ပါဝင်သောရဲအရာရှိတစ်ဦးက ရှင်းပြသည်။

၎င်းတို့မိသားစုဝင်လေးဦးကို မရမ်းကုန်းမြို့နယ်နှင့် သန်လျင်မြို့နယ်များတွင် ဇန်နဝါရီလ ၃၁ ရက်နေ့က ဖမ်းမိ ချိန်၌ မော်တော်ယာဉ်နှစ်စီး၊ ငွေကျပ် သိန်း ၅၀ ကျော်၊ ၉ မမ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ၉မမ ကျည် ၉ တောင့်၊ ငွေကျပ် သိန်း ၅၀၀၀ ကျော် ထည့်ထားသည့် ဘဏ်ငွေစု စာအုပ်တို့ကို သိမ်းဆည်းရမိခဲ့ပြီး တရားမဝင် လက်နက်ကိုင်ဆောင်မှုဖြင့် အရေးယူနိုင်ရန် စီစဉ်နေကြောင်း၊ ဖမ်းဆီးခံရသူ တိန်ညိုကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်းဦးကျော်မြင့်မှာ ရခိုင်လက်နက်ကိုင်တပ်ဖွဲ့ AA( Arakan Army) အဖွဲ့က ဦးဘိုဘိုမင်းသိုက်ကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့ရာတွင် ပါဝင်ခဲ့သူဖြစ်ကြောင်း၊ ထို့အပြင် ရှမ်းပြည်နယ်မှ ဘူးသီးတောင်သို့ WY စိတ်ကြွ ဆေးပြား ၄၄ သန်းကို ကိုးကြိမ်သယ်ဆောင် ရောင်းဝယ်မှုရှိခဲ့ပြီး ရရှိသည့်ငွေဖြင့် AA အဖွဲ့အတွက် လက်နက်ခဲယမ်းများ ဝယ်ယူစုဆောင်းပေးခဲ့သူဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ဦးဘိုဘိုမင်းသိုက် အသတ်ခံရမှုနှင့်ပတ်သက်၍ ၎င်းတို့မိသားစုဝင်လေးဦးအပြင် တိန်ညိုကျေးရွာမှ AA နှင့် ဆက်နွယ်နေသူဟုဆိုသော ရွာသားသုံးဦးတို့ကိုပါ ဖမ်းဆီးထားပြီး ပုဏ္ဏားကျွန်းမြို့မရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၀၂/၄၄၀/၁၁၄ တို့အပြင် မတရားအသင်း အက်ဥပဒေ ပုဒ်မဖြင့် အမှုဖွင့်ဆောင်ရွက်ထားကာ ပူးပေါင်းပါဝင်သူများကိုဆက်လက်စုံစမ်းဖော်ထုတ်နေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ J 16

မိဘမေတ္တာ (Gas)

တရားရေးနာမည်ပေး
ရှေ့နေကြီးရှေ့တော်ဝင်း (L.L.B)
Ph: 01-394727, 01-399426

နံပါတ်ပြားပျောက်ဆုံးခြင်း
8M/1179

# ဓာတ်ငွေ့လျှပ်စစ်စီမံကိန်းတွေက မြစ်သံလွင်ကို ရှင်သန်ခွင့်ပေးနိုင်မလား

## ဇေဝင်းနောင်ဘာသာပြန်သည်

သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံကြီး လေးရုံတည်ဆောက်မည်ဆိုသော ကြေညာချက်သည် နဂိုနေမပျက်သေးသည့် သံလွင်မြစ်၏ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးစေသည့်ရေအားလျှပ်စစ်ထုတ်လုပ်ရေးဆည်ကြီးများဘေးမှကာကွယ်ပေးနိုင်မည်လော။

မြန်မာနှင့်ထိုင်းတို့သည် အကြီးစားသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကြီးများ တည်ဆောက်မည့်စီမံကိန်းများကို ကြေညာခဲ့ကြသလိုပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်တို့ကို သုံးစွဲရေးပိုမိုအားထုတ်လုပ်ဆောင်မည့် အစီအစဉ်များကို ကြေညာခဲ့ကြသည်။ အဆိုပါသတင်းများသည် မြန်မာနိုင်ငံမြောက်ပိုင်းရှိ အဓိကမြစ်ကြီးများပေါ်တွင် ရေအမဆည်ကြီးများ တည်ဆောက်မည့်ရန်မှကာကွယ်ရန်ကြိုးပမ်းနေကြသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများအတွက် အောင်ပွဲခံရာဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံမှ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သောအစိုးရသည် လာမည့်သုံးနှစ်အတွင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံလေးရုံ တည်ဆောက်ခြင်းဖြင့် တိုင်းပြည်၏နာတာရှည်ဓာတ်အားပြတ်တောက်မှုကို ကိုင်တွယ်ရန် ရည်ရွယ်လျက်ရှိသည်။

ရခိုင်ပြည် ပြည်နယ်အနောက်ပိုင်းနှင့်စီးပွားရေးမြို့တော်ရန်ကုန်တွင်တည်ရှိမည့် အဆိုပါစက်ရုံများသည် တိုင်းပြည်၏ လက်ရှိဓာတ်အားထုတ်လုပ်နိုင်စွမ်း ၃၀၀၀ မဂ္ဂါဝပ်ဝန်းကျင်မှ နှစ်ဆတိုးလာစေမည်ဖြစ်သည်ဟု လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။ စက်ရုံများ၏စုစုပေါင်း ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံရှိမည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်နိုင်ခြင်းမရှိသေးသော ကျေးလက်ဒေသများတွင်လည်း mini-grid ဓာတ်အားလိုင်းငယ်များထူထောင်ရန် စီစဉ်ထားသည်။ ပြီးခဲ့သည့်နှစ်က မကွေးတိုင်းဒေသကြီးအစိုးရသည် အိမ်ထောင်စု ၈၀၀၀ ခန့်ကို ဓာတ်အားပေးနိုင်သော အသေးစားဓာတ်အားလိုင်းတစ်ခုတည်ဆောက်ရန် ပြင်သစ်ကုမ္ပဏီ EDF နှင့်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထိုအတောအတွင်း ထိုင်းနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကြီးဖြစ်သော PTT သည်လည်း နိုင်ငံပိုင် ထိုင်းနိုင်ငံ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအာဏာပိုင်အဖွဲ့ (EGAT) နှင့်ပူးပေါင်း၍ စွမ်းအင်နှင့် ဓာတ်ငွေ့လုပ်ငန်းများဆောင်ရွက်သွားမည်ဟု ကြေညာခဲ့သည်။ ကမ္ဘာ့တစ်ဝန်းမှလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းကို လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်နေစေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်သိုလှောင်ရေးနယ်ပယ်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ကနဦးစီမံကိန်းများတွင် မလေးရှား-ထိုင်းပူးတွဲဖွံ့ဖြိုးရေးဇရိယာတွင် သဘာဝဓာတ်ငွေ့ရည်လက်ခံသည့် သိုလှောင်ဖြန့်ဖြူးရေးစခန်းတစ်ခုနှင့် ဓာတ်ငွေ့အဖြစ် ပြန်လည်ပြောင်းလဲသော ရေပေါ်ယူနစ်တစ်ခုတို့ပါဝင်သည်။ ယင်းအသုံးဝန်ဆောင်မှုလုပ်ငန်းနှစ်ခုစလုံးသည်မြန်မာနိုင်ငံတွင် ဓာတ်အားပေးစက်ရုံဖွံ့ဖြိုးရေးကို ရည်ရွယ်ထားခြင်းဖြစ်သည်။


ဓာတ်ပုံ-Actions for Sham

သံလွင်မြစ်၏ အကြီးဆုံးနှမ်ပန် (ပန်) မြစ်လက်တက်ရှိ ကျွန်းတစ်ထောင်ဒေသဇရိယာ

ယင်းသတင်းမှာ သံလွင်မြစ်ပေါ်တွင်ဆည်ကြီးများ တည်ဆောက်မည့်အစီအစဉ်ကိုနှစ်များစွာကန့်ကွက်လာခဲ့ကြသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများနှင့် မြန်မာနိုင်ငံအရှေ့ပိုင်းရှမ်းပြည်နယ်မှဒေသခံများအတွက် ကောင်းသတင်းဟုဆိုနိုင်သည်။

ထို့ပြင်အငြင်းပွားစရာ အကောင်းဆုံးစီမံကိန်းများအနက်မှတစ်ခုဖြစ်သော မောင်တုံဆည် (မြန်မာနိုင်ငံတွင် တာဆန်းဆည်ဟုခေါ်သည်) ကို ပြန်လည်ပုံစံရေးဆွဲရန် မြန်မာတာဝန်ရှိသူများကပြောကြားထားကြောင်း EGAT နှင့်အခြားပါဝင်သည့်ကုမ္ပဏီများက အတည်ပြုထားသည်။ ရှမ်းပြည်နယ်အတွင်း မှမပျက်မစီးတည်ရှိနေသေးသော ကျွန်းတစ်ထောင်ဇရိယာကိုရေလွှမ်းသွားစေနိုင်သောရေအမဆည်ကြီး တည်ဆောက်မည့် ကနဦးအစီအစဉ်ကို ပြန်လည်ပြင်ဆင်ရေးဆွဲသင့်ပြီး နှစ်ပိုင်းပိုင်းသင့်ကြောင်း မြန်မာအစိုးရဘက်က အသိပေးထားသည်ဟုဆိုသည်။

သံလွင်မြစ်ပေါ်တွင် ဆည်များတည်ဆောက်ရေးမှာ ရှောင်လွှဲ၍မရသည့်ကိစ္စဟု ဒေါ်အောင်ဆန်းစုကြည်အစိုးရအဖွဲ့အတွင်းမှ ဝန်ကြီးတစ်ဦးက ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း ပြောကြားခဲ့ဖူးသည်။ သို့သော်လည်း လူမှုရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြီးစားသက်ရောက်မှုများ ရှိနိုင်သော ရေအမစီမံကိန်းကြီးများသည် ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးလက်မှတ်မထိုးရသေးသည့် အဓိကတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဆက်ဆံရေးကို ပိုမိုဆိုးရွားစေလာနိုင်သည်ဆိုသည့်အချက်ကို ယခုအခါ မြန်မာအစိုးရက အသိအမှတ်ပြုလာပုံရသည်။

ရှမ်းတိုင်းရင်းသား အခွင့်အရေးလှုပ်ရှားသူများနှင့် အခြားတိုင်းရင်းသားအဖွဲ့များကလည်း ငြိမ်းချမ်းရေးမရမချင်း ၎င်းတို့ဒေသများတွင် ရေအမစီမံကိန်းကြီးများ ရှေ့မဆက်သင့်ကြောင်း တိုက်တွန်းထားကြသည်။

### ပိုကောင်းသောစီမံကိန်းများကို မျှော်လင့်ခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေး အားပေးလှုံ့ဆော်သော ကမ္ဘာ့ဘဏ်၏ အဖွဲ့ခွဲတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) သည် မြန်မာနိုင်ငံ၏ အဓိကမြစ်ဝှမ်းရှစ်ခုနှင့် အဓိကမြစ်ကြီးများနှင့် မြစ်လက်တက်များတွင် တည်ဆောက်ရန်အဆိုပြုထားသော ရေအားလျှပ်စစ်စီမံကိန်းများကို ၂၀၁၆ ခုနှစ် နှောင်းပိုင်းမှစပြီး ပြန်လည်သုံးသပ်မှုတစ်ရပ်လုပ်ဆောင်လျက်ရှိသည်။

ရေရှည်လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးလမ်းကြောင်းကို အစိုးရကဆုံးဖြတ်နိုင်ရန်အတွက် မဟာဗျူဟာကျသော သဘာဝပတ်ဝန်းကျင် ဆန်းစစ်အကဲဖြတ်ချက် (SEA) လုပ်ဆောင်နေသော တာဝန်ရှိသူများသည် ရေအားလျှပ်စစ်စီမံကိန်းများအဆိုပြုထားသည့် အဖွဲ့အစည်းများနှင့် သာမကဒေသခံများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်နေသည် ရန်ကုန်မှ IFC ပြောခွင့်ရအမျိုးသမီးက ပြောကြားခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံသား ၄၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အား ရရှိထားသည်။

လက်ရှိတွင် သံလွင်မြစ်ပေါ်မှရေအားလျှပ်စစ်စီမံကိန်းလေးခုသည် ဓာတ်အား ၄၀၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီး တည်ဆောက်ဆဲနောက်ထပ်အသေးစားစီမံကိန်းနှစ်ခုသာ ပြီးစီးပါက နောက်ထပ် ၃၈၃ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဟု IFC ပြောခွင့်ရ အမျိုးသမီးက ဆိုသည်။

တစ်ဖက်တွင်လည်း သံလွင်မြစ်မကြီးပေါ်မှ စီမံကိန်းငါးခုအပါအဝင် အဆိုပြုရေအားလျှပ်စစ်စီမံကိန်း ၁၅ ခုမှာမဂ္ဂါဝပ် ၁၆,၀၀၀ အထိထုတ်လုပ်နိုင်မည်ဖြစ်သည်။ သို့သော်လည်း သံလွင်မြစ်ပေါ်မှ စီမံကိန်းများမှာ လက်ရှိတွင် သိသိသာသာလှုပ်ရှားအကောင်အထည်ဖော်မှုမျိုး ရှိမနေကြောင်း IFC ပြောခွင့်ရ အမျိုးသမီးက အတည်ပြုသည်။ ဆည်စီမံကိန်းများမှာ တည်ဆောက်ပါက ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများ ရှိလာနိုင်သောကြောင့် ရှေ့ဆက်မတိုးခြင်းဖြစ်သည်ဟု ဆိုသည်။

IFC သည် ရေအားလျှပ်စစ်ကဏ္ဍအတွက်

စာမျက်နှာ 21 သို့

ရန်မခ Technology
လုပ်ငန်းသုံး Car GPS ခြေရာခံစနစ်
YANMAKHA
Professional GPS Tracking System
No. 155, West Race Course Rd, Bahan Tsp, Yangon.
E-Mail : contact@yanmakha.com
Phone : (09) 45 33 666 77, 45 33 666 88, 45 33 666 99

# မန္တလေးတွင် ဒေါ်အောင်ဆန်းစုကြည်ရုပ်တု စိုက်ထူမည်

**မန္တလေး၊ ဖေဖော်ဝါရီ ၁၃**

မဟာအောင်မြေမြို့နယ် ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်တွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ပုံတူရုပ်တု စိုက်ထူမည်ဖြစ်ကြောင်း ရုပ်တုဖြစ်မြောက်ရေး ဦးဆောင်နေသူများထံမှ သိရသည်။

"လက်ရှိမှာ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု စိုက်ထူနိုင်ခဲ့တယ်။ ခုလိုဆောင်ရွက်တာဟာ နောင်မျိုးဆက်များအနေနဲ့ ဗိုလ်ချုပ်ရဲ့ဂုဏ်ကျေးဇူးတွေကို တန်ဖိုးထားတတ်ဖို့၊ ဗိုလ်ချုပ်လိုတွေးခေါ်မြော်မြင်နိုင်စွမ်းရှိဖို့ ရည်ရွယ်ပြီးလုပ်တာ။ ဗိုလ်ချုပ်လိုပဲ ဗိုလ်ချုပ်သမီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ပုံကိုလည်း စိုက်ထူမှာဖြစ်တယ်" ဟု ကံတက်ကုန်း မစိုးရိမ်ကျောင်းဆရာတော် အရှင်တေဇောဘာသက မိန့်ကြားသည်။

ယင်းကျောင်းတိုက်တွင် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၃ နှစ်ပြည့်မွေးနေ့ကျင်းပခဲ့ကာ အင်္ဂတေဖြင့် ပြုလုပ်ထားသော ထိုင်လျက်ပုံ ဗိုလ်ချုပ်ရုပ်တု စိုက်ထူခဲ့သည်။

"မြန်မာ့သမိုင်းကိုပြန်ကြည့်ရင် တစ်တိုင်းပြည်လုံးကနေ အဖေလို့ခေါ်တာ ဗိုလ်ချုပ်အောင်ဆန်းရှိတယ်။ အမေလို့ခေါ်ခံရတဲ့လူပုဂ္ဂိုလ် နှစ်ယောက်ရှိတယ်။ တစ်ယောက်က သတင်းစာဆရာ၊ စာရေးဆရာလူထုဒေါ်အမာ၊ နောက်တစ်ယောက်က လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်" ဟု ကံတက်ကုန်းမစိုးရိမ်ကျောင်းဆရာတော်က ထပ်မံမိန့်ဆိုသည်။

ဒေါ်အောင်ဆန်းစုကြည်ရုပ်တုကိုလည်း အင်္ဂတေဖြင့်ပြုလုပ်မည်ဖြစ်ကာ ယခုနှစ်အတွင်းကျရောက်မည့် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့တွင် ဖွင့်လှစ်နိုင်ရန် ရည်မှန်းထားကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်ရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တု အောက်ခံခုံတွင် ကဗျာစာဆိုမင်းသုဝဏ်၏ မွေးနေ့ဆုတောင်း၊ တင်မိုး၊ ဒေါ်အောင်ဆန်းစုကြည်၊ မောင်စွမ်းရည်တို့၏ကဗျာများ၊ မဃဒေဝကဗျာများ ရေးထိုးထားသည်။

ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု စိုက်ထူခဲ့သကဲ့သို့ မန္တလေးမြို့တွင်း၌လည်း အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဗိုလ်ချုပ်အောင်ဆန်း ၁၀၃ နှစ်ပြည့် မွေးနေ့အမှတ်တရအဖြစ် ပဲပြုတ်နှင့်နံပြား ကျွေးမွေးခြင်းများပြုလုပ်ခဲ့ကြသည်။ ■

M-01



ဓာတ်ပုံ-မောင်ရဲနွေ

ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုဖွင့်ပွဲကျင်းပနေသည်ကိုတွေ့ရစဉ်

## NEWS PHOTO



ဓာတ်ပုံ - မောင်ရဲနွေ

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ၁၀၃ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ပလိပ်မြို့ရှိ ကြံတိုင်းအောင်တံဆိပ်ရိုက်လုပ်ငန်းက တီရှပ် ၁၀၀၀ တွင် ဗိုလ်ချုပ်ရုပ်ပုံများကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့က အခမဲ့ရိုက်ပေးနေစဉ်။

သတင်းကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၁

# တရုတ်အမျိုးသားနှင့် လက်ထပ်ရန် ရောင်းစားခဲ့သူကို ဖမ်းဆီး

**မိတ္ထီလာ၊ ဖေဖော်ဝါရီ ၁၃**

ညောင်ဦးမြို့နယ် ကုက္ကိုကုန်းကျေးရွာမှ အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားတစ်ဦးနှင့် လက်ထပ်ရန် ရောင်းစားခဲ့သူကို ရခိုင်ပြည်နယ် အမ်းမြို့၌ ဖေဖော်ဝါရီလ ၁၁ ရက်နေ့က ဖမ်းဆီးခဲ့ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့စိတ် (၁) မိတ္ထီလာရုံးထံမှ သိရသည်။

ရခိုင်ပြည်နယ် အမ်းမြို့ လေယာဉ်ကွင်းရပ်ကွက်တွင်နေထိုင်သော အသက် ၃၈ နှစ်အရွယ်ရှိ ဒေါ်ခင်ခင်လှသည် ဇန်နဝါရီ ၂၄ ရက်နေ့က ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာအုပ်စု ကုက္ကိုကုန်းကျေးရွာသို့ ရောက်ရှိလာခဲ့ကြောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ ထမင်းနှင့်အရက် တွဲရောင်းသောဆိုင်တွင် တစ်လလျှင်ကျပ်တစ်သိန်းဖြင့် အလုပ်ရမည်ဖြစ်၍ တစ်နှစ်စာအတွက် ကြိုတင်ငွေ ၁၂ သိန်းပေးကာ အသက် ၂၁ အရွယ် အမျိုးသမီးတစ်ဦးကို ခေါ်ဆောင်ခဲ့ပြီး တရုတ်အမျိုးသားထံ ရောင်းစားခဲ့ခြင်းဖြစ်ကြောင်း ရဲမှုခင်းမှတ်တမ်းအရ သိရသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့စိတ် (၁) မိတ္ထီလာမှ ဒုရဲမှူးဝင်းညွန့်ဦးဆောင်သောအဖွဲ့က အမ်းမြို့နယ် ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်ကာ ဒေါ်ခင်ခင်လှကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့ မွန်းလွဲပိုင်းက ဖမ်းဆီးခဲ့ကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် ဒေါ်ခင်ခင်လှကို ညောင်ဦးမြို့နယ်လက်ပံခြေပေါ်ရဲစခန်းက (ပ) ၄/၂၀၁၈ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ-၂၄ ဖြင့် အမှုဖွင့်ထားပြီး လူကုန်ကူးခံထားရသော အသက် ၂၁ နှစ်အရွယ် အမျိုးသမီးကို ကယ်တင်နိုင်ရေးအတွက် မူဆယ်မြို့ရှိ အမှတ် (၁၇) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

■

R-01




မနွယ်ရုံကြီးဘုရားတွင် ရောင်းချနေသော ဈေးသည်များကို တွေ့ရစဉ်

# ပုဂံဘုရားများတွင် ဈေးသည်စာရင်းစကောက်

မန္တလေး၊ ဖေဖော်ဝါရီ ၁၃

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရားများတွင် ဈေးရောင်းချနေသော ဈေးသည်များကို စနစ်တကျနေရာချထားပေးနိုင်ရန် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ကစ၍ စာရင်းကောက်ယူကြောင်း စာရင်းကောက်ယူရေးအဖွဲ့ထံမှ သိရသည်။

ညောင်ဦးခရိုင် စီမံခန့်ခွဲမှုကော်မတီ၏ကြီးကြပ်မှုဖြင့် ရှေးဟောင်းဘုရား ၁၇ ဆူ၌ ရောင်းချနေသောဈေးဆိုင်များ စာရင်းကောက်ယူနေခြင်းဖြစ်ကြောင်း၊ ဈေးဆိုင်များကို စနစ်တကျနေရာပြန်လည်ချထားပေးနိုင်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)၊ စည်ပင်သာယာရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေး၊ ဘုရားဂေါပကများပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ကောက်ယူနေခြင်းဖြစ်ကြောင်း စာရင်းကောက်ယူရေး အဖွဲ့ခေါင်းဆောင် ဦးစန်းထွန်းက ပြောကြားသည်။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရားများတွင် စည်းကမ်းမဲ့ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများကို စာရင်းကောက်ယူရန် စာရင်းကောက်ယူရေးအဖွဲ့ကို ဖေဖော်ဝါရီလ ၇ ရက်နေ့က ဖွဲ့စည်းခဲ့ပြီး ဖေဖော်ဝါရီလ ၁၅ ရက်နေ့နောက်ဆုံးထားကောက်ယူသွားမည်ဖြစ်သည်။

"လက်ရှိအနေအထားမှာက တချို့ဘုရားတွေမှာ ဂေါပကတွေဖွဲ့ပြီးနောက် ဘုရားပရိဝုဏ်အပြင်ဘက်ရောက်သွားတာမျိုးတွေရှိတယ်။ ဘယ်နေရာမှာ ချထားပေးမယ်တော့မသိဘူး။ သူတို့ချပေးမယ့်နေရာမှာ ဈေးရောင်းရတာအဆင်မပြေရင် ကျွန်တော်တို့လို ဈေးသည်တွေ စားဝတ်နေရေး အခက်အခဲဖြစ်သွားနိုင်တယ်" ဟု မြင်းကပါရွာရှိ ဂူပြောက်ကြီးဘုရားတွင် သဲပန်းချီရောင်းချနေသည့် ဦးဝင်းကြည်က ပြောကြားသည်။

ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားဂေါပကများပါဝင်သည့် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ကြောင်း၊ ပြန့်ကြဲနေသော ဈေးသည်များကို ဘုရားကားကွင်းများနှင့် ရှုခင်းကြည့်တောင်ကုန်းများ ဆိုင်ခန်းများဆောက်လုပ်ကာ နေရာချထားပေးမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးတင်လှဦးက ပြောဆိုသည်။ ■

M-05

# အိုးဘိုထောင်စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်းဖြေမည့်သူ ယမန်နှစ်ထက်ငါးဆတိုး

မန္တလေး၊ ဖေဖော်ဝါရီ ၁၃

အိုးဘိုထောင်စာစစ်ဌာန၌ မတ်လအတွင်းကျင်းပမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့်ထောင်ကျ အကျဉ်းသားအကျဉ်းသူအရေအတွက် ယမန်နှစ်ထက်ငါးဆရှိကြောင်း မန္တလေး ဗဟိုအကျဉ်းထောင်ထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၆ -၂၀၁၇ ပညာသင်နှစ်တွင် မန္တလေးဗဟိုအကျဉ်းထောင်မှနေ၍ တက္ကသိုလ်ဝင်တန်းဝင်ဖြေသူ ၁၁ ဦးရှိခဲ့သော်လည်း ယခု ၂၀၁၇ -၂၀၁၈ ပညာသင်နှစ်တွင် ၅၅ ဦးရှိနေကြောင်း မန္တလေးဗဟိုအကျဉ်းထောင် ထောင်ပိုင်ကြီး ဦးချိုဝင်းထွန်းက ပြောကြားသည်။

"စာမေးပွဲဖြေမယ့်သူတွေကိုအကျဉ်းထောင်ဘက်ကနေပြီးတော့ အစစအရာရာပံ့ပိုးပေးထားတယ်။ ပညာရေးဝန်ကြီးဌာနက ဆရာ၊ ဆရာမတွေနဲ့ တင်မဟုတ်ဘူး အပြင်ကကျူရှင်ဆရာတွေနဲ့ပါ သင်ပေးနေပါတယ်။ ထောင်ကနေပြီး စာသင်ပေးတော့ ကလေးတွေဘက်ကလည်း စာဘက်မှာ စိတ်ဝင်တစား သင်လာကြတယ်" ဟု ၎င်းက ပြောဆိုသည်။

မန္တလေးအိုးဘိုအကျဉ်းထောင်စာစစ်ဌာနကို ၂၀၁၇ ခုနှစ်ကစ၍ စာစစ်ဌာနတစ်ခုအဖြစ် ဖွင့်လှစ်ခဲ့ရာ ပြီးခဲ့သည့် ပညာသင်နှစ်တွင် မန္တလေးဗဟို အကျဉ်းထောင်မှ အကျဉ်းသူ၊ အကျဉ်းသား ၁၁ ဦးဖြေဆိုခဲ့ပြီး ခုနစ်ဦး အောင်မြင်ခဲ့သည်။ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအနက် သုံးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် လေးဦး ပါဝင်ခဲ့သည်။

၂၀၁၇- ၂၀၁၈ ပညာရေးနှစ်တွင် ထောင်ကျအကျဉ်းသားအမျိုးသား ၄၈ ဦး၊ အမျိုးသမီး ခုနစ်ဦး ဖြေဆိုမည်ဖြစ်ကြောင်း မန္တလေးအိုးဘို အကျဉ်းထောင်၏ စာရင်းများအရသိရသည်။

လက်ရှိပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မတ်လ ၇ ရက်နေ့မှ ၁၆ ရက်နေ့အထိ တစ်နိုင်ငံလုံးတွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဌာနက ထုတ်ပြန်ထားသည်။

၂၀၁၇ -၂၀၁၈ ပညာသင်နှစ်တွင် မန္တလေးအိုးဘိုအကျဉ်းထောင်၌ အမျိုးသားအကျဉ်းသားများအတွက် နှစ်ထပ်စာသင်ဆောင်တစ်ဆောင်နှင့် အမျိုးသမီးအကျဉ်းသူများအတွက် တစ်ထပ်စာသင်ဆောင်တစ်ဆောင် ဆောက်လုပ်ကာ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ကျော်ကို သင်ကြားပေးနေခြင်းဖြစ်သည်။ ■

M-05

# တရုတ်နှစ်သစ်ကူးနီးသော်လည်း ဝါနှင့် ဝါစေ့ဈေးတက်

မိတ္ထီလာ၊ ဖေဖော်ဝါရီ ၁၃

တရုတ်နှစ်သစ်ကူးချိန်နီးလာပြီဖြစ်သော်လည်း ဝယ်လိုအားရှိနေသောကြောင့် မိတ္ထီလာဒေသထွက် ဝါဈေးကွက်၌ ဝါနှင့် ဝါစေ့ဈေး မြင့်တက်နေကြောင်း ဒေသတွင်းရှိ ဝါကုန်သည်များ၊ ဝါကြိတ်စက်ရုံများ၊ တောင်သူများနှင့် ပွဲရုံများထံမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်ဇန်နဝါရီလကုန်ပိုင်းက ဒေသထွက်ဝါ ပိဿာတစ်ရာ၏ဈေးသည် ၁၃၅,၀၀၀ ကျပ်ဖြစ်ပြီး ဖေဖော်ဝါရီလ ၁၃ ရက်နေ့ပေါက်ဈေးမှာ ပိဿာတစ်ရာလျှင် ကျပ်တစ်သိန်းခွဲဖြစ်နေကြောင်း၊ ဝါစေ့ပိဿာတစ်ရာ၏ ယခင်လ ပေါက်ဈေးမှာ ကျပ် ၂၅,၀၀၀ မှ ၂၈,၀၀၀ ခန့်သာ ရှိသော်လည်း ယခု ကျပ် ၄၀,၀၀၀ မှ ၄၅,၀၀၀ အထိ ရှိကြောင်း မိတ္ထီလာကုန်စည်ဒိုင်၏ ထုတ်ပြန်ချက်အရ သိရသည်။

"ခါတိုင်းနှစ်တွေမှာ တရုတ်နှစ်ကူးချိန်ဆို ခဏနားပေမယ့် ဒီနှစ် အရောင်းအဝယ်ဖြစ်နေတယ်။ ဒါပေမဲ့ ကုန်အဝင်နည်းလွန်းတယ်။ တစ်နေ့ကို ပိဿာ ၄၀၀၊ ၅၀၀ လောက်ပဲဝင်တယ်" ဟု ဇမ္ဗူညွန့်ပွဲရုံလုပ်ငန်းရှင် ဦးထွန်းဇော်လတ်က ပြောကြားသည်။

မိတ္ထီလာဒေသထွက်ဝါများကို တရုတ်နိုင်ငံဘက်မှဝယ်ယူခြင်းရှိသလို ပြည်တွင်းရှိ ချည်ထည်ထုတ်လုပ်သော စက်ရုံများကလည်း ဝယ်လိုအားကောင်းနေကြောင်း၊ ဝါစေ့များကိုမူ တရုတ်နိုင်ငံဘက်မှဝယ်နေရာ ဝါစေ့တွင် ကပ်နေသော ဝါမျှင်များမှထုတ်လုပ်သော ဂွမ်းသည် သာမန်ဂွမ်းထက် တစ်ပိဿာလျှင် ကျပ်တစ်ထောင်ဝန်းကျင် ဈေးပိုရကြောင်း ၎င်းက ရှင်းပြသည်။

"ဒီနှစ်က ဝါအထွက်နည်းလို့ ဝါစေ့တွေပါ ဈေးလိုက်တက်တယ်။ ဝါစေ့ခွံကို ဝါစေ့ဖတ်လုပ်ပြီး တိရစ္ဆာန်အစာအနေနဲ့ သုံးတယ်။ ဆီသမားအားလုံးနီးပါးကလည်း ဝါစေ့ဆီကြိတ်ကြတယ်။ ဝါစေ့ဆီက ဈေးချိုတော့ အကြော်သမားတွေကြိုက်တယ်" ဟု ဆီစက်လုပ်ငန်းရှင် ဦးလွင်က ပြောဆိုသည်။




ဒေသထွက်ဝါ အရောင်းအဝယ်ပြုလုပ်နေသော ဇမ္ဗူညွန့်ပွဲရုံကိုတွေ့ရစဉ်

ယခင်နှစ်က ပဲစင်းငုံဈေးကွက်ပျက်ခဲ့သည့်အပြင် ဝါပွင့်ချိန်တွင်လည်း မိုးများခဲ့သောကြောင့် အထွက်နည်း၍ ဒေသခံတောင်သူများ အထိနာခဲ့ကြောင်း၊ ဝါဈေးကောင်းလာသောကြောင့် လာမည့်နှစ်တွင်လည်း ဒေသတွင်း၌ ဝါစိုက်ဧကများမည်ဟု ခန့်မှန်းရကြောင်း၊ လက်ရှိတွင်လည်း မိုးကြိုဝါများ စိုက်ပျိုးနိုင်ရန် တောင်သူများအနေနှင့် ပြင်ဆင်နေပြီဖြစ်ကြောင်း မိတ္ထီလာမြို့အရှေ့ဘက် လက်ပံခေါင်းရွာမှ ဝါစိုက်တောင်သူ ဦးဇော်လင်းမောင်က ပြောကြားသည်။ ■

R-01


Photo by Dawei Watch

# ထိုင်းဘက်လာမည့်လှေများ စက်သံကျယ်ပါက လှေသိမ်းသည်အထိ အရေးယူမည်ဟု သတိပေး

**ကော့သောင်း၊ ဖေဖော်ဝါရီ ၁၃**

ကော့သောင်း-ရနောင်း ပြေးဆွဲနေသည့် ပဲ့ချိတ်စက်လှေများ အပါအဝင် ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ လာမည့် စက်လှေများ စက်သံကျယ်ပါက လှေသိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်း ရနောင်းမြို့ ကျောက်ပုံကျွန်း အခြေစိုက် ထိုင်းတပ်မတော် တပ်ရင်း ၂၅ မှ ဒုတိယ အရာခံဗိုလ်က ပြောကြားသည်။

စက်လှေများတွင် တပ်ဆင်ထားသည့် အင်ဂျင်စက်သံများ ကျယ်လောင်စွာ ထွက်ပေါ်နေပါက ပြန်လည်ပြုပြင်ကြရန် ထိုင်းတပ်မတော်တပ်ရင်း ၂၅ က ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စာထုတ်သတိပေးလိုက်သည်။

“ထိုင်းဘက်ကို ဝင်လာတဲ့ စက်တပ်လှေ အကုန်လုံးကို သတိပေးတာပါ။ ပဲ့ချိတ်စက်လှေလောက်ပဲ မဟုတ်ပါဘူး” ဟု ထိုင်းတပ်မတော်တပ်ရင်း ၂၅ မှ ဒုတိယ အရာခံဗိုလ် ဖီးဆပ်က ဆိုသည်။

ဖေဖော်ဝါရီလ ၂၈ နောက်ဆုံးထား ပြုပြင်ကြရမည်ဖြစ်ပြီး ယင်းနောက်ပိုင်းတွင် စက်သံကျယ်လောင်သည့် စက်လှေများ ထိုင်းဘက်သို့ ဝင်ရောက်လာမည်ဆိုပါက ပထမဆုံးအကြိမ်အဖြစ် သတိပေးကာ ကျောက်ပုံကျွန်းမှ လှည့်ပြန်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သတိပေးပြီး ထပ်မံဝင်ရောက်လာမည်ဆိုပါက ထိုင်းနိုင်ငံ၏ ဥပဒေများအရ ငွေဒဏ် ဘတ် ၅၀၀၀ ပေးဆောင်စေခြင်း၊ စက်လှေသိမ်းခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ကော့သောင်း-ရနောင်းပြေးဆွဲနေသည့် ပဲ့ချိတ်လှေများအနက် အင်ဂျင်ကျပြီး စက်သံပုံမှန်ထက်ပိုကျယ်နေသည့် လှေများရှိသည်ဟု ပဲ့ချိတ်မောင်းသူ တစ်ဦးဖြစ်သည့် ဦးအောင်က ပြောကြားသည်။

“မကောင်းတာကို ကောင်းအောင်လုပ်နိုင်းတယ်ဆိုတော့ အခက်အခဲမရှိပါဘူး။ ၂၈ ရက်နေ့ နောက်ဆုံးထားရမယ် ဆိုတော့ လောလောဆယ် ပြင်ဆင်ထားတာတွေတော့ ဘယ်သူမှ ဘာမှ မလုပ်ကြသေးဘူး” ဟု ပဲ့ချိတ်အသင်း ဥက္ကဋ္ဌ ဦးတင်ဦးက ပြောဆိုသည်။

လက်ရှိတွင် ကော့သောင်း-ရနောင်း ပြေးဆွဲနေသည့် ပဲ့ချိတ် တစ်ရာကျော်ရှိပြီး ရနောင်းမြို့သို့ ငါးလှေကြီးများလည်း သွားရောက်လျက်ရှိသည်။

■ **Dawei Watch**

The VOICE Daily CARTOON




## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ချစ်သူများနေ့မှာ ချစ်ခင်ရသူတွေနဲ့အတူ သွေးလှူဘဏ်မှာ သွေးလှူဒါန်းနိုင်ဖို့ပါ။ ဒီနေ့မှာ အမျိုးသားသွေးလှူဘဏ်မှာ ဗယ်လင်တိုင်းနေ့ကို အတူဖြတ်သန်းလို့ရတဲ့ အထိမ်းအမှတ်ထားရှိပြီး သွေးလှူပြီးရင် အမှတ်တရဓာတ်ပုံ ရိုက်ကူးလို့ရမှာပါ။ မနက် ၉ နာရီကနေ ညနေ ၄ နာရီအထိ သွားရောက်လှူဒါန်းလို့ရပြီး သွေးလှူဒါန်းဖို့အတွက် အသေးစိတ်သိလိုတယ်ဆိုရင် https://www.donatebloodmyanmar.org/ မှာ ဝင်ရောက်ကြည့်နိုင်ပါတယ်။ အမျိုးသားသွေးဌာန ၊ ရန်ကုန်ရဲ့လိပ်စာက ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ လသာမြို့နယ် ၊ ရန်ကုန်၊ ဖုန်း ၀၁ - ၃၇၂၇၅၃ ကို ဆက်သွယ်နိုင်ပါတယ်။ ■




## ဈေးဝယ်လမ်းညွှန်

### နိုင်ငံရပ်ခြားသွားတဲ့အခါ Passport နဲ့ တခြား အရေးကြီးစာရွက်စာတမ်းတွေ မပျောက်အောင် သိမ်းမယ်

နိုင်ငံရပ်ခြားကို ခရီးသွားတဲ့အခါမျိုးမှာ မဖြစ်မနေ ဂရုပြုသင့်တာက Passport၊ ပိုက်ဆံနဲ့ တခြား အရေးကြီး စာရွက်စာတမ်းတွေ မပျောက်ပျက်ဖို့ပါ။ အခုညွှန်ပေးချင်တာကတော့ Nature Hike ထုတ် Invisible Wallet လေးဖြစ်ပြီး ကိုယ့်ရဲ့ အင်္ကျီအတွင်းဘက်မှာ တခြားသူတွေ အလွယ်တကူ မမြင်နိုင် မယူနိုင်မယ့် ကိုယ်နဲ့တစ်ပါတည်း သယ်ယူသွားနိုင်မယ့်အိတ်ပါ။ သေးငယ်ပေါ့ပါးပြီး Passport၊ ပိုက်ဆံနဲ့ ကတ်တွေကို တစ်ကန့်စီသိမ်းနိုင်မယ့်အိတ်တွေ ပါဝင်ပါသေးတယ်။ ဈေးနှုန်းက ၁၁၀၀၀ ကျပ်ဖြစ်ပြီး ဝယ်ယူလိုတယ်ဆိုရင် ဖုန်း ၀၉ ၂၅၄၄၃၄၄၂ ကိုဆက်သွယ်ပြီး အိမ်ပို့ဝန်ဆောင်မှုနဲ့ ဝယ်နိုင်ပါတယ်။ ■



(အောက်ဖော်ပြပါဆောင်းပါးမှာ The WorldPost တွင် ဖေဖော်ဝါရီလ ၆ ရက်နေ့က ဖော်ပြပါရှိသော Trump can’t start a Cold War with China, even if he wants to ကို ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ တရုတ်နှင့် အမေရိကန်ဆက်ဆံရေးမှာ ကျွန်တော်တို့မြန်မာနိုင်ငံအတွက်လည်း အရေးကြီးသည့် အကြောင်းအချက်တစ်ခုဖြစ်သည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စတွင် အမေရိကန်က ဝင်ရောက်စွက်ဖက်ခြင်း ပြုနိုင် မပြုနိုင်၊ ဝင်ရောက်စွက်ဖက်ခဲ့လျှင် တရုတ်က ပါနိုင် မပါနိုင် စသည့် ကိစ္စများအပြင် မြန်မာ့စီးပွားရေးတွင် အမေရိကန် ရင်းနှီးမြှုပ်နှံသူများ လာ မလာ စသည်တို့ဖြစ်ပါသည်။ သို့ဖြစ်၍ မျက်စိကြီး နားကြီးဖြစ်သော တရုတ်ပညာရှင်တစ်ယောက်၏ အမြင်သည် စိတ်ဝင်စားစရာကောင်းပြီး၊ မြန်မာ့အရေးကို ဆက်စပ်၍ ဆဝါးနိုင်ကြစေရန်အတွက် အထောက်အကူပြုသည်ဟုယူဆသဖြင့် စာဖတ်ပရိသတ်အတွက် ဘာသာပြန်တင်ဆက်လိုက်ပါသည်။

ယန်ရှဲ့ထုန်သည် တရုတ်ထိပ်တန်းမဟာဗျူဟာ တွေးခေါ်ရေးသမားတစ်ဦးဖြစ်သည်။ ရှင်းဟွာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေး သိပ္ပံ၏ ဌာနမှူးဖြစ်ပြီး ‘ရှေးဟောင်းတရုတ်အတွေးအခေါ်၊ ခေတ်သစ် တရုတ်ပါဝါ’ စာအုပ်ကို ရေးသားသူလည်းဖြစ်ပါသည်။)

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားရာတွင် တရုတ်ပြည်သည် အမေရိကန်ကို စိန်ခေါ်သည့် အဓိက ပါဝါဟုပြောခဲ့သည်။ ဤသည်မှာ အမေရိကန်၏ အမျိုးသားကာကွယ်ရေးမူဝါဒသစ်နှင့် လိုက်လျောညီထွေရှိပါပေသည်။ အဆိုပါမူဝါဒတွင် ‘နိုင်ငံအချင်းချင်း မဟာဗျူဟာပြိုင်ဆိုင်မှု (အကြမ်းဖက်ဝါဒ မဟုတ်) သည် ယခုအခါ အမေရိကန် အမျိုးသားလုံခြုံရေးအတွက် အဓိကအာရုံစိုက်ရမည့် ပြဿနာဖြစ်သည်’ ဟု ဆိုထားလေသည်။

အမေရိကန်၏ လုံခြုံရေး၊ သာယာဝပြောရေးနှင့် တန်ဖိုးထားမှုများကို စိန်ခေါ်သူ၊ အဓိက မဟာဗျူဟာမြောက် ပြိုင်ဘက်အဖြစ် တရုတ်ကို ရုရှားနှင့်အတူ သတ်မှတ်ထားသည်။ သဘောထားမူဝါဒအပေါ် အခြေပြုထားသည့် အာဝဇ္ဇန်းရွှင်ရွှင်ပြောသွားသော ဤမိန့်ခွန်းကြောင့် တရုတ်နှင့် အမေရိကန်အကြား စစ်အေးသစ်ဖြစ်လာလေမလားဟု စိုးရိမ်ပူပန်ကြသည်ကို နားလည်နိုင်ပေသည်။ အမေရိကန်၏ တရုတ်ပြည်အပေါ်ထားရှိသည့်ပေါ်လစီသစ်က နိုင်ငံတကာ နိုင်ငံရေးနယ်ပယ်တွင် မလွှဲမရှောင်သာ ပြင်းထန်သည့် သက်ရောက်မှုများရှိနေသော်လည်း စစ်အေးတစ်ခုဖြစ်လာလိမ့်မည်ဟု တထစ်ချမဆိုနိုင်ပေ။ ယနေ့မျက်မှောက်ကာလ တရုတ်-အမေရိကန်အကြား ပြိုင်ဆိုင်မှုသည် ပြီးခဲ့သည့် စစ်အေးခေတ်က အမေရိကန်နှင့် ဆိုဗီယက်အကြားပြိုင်ဆိုင်မှုနှင့် အခြေခံအားဖြင့် ခြားနားချက်သုံးချက်ရှိပေသည်။

၁။ စစ်အေးခေတ်ကာလက အမေရိကန်-ဆိုဗီယက်ပြိုင်ဆိုင်မှုသည် ကမ္ဘာ့ခေါင်းဆောင်နေရာအတွက် ပြိုင်ဆိုင်ခြင်းဖြစ်သော်လည်း ယနေ့ တရုတ်-အမေရိကန် နှစ်နိုင်ငံစလုံးမှာ ကြီးလေးသောနိုင်ငံတကာတာဝန်ရှိမှုများကို ရှောင်ရှားကြသည်။

ထရမ့်အစိုးရ၏ ‘အမေရိကန်ပထမ’ ပေါ်လစီက ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှုဆိုသည်မှာ အမေရိကန်အတွက် အရေးအကြီးဆုံး မဟာဗျူဟာအကျိုးစီးပွားမဟုတ်ဘဲ ဝန်ထုပ်ဝန်ပိုးတစ်ခုသာဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်။ အမေရိကန်က သူ၏ စစ်ရေးမဟာမိတ်များကို ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးအတွက် ပိုမိုပေးဆောင်ကြရန် တောင်းဆိုခြင်းဖြင့် သူ၏ ဝန်ထုပ်ဝန်ပိုးကိုလျှော့ချရန် ကြိုးစားနေသည်။ တစ်ချိန်တည်းမှာ တရုတ်ပြည်ကလည်း ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှု၏ ကုန်ကျစရိတ်ကြီးမားများပြားမှုက ၎င်း၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက်ဖြစ်မှာ ပူပန်နေသည်။

သို့ဖြစ်၍ ထိုအစား တရုတ်သမ္မတ ရှီကျင့်ဖျင်က ယခင်သမ္မတ ဟူကျင်းထောင်အစိုးရ ပြောဆိုခဲ့သော ‘ဘုံရည်မှန်းချက်ပန်းတိုင်ရှိသော လူ့အဖွဲ့အစည်း’ ဆိုသည့် သဘောထားအမြင်ကို ဆက်လက်စွဲကိုင်ထားသည်။ အဆိုပါ ဝေါဟာရကဆိုထားသည့်အတိုင်း တရုတ်ပြည်အနေနှင့် နိုင်ငံတကာလူ့အဖွဲ့အစည်းဝင်တိုင်းက ကမ္ဘာ့အရေးကိစ္စတာဝန်များကို ခွဲဝေထမ်းဆောင်ရန်ကိုသာ လိုလားသည်။ ဥပမာအားဖြင့် ကြီးလေးသော နိုင်ငံတကာတာဝန်ရှိမှုများကို ရှောင်ရှားရန်အတွက်၊ တရုတ်အစိုးရသည် (တရုတ်နယ်စပ်ဒေသ ရှင်ဂျန်းတွင် အတိတ်က ခွဲထွက်ရေးလှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ပြီး လုံခြုံရေးအတွက် တိုက်ရိုက်ခြိမ်းခြောက်ခံရမှုများရှိနေသည့်တိုင်) အာဖဂန်နစ္စတန်သို့ စစ်တပ်များစေလွှတ်ခြင်းကို ရှောင်ရှားခဲ့သည်။

တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံလုံးက ကမ္ဘာ့ခေါင်းဆောင်နေရာ




**သေချာသည့်အချက်မှာ တရုတ်-အမေရိကန် ပြိုင်ဆိုင်မှုသည် ၂၀၁၈ ခုနှစ်အတွင်း မရှောင်မလွှဲသာ ပိုမိုပြင်းထန်လာပါလိမ့်မည်။ ထိုသို့ပြင်းထန်လာစဉ်အတွင်း တရုတ်သည် အမေရိကန်ထက် ပိုမို၍ မိမိကိုယ်ကိုယ် ယုံကြည်စိတ်ချလာမည်။ အကြောင်းမှာ ထရမ့်အစိုးရအနေနှင့် ပြည်တွင်းတွင်ရော ပြည်ပတွင်ပါ စွမ်းဆောင်နိုင်မှုတွင် ချို့ယွင်းအားနည်းချက်များ တွေ့လာရမည်ဖြစ်သောကြောင့်ဖြစ်သည်။**

တာဝန်ကို ထမ်းဆောင်ရန် စိတ်ရောကိုယ်ပါ မရှိသရွေ့ (အချို့သော ဒုတိယတန်းအင်အားကြီးနိုင်ငံများအကြား ဒေသဆိုင်ရာခေါင်းဆောင်မှုအတွက် စစ်ရေးထိပ်တိုက်ဖြစ်မှုများ ဖြစ်ပွားလာနိုင်ဖွယ်ရှိသည့်တိုင်အောင်) ၂၀ ရာစုအတွင်းက အမေရိကန်နှင့် ဆိုဗီယက်ယူနီယံအကြား ဖြစ်ပွားခဲ့သည့် ဘက်စုံစစ်အေးတိုက်ပွဲမျိုးဖြစ်ပွားရန် အကြောင်းမမြင်ချေ။

၂။ တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံစလုံးက ၎င်းတို့၏ပြိုင်ဆိုင်မှုကို သဘောတရားရေးနယ်ပယ်အထိ ပျံ့နှံ့မသွားစေရန် ယနေ့အထိ သတိရှိရှိဖြင့် ချုပ်တည်းထားကြသည်။ (စစ်အေးခေတ်အတွင်းက အမေရိကန်-ဆိုဗီယက်နှစ်နိုင်ငံအကြား အဓိကပြိုင်ဆိုင်မှုဖြစ်ခဲ့သည်မှာ သဘောတရားရေးနယ်ပယ်တွင် ဖြစ်သည်။)

ထရမ့်အနေနှင့် တရုတ်ပြည်နှင့် သဘောတရားရေးအရပြိုင်ဆိုင်ရန် စိတ်ဝင်စားမှုမပြချေ။ ဤသည်ကို ‘အမျိုးသားကာကွယ်ရေးမဟာဗျူဟာ’ တွင် ထင်ဟပ်ဖော်ပြထားသည်။ ထိုအထဲတွင် ‘ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘဝနေနည်းပုံစံကို အတင်းအဓမ္မ သွတ်သွင်းမည်မဟုတ်’ ဆိုသည့် အပိုဒ်ပါဝင်သည်။

တရုတ်အစိုးရအနေနှင့်လည်း အနောက်တိုင်း၊ အထူးသဖြင့် အမေရိကန်နှင့် သဘောတရားရေးရာထိပ်တိုက်တိုးမှု ဖြစ်စေမည့် စနက်တန်မီးရှို့ပေးသောအန္တရာယ်ကို သတိကြီးစွာထားခဲ့လေသည်။ မကြာသေးမီက ကျင်းပပြီးစီးခဲ့သော ၁၉ ကြိမ်မြောက် ကွန်မြူနစ်ပါတီကွန်ဂရက်တွင် ‘အနောက်တိုင်းဒီမိုကရေစီပုံစံနှင့် အပြိုင်ဖြစ်သော အုပ်ချုပ်ရေးပုံစံတစ်ရပ်တင်ပို့ရန် တရုတ်ပြည်က ရည်ရွယ်သည်’ ဟု နိုင်ငံတကာမီဒီယာများက သတင်းရေးသားကြသောအခါ တရုတ်အစိုးရက ချက်ချင်းဆိုသလို ‘တရုတ်အတွေ့အကြုံများအတိုင်း ပုံတူကူးချရန် တခြားတိုင်းပြည်များကို မတိုက်တွန်းပါ’ ဟု ကြေညာချက် ထုတ်ပြန်လေသည်။ တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံလုံးက ၎င်းတို့၏ အယူအဆများအတိုင်း နိုင်ငံခြားတိုင်းပြည်များက လိုက်ပါလုပ်ဆောင်ရန် ရှေ့တန်းမတင်သရွေ့ စစ်အေးကာလက အမေရိကန်-ဆိုဗီယက်ထိပ်တိုက်တိုးသည့် အခြေအနေထိ ရောက်သွားရန် အကြောင်းမရှိချေ။

၃။ တရုတ်ပြည်၏ မျက်မှောက်ကာလ မဟာဗျူဟာရွေးချယ်ချက်ဖြစ်သော အမေရိကန်နှင့် ငြိမ်းချမ်းစွာယှဉ်ပြိုင်ရေးမှာ ယခင်ဆိုဗီယက်ယူနီယံ၏ပေါ်လစီနှင့်ရော မျက်မှောက်ရုရှားနိုင်ငံ၏ပေါ်လစီနှင့်ပါ လွန်စွာခြားနားသည်။

ထရမ့် ပီကင်းသို့လာရောက်လည်ပတ်စဉ်အတွင်း အင်ပိုင်ယာပြည့်ရှင်တစ်ပါးကဲ့သို့ ညှော်ဝတ်ပြုခဲ့ပြီးနောက် အမေရိကန်၏ အဓိကပြိုင်ဘက်အဖြစ် ရှုမြင်ခံရသည့်အတွက် တရုတ်ပြည်အနေနှင့် စိတ်ပျက်လက်ပျက်ဖြစ်သော်လည်း စစ်အေးကာလအတွင်း ဆိုဗီယက်ယူနီယံလုပ်ဆောင်ခဲ့သလို နောက်ကွယ်ကကြိုးဆွဲသည့် ရုပ်သေးစစ်ပွဲ ဆင်နွှဲရေးမဟာဗျူဟာကို မကျင့်သုံးဘဲ ငြိမ်းချမ်းစွာယှဉ်ပြိုင်ရေးမူဝါဒကိုသာ စွဲမြဲစွာဆုပ်ကိုင်ထားလေသည်။

တရုတ်ပြည်၏ အမျိုးသားအင်အားတွင် စီးပွားရေးသည် အင်အားအကြီးဆုံးအစိတ်အပိုင်း ဖြစ်မြဲဖြစ်နေပြီး စစ်ရေးအင်အားမှာ အမေရိကန်နောက် များစွာပြတ်ကျန်နေသေးသည်။ သို့ဖြစ်၍ တရုတ်ပြည်သည် အမေရိကန်နှင့် မည်သည့်စစ်ရေး ထိပ်တိုက်တွေ့မှုမျိုးကိုမဆို အတတ်နိုင်ဆုံး ရှောင်ရှားရန် ကြိုးစားလိမ့်မည်။ ထို့ပြင် တရုတ်ပြည်သည် အမေရိကန်၏ အခြားသောပြိုင်ဘက်တစ်ဦးဖြစ်သည့် (စစ်အေးကာလပြီးဆုံးပြီးကတည်းက ဥရောပရှိ အမေရိကန်၏အစီအစဉ်ကို ရုပ်သေးစစ်ပွဲများဖြင့် ထိပ်တိုက်ရင်ဆိုင်နေသော) ရုရှား၏မဟာမိတ်မဟုတ်ကြောင်းကိုလည်း ပြတ်ပြတ်သားသားဆိုထားလေသည်။

အရှေ့အလယ်ပိုင်းဒေသနှင့် ယခင်ဆိုဗီယက်ဇုန်များရှိ စစ်ပွဲများသည် ကမ္ဘာလုံးအတိုင်းအတာအထိ အရှိန်မြင့်တက်မသွားသည်မှာ တရုတ်က မည်မျှသေးဖွဲသည့် စစ်ရေးကိစ္စတွင်မှ ရုရှားနှင့် မပူးပေါင်းသည့်အတွက်ဖြစ်ကြောင်း အသိအမှတ်ပြုရမည်ဖြစ်သည်။ ဤအခြေအနေများတွင် တရုတ်၏ပြုမူဆောင်ရွက်ပုံမှာ အမေရိကန်ဆန့်ကျင်ရေးအတွက် (စစ်အေးကာလအတွင်းက အရှေ့နှင့် အနောက်အကြား အုပ်စုကွဲခဲ့ကြသလို) ရုရှားနှင့် မဟာမိတ်ဖွဲ့မည်မဟုတ်ကြောင်း ပြသနေသည်။

မသေချာမရေရာသော ထရမ့်၏ခေါင်းဆောင်မှုက သာမညကိစ္စဖြစ်သော်လည်း စစ်အေးတိုက်ပွဲသစ်မဖြစ်စေရန် တားဆီးရေးအတွက်မူ အထောက်အကူပြုသည့်အချက် ဖြစ်နေပြန်သည်။ သူသမ္မတဖြစ်လာသည့် ပထမနှစ်တွင် အမေရိကန်၏ နိုင်ငံခြားရေးပေါ်လစီမှာ ကျိုးကြောင်းညီညွတ်မှုမရှိသည့်အတွက် သူ့မဟာမိတ်များမှာ အမေရိကန်-တရုတ် ထိပ်တိုက်တွေ့မှုကို ထောက်ခံအားပေးရန် သတိကြီးစွာထားခဲ့ကြသည်။

သေချာသည့်အချက်မှာ တရုတ်-အမေရိကန် ပြိုင်ဆိုင်မှုသည် ၂၀၁၈ ခုနှစ်အတွင်း မရှောင်မလွှဲသာ ပိုမိုပြင်းထန်လာပါလိမ့်မည်။ ထိုသို့ပြင်းထန်လာစဉ်အတွင်း တရုတ်သည် အမေရိကန်ထက်ပိုမို၍ မိမိကိုယ်ကိုယ် ယုံကြည်စိတ်ချလာမည်။ အကြောင်းမှာ ထရမ့်အစိုးရအနေနှင့် ပြည်တွင်းတွင်ရော ပြည်ပတွင်ပါ စွမ်းဆောင်နိုင်မှုတွင် ချို့ယွင်းအားနည်းချက်များ တွေ့လာရမည်ဖြစ်သောကြောင့်ဖြစ်သည်။ အင်အားကြီးနိုင်ငံများအကြား နိုင်ငံတကာပြိုင်ဆိုင်မှုတွင် အချက်အချာအကျဆုံးကဏ္ဍမှာ မဟာဗျူဟာမြောက် စွမ်းဆောင်ရည်ပင်ဖြစ်သည်။

လွန်ခဲ့သည့်လက ဒါဗို့စ်တွင် ထရမ့်က စံချိန်မီလေးနက်သည့် နိုင်ငံရေးမိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာ ယခင်ပြောကြားခဲ့၊ တွစ်တာတွင်ရေးသားခဲ့ဖူးသည့်လေသံများနှင့်မတူဘဲ တစ်မူထူးခြား၏။ ထိုမိန့်ခွန်းမှာ မဆိုစလောက်သာ သက်ရောက်မှုရှိသော အမေရိကန် ဂုဏ်သိက္ခာကိုအဖတ်ဆယ်ရန် ကြိုးစားမှုတစ်ခုသာဖြစ်သည်။ ဤမိန့်ခွန်းအရ ထရမ့်အစိုးရသည် အဆုံးတွင် နိုင်ငံတကာက ၎င်းအပေါ်အမြင်ကောင်းလာစေရန်နှင့် မဟာဗျူဟာစွမ်းဆောင်ရည်ကိုပြန်လည်ရရှိရန် အရည်အချင်းရှိမှုကို ဖျက်ဆီးလိုက်ပြီဖြစ်ကြောင်း နားလည်နိုင်ပေသည်။ အကယ်၍ ဤသည်က အဓိက ပြဿနာဟုဆိုပါလျှင် စစ်အေးတိုက်ပွဲသစ်တစ်ခုကို တိုက်ရန်ဆန္ဒရှိသည့်တိုင် မည်သို့ ဦးဆောင်နိုင်ပါတော့မည်နည်း။

■ ရဲထွန်း (သီပေါ)




## ဗုဒ္ဓပါဒခြေတော်ရာကို ဖူးမြော်ကြည်ညိုကြခြင်း

ရသေ့တောင် ကမ်းနားလမ်းက ထမင်းဆိုင်မှာ နေ့လယ်စာ စားကြသည်။ ပူပူနွေးနွေး ချက်ပြီးစ ရခိုင်ထမင်းဟင်းတွေက ဆာလောင်နေသော စားချင်စိတ်ကို နှိုးဆွနေသည်။ ရခိုင်ခရီးစဉ်တစ်လျှောက် ရခိုင်ထမင်းဟင်းများ စားသောက်ရာတွင် ဘယ်နေရာရောက်ရောက် မရိုး။ အချဉ်၊ အငန်၊ အစပ်ကဲသော၊ ဆီနည်းပြီး အရည်ကျဲသော ရခိုင်အစားအစာက ရခိုင်မှာသာမက မြန်မာပြည် အခြားအရပ်မှာလည်း နာမည်ကြီးသည်။ “ရခိုင်အစားအစာကောင်းကောင်း စားချင်ရင်တော့ ရခိုင်မှာမရှိဘူး။ ရန်ကုန်မှာပဲရှိတယ်” ဟု တစ်ယောက်က ပြောသည်။ သူပြောသလိုပင် ယခုရန်ကုန်မြို့မှာ ‘မင်းလမ်း’ ရခိုင်မုန့်တီဆိုင်မျိုး ရခိုင်စားသောက်ဆိုင်တွေက နာမည်ကြီးနေသည်။ ပင်လယ်နှင့်နီးသော ရခိုင်ဒေသက ပင်လယ်စာ Sea Food နှင့် ပတ်သက်လျှင် ထင်ရှားသည်။

ရသေ့တောင် ထမင်းဆိုင်မှာတော့ ခါတိုင်းထမင်းဝိုင်းတွေမှာ မြင်နေကျ ခရမ်းသီးလုံးတွေကို ဆီမပါဘဲနှပ်ထားသည့် ခရမ်းသီးဟင်း၊ ဒေသထွက် ငါးဝက်ဆီပြန်၊ ကြက်သားအာလူး၊ ရခိုင်ငါးပိထောင်း၊ အတို့အမြှုပ်က စိမ်းပြီးလတ်ဆတ်နေသည့် ရှောက်ရွက်၊ ဆလတ်ရွက်၊ သခွားသီးနှင့် မုန်လာဥကို လေးခြမ်းခွဲပြီး အချဉ်စိမ်ထားသည့် မုန်လာဥချဉ်။ ဒေသက ဆင်းရဲသော်လည်း အစားအစာတွေက လတ်လတ်ဆတ်ဆတ်ရှိလှသည်။

ထမင်းစားပြီးတော့ သင်္ဘောဆိပ်မှာကပ်ထားသည့် စပိဘုတ်များပေါ် ပြန်တက်ကြသည်။ အစီအစဉ်အရ ဗုဒ္ဓပါဒခြေတော်ရာရှိရာ မုံစဲကျွန်းကို ခရီးဆက်ကြမည်။ ထိုနေရာတွင် အလိုတော်ပြည့် ဆရာတော်ကြီးကို ဖူးတွေ့ကြမည်။ စိတ်ဝင်စားစရာတော့ကောင်းသည်။ ဗုဒ္ဓပါဒခြေတော်ရာနှင့်ပတ်သက်လျှင် မင်းဘူးမြို့အနီးက ရွှေစက်တော်ဟု လူသိများလှသည့် မင်းဘူး အထက်/အောက် စက်တော်ရာနှစ်ခုကိုပဲ လူသိများကြသည်။ ရခိုင်ပြည်နယ်မှာ ဗုဒ္ဓခြေတော်ရာ တစ်ဆူမကရှိတာကို သိပ်မသိကြ။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့်လည်း ရခိုင် ဗုဒ္ဓပါဒ ခြေတော်ရာတွေကို လူတွေ သိပ်မသိကြတာဖြစ်နိုင်သည်။ မုံစဲသို့မသွားမီ ရသေ့တောင်မြို့အနီး တည်ဆောက်နေသည့် မြစ်ကူးတံတားကို စပိဘုတ်တွေနှင့် အနီးကပ်သွားရောက်ကြည့်ရှုလေ့လာကြသည်။ ကမ်းနှစ်ဖက်ခြမ်းမှာ သံပေါင်တွေ စတင်တပ်ဆင်နေပြီး ရေလယ်တိုင်တချို့ကတော့ ယခုမှ **ပိုင်ရိုက်ပြီး** ကွန်ကရစ်လောင်းနေဆဲဖြစ်သည်။ မြစ်လယ်မှာ တံတားရေလယ်တိုင် တည်ဆောက်နေကြတာကို အနီးကပ်လှည့်ကြည့်ပြီးနောက် မေယုမြစ်ဘက် ပြန်ထွက်ခဲ့ကြသည်။

ရသေ့တောင်မှ ဗုဒ္ဓပါဒခြေတော်ရာရှိရာ မုံစဲကျွန်းသို့ တစ်နာရီကျော်မျှ စပိဘုတ်ဖြင့်သွားရသည်။ ထိုနေရာကို မုံစဲကျွန်းဟုခေါ်သလို မိုးစည်ကျွန်း၊ မိုးစဲကျွန်းဟုလည်း ခေါ်သည်။ တရားဝင်အမည်ကတော့ မိုးစည်ကျွန်းဖြစ်သည်။ ရသေ့တောင်မြို့နယ် သာစည်ထောင့်ကျေးရွာတွင် တည်ရှိသည်။ ကျွန်းဟုဆိုသော်လည်း ကျယ်ပြန့်သော မြစ်ကမ်းနံဘေးက စိမ်းစိုသောတောတန်းနှင့် တောင်ကုန်းကိုသာတွေ့ရသည်။ မြစ်ပြင်ကျယ်အတိုင်း မောင်းလာသော အမြန်ရေယာဉ်၏ ဝဲဘက်ကမ်းခြေတောင်ကုန်းပေါ်က စောင်းတန်းနှင့်စေတီကို ပထမဦးဆုံး လှမ်း၍ဖူးမြော်ရသည်။ စိမ်းလန်းသော ဒီရေသစ်တောများအကြားမှာ ရွှေရောင် တန်ဆောင်းပြာသာဒ်တွေ၊ ဘုရားဆင်းတုတွေ၊ စေတီအချို့ကို လှမ်း၍ဖူးရသည်။ မြစ်ဆိပ်အထိ ကွန်ကရစ်တံတားထိုးထားပြီး ကမ်းစပ်မှာ ‘နမ္မဒါကမ်းမှ လိုက်လဲ့စွာကြိုဆိုပါ၏’ ဆိုသောစာတန်းနှင့် မုခ်ဦးပြာသာဒ်တစ်ခု မြင်ရသည်။

ကျွန်တော်တို့ စီးနင်းလာကြသည့် အမြန်ရေယာဉ်များ တစ်စင်းပြီး တစ်စင်း ကမ်းကပ်ကြသည်။ လူသူမနီးသော မြစ်ပြင်ကျယ်အနီးက စိမ်းလန်းသောတောအုပ်များ၊ သာသနိကအဆောက်အအုံများနှင့် အလွန်သာယာလှပသော နေရာလေးတစ်ခုပင်။ ယခုလို စေတီပုထိုး၊ ဆင်းတုများ၊ တန်ဆောင်းပြာသာဒ်များ ဖြစ်ပေါ်လာစေဖို့ အဓိကဦးဆောင် ကြိုးပမ်းပေးခဲ့သူကား အလိုတော်ပြည့်ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသပင် ဖြစ်သည်။ ကွန်ကရစ်ဆိပ်ခံတံတားအတိုင်း လျှောက်ခဲ့ကြရာ ကုန်းတော်ခြေရင်းရှိ ဗုဒ္ဓပါဒခြေတော်ရာကိန်းဝပ်ရာ ကျောင်းဆောင်တော်သို့ ရောက်ရှိကြသည်။ အနီးဝန်းကျင်တွင် ဗုဒ္ဓဂယာ မဟာဗောဓိစေတီသဏ္ဌာန်တူ စေတီငယ်တစ်ဆူ၊ တရားဦးဓမ္မစကြာဟောကြားနေသည့်သဏ္ဌာန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ကြည်ညိုသပ္ပါယ်ဖွယ်ရာ အခြားသော ဗုဒ္ဓဆင်းတုများကိုလည်း ဖူးတွေ့ရသည်။ ယခုလို ဆိတ်ငြိမ်အေးချမ်းသာယာသော သာသနာ့နယ်မြေတစ်ခုဖြစ်မလာမီ ဤနေရာမှာ တောကြီးမျက်မည်းတစ်ခု ဖြစ်ခဲ့ဟန်ရှိသည်။

မုံစီကျွန်း၊ မူစဲကျွန်း၊ မိုးစည်ကျွန်းဟု အမည်အမျိုးမျိုးခေါ်ဝေါ်လျက်ရှိသော ဤကျွန်းပေါ်ရှိ ဗုဒ္ဓပါဒခြေရာတော်မှာ နှစ်ပေါင်းများစွာ ပျောက်ကွယ်နေပြီးမှ ရှာဖွေတွေ့ရှိခဲ့သော ခြေတော်ရာတစ်ခုဖြစ်သည်ဟု ဆိုသည်။ ပါဒခြေတော်ရာ သမိုင်းအရ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဘီစီ ၅ ရာစုတွင် ဓညဝတီတိုင်း (ယခု ရခိုင်ပြည်နယ်) သို့ စန္ဒာသူရိယဘုရင်၏ အဓိဋ္ဌာန်ဖြင့် လျှောက်ထားချက်အရ ကြွရောက်လာခဲ့ပြီး မဟာမုနိကိုယ်ပွားတော်ကို ရင်ငွေ့တော်သွင်းထုလုပ်စေခဲ့ကာ မဇ္ဈိမဒေသသို့ အပြန်ခရီးကောင်းကင်မှ ကြွလာစဉ် နမ္မဒါမြစ်ကမ်းအရောက် နတ်နဂါးတို့၏ တောင်းပန်လျှောက်ထားချက်အရ နောင်အရှည် သာသနာတွင် ကိုယ်စားပူဇော်နိုင်ရန် လက်ဝဲ ခြေတော်ရာတစ်ဆူ ချပေးခဲ့သည်ဆို၏။ နှစ်ပေါင်းများစွာ ပျောက်ကွယ်နေခဲ့သော နမ္မဒါမြစ်ကမ်းမှ ခြေတော်ရာကို လွန်ခဲ့သည့်နှစ်ပေါင်း သုံးဆယ်ခန့်က ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အလိုတော်ပြည့်ဆရာတော်ကြီး၏ ကောင်းမှုဖြင့် ပါဒခြေတော်ရာသမိုင်းဝင်နေရာမှာ စည်ကားလာခဲ့သည်။ နှစ်စဉ် ပြာသိုလရောက်တိုင်း ဘုရားပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ စစ်တွေမြို့မှ တစ်နာရီကျော်၊ နှစ်နာရီခရီးသာဝေးသော်လည်း ရသေ့တောင်မြို့နယ်ထဲမှာရှိသည့် ရခိုင်ပြည်နယ် ဗုဒ္ဓပါဒခြေတော်ရာ အကြောင်းကို ပြည်မကလူတွေ အများအပြား သိရှိကြသေးဟန်မတူပါ။

ဗုဒ္ဓခြေတော်ရာများနှင့်ပတ်သက်သော သမိုင်းအထောက်အထားများကို ဖတ်ရှုလေ့လာကြည့်သောအခါ တူညီနေသောအချက်တစ်ချက်မှာ ဘုရားပွင့်တော်မူပြီးနောက် သုနာပရန္တတိုင်း၊ ဓညဝတီတိုင်းသို့ ဒေသစာရီ ကြွရောက်ကာ ခြေတော်ရာများ ချန်ခဲ့ခြင်းဖြစ်သည်။ မကွေးတိုင်း မင်းဘူးမြို့နယ်ရှိ အထက်/အောက် စက်တော်ရာသမိုင်းတွင် နမ္မဒါမြစ်ကမ်းဟု ဖော်ပြသလို ယခု ရခိုင်ပြည်နယ် မိုးစည်ကျွန်းက ခြေတော်ရာသည်လည်း နမ္မဒါမြစ်ကမ်းအနီးဟု ဖော်ပြသည်။ အခြားသော ပါဒခြေတော်ရာသမိုင်းတွေအရ ကမ္ဘာပေါ်တွင် ဗုဒ္ဓခြေတော်ရာချထားခဲ့သည့် နေရာ ၁၀ ခုရှိရာ အိန္ဒိယတွင် လေးနေရာ၊ သီရိလင်္ကာတွင် တစ်နေရာ မြန်မာနိုင်ငံတွင် ငါးနေရာရှိပြီး ရခိုင်ပြည်နယ်အတွင်းမှာပင် ကျောက်ဖြူ မအီနှင့် ဖရုံကာကျွန်းတွင်လည်း ဗုဒ္ဓခြေတော်ရာများရှိသည်ဟု ဖော်ပြထားသည်။ မိုးစည်ကျွန်း ဗုဒ္ဓပါဒခြေတော်ရာနှင့်ပတ်သက်၍ ထူးခြားမှုများကို ပါဒသမိုင်းစာအုပ်တွင်ဖော်ပြထားသည်။ နတ်နဂါးများက လာရောက်ပူဇော်ကြသည့်အကြောင်း။ ထိုနေရာတစ်ဝိုက်တွင် ဘုရားဖူးလာသည့်နဂါးများ တွေ့ရသည့်အကြောင်းတွေ ပါဝင်သည်။ နောင်တွင် ဘုရားဖူးများဖြင့် အမြဲစည်ကားလာနိုင်သည့် နေရာတစ်ခုဖြစ်သည်။

ကျွန်တော်တို့အဖွဲ့ ဗုဒ္ဓပါဒခြေတော်ရာရှိရာ တန်ဆောင်းအတွင်းသို့ ဝင်ပြီးဖူးမြော်ကြသည်။ ကျောက်ဆောင်တစ်ခုပေါ်တွင် ထင်ကျန်နေသော ခြေတော်ရာကို နဂါးနှစ်ကောင်ရုပ်တုက ခေါင်းချင်းဆိုင် ကွေ့ပတ်ကာရံပေးထားသည်။ သိပ်ပြီးမကြီးလှပါ။ ထိုခြေတော်ရာ ထင်နေသော ကျောက်ဆောင်တစ်ခုလုံးကိုမိုးပြီး တန်ဆောင်းဆောက်ကာ လူအများပူဇော်နိုင်အောင် ပြုလုပ်ထားခြင်းဖြစ်သည်။ စိတ်ဝင်စားစရာတော့ကောင်းပါသည်။ အချို့က ခြေတော်ရာထဲသို့ ငွေစက္ကူတွေပစ်ချသည်။

ခြေတော်ရာတန်ဆောင်းသို့ ရောက်ရှိပြီး မကြာမီမှာပင် အလိုတော်ပြည့်ဆရာတော်ကြီး ကြွရောက်လာသဖြင့် တန်ဆောင်းအတွင်း ရောက်ရှိနေကြသော ဒေသခံအချို့နှင့်အတူ မိမိတို့အဖွဲ့ ဆရာတော်ကြီးကို ဦးခိုက်ကြသည်။ သတင်းတွေထဲမှာ မကြာခဏဖတ်ရ၊ မြင်နေရသော်လည်း ဆရာတော်ကြီးကို ယခုလို ကိုယ်တိုင်ကိုယ်ကျဖူးမြော်ခွင့် တစ်ကြိမ်မျှ မကြုံဖူးသေးပါ။ ယခု ရခိုင်ခရီးစဉ်တွင် ထူးထူးခြားခြား ဆရာတော်ကြီးကို ဖူးခွင့်ရခဲ့သလို ဩဝါဒစကားအချို့ကိုလည်း နာကြားခွင့်ရခဲ့သည်။

ယခု မိုးစည်ကျွန်း ဗုဒ္ဓပါဒခြေတော်ရာ သာသနိကနယ်မြေ စည်ပင်တိုးတက်နေရခြင်းမှာ ဆရာတော်ကြီး၏ ဦးဆောင်ကြိုးပမ်းမှုကြောင့်ဖြစ်သည်။ ဤနေရာသာမက ဆရာတော်ကြီးသည် ရခိုင်ပြည်နယ်အတွင်း ဗုဒ္ဓသာသနာပြုလုပ်ငန်း အများအပြားကို လွန်ခဲ့သည့်နှစ်များစွာကတည်းက လုပ်ဆောင်နေခဲ့သည်။ ဤဒေသသည် ဆရာတော်ကြီး၏ ဇာတိနယ်မြေလည်းဖြစ်သည်။ ရခိုင်အရေးနှင့်ပတ်သက်လာလျှင် ဆရာတော်ကြီးက အလုံးစုံသိနားလည်သည်။ ဤဒေသကို ဘင်္ဂါလီတွေ တဖြည်းဖြည်းလွှမ်းမိုးလာသည့်ကိစ္စ၊ ရခိုင်လူမျိုးတွေ တဖြည်းဖြည်းနှင့် ဒေသကို စွန့်ခွာသွားနေသည့်ကိစ္စ၊ ဒေသမဖွံ့မဖြိုး ခေတ်နောက်ကျ ကျန်နေသည့်ကိစ္စ၊ ရခိုင်လူမျိုးတွေဘဝ မလုံမခြုံဖြစ်လာသည့်ကိစ္စ၊ ဆင်းရဲနွမ်းပါးမှုကိစ္စ အားလုံးကို ဆရာတော်ကြီးသိသည်။

> **ဤဒေသသည် ဆရာတော်ကြီး၏ ဇာတိနယ်မြေလည်းဖြစ်သည်။ ရခိုင်အရေးနှင့်ပတ်သက်လာလျှင် ဆရာတော်ကြီးက အလုံးစုံသိနားလည်သည်။ ဤဒေသကို ဘင်္ဂါလီတွေ တဖြည်းဖြည်းလွှမ်းမိုးလာသည့်ကိစ္စ၊ ရခိုင်လူမျိုးတွေ တဖြည်းဖြည်းနှင့် ဒေသကို စွန့်ခွာသွားနေသည့်ကိစ္စ၊ ဒေသ မဖွံ့မဖြိုး ခေတ်နောက်ကျ ကျန်နေသည့်ကိစ္စ၊ ရခိုင်လူမျိုးတွေဘဝ မလုံမခြုံဖြစ်လာသည့်ကိစ္စ၊ ဆင်းရဲနွမ်းပါးမှုကိစ္စအားလုံးကို ဆရာတော်ကြီးသိသည်။**

“ဘုန်းကြီးက ပြီးခဲ့တဲ့အစိုးရလက်ထက်ကတည်းက အဲဟိုဘက် အငူမော်လမ်းကို ပြင်ဖို့ပြောဖူးတယ်။ ဖြစ်မလာပါဘူး။ ရခိုင်က ဖွံ့ဖြိုးတိုးတက်မှု အရမ်းနောက်ကျနေတယ်။ ဘုန်းကြီးတို့ကတော့ တတ်နိုင်သလောက် လုပ်နေတာပဲ”

“အခု ဒကာကြီးတို့လာတော့ ဟိုမှာ ဘာတွေတွေ့ခဲ့ရသလဲ” ဟု မေးသည်။ အဖွဲ့ထဲက အသက်အကြီးဆုံး သတင်းစာဆရာကြီး ဟံသာဝတီ ဦးအုန်းကြိုင်က အငူမော်မှ မောင်တောအထိ၊ မောင်တောမှ မြောက်ပိုင်းအထိ တွေ့ခဲ့ရသည့်အခြေအနေကို ပြောပြသည်။ ဆရာတော်ကြီးက ငြိမ်ပြီး နားစိုက်ထောင်နေသည်။ အတန်ကြာတော့မှ

“သူတို့တွေက အချင်းချင်း အဆက်အသွယ်ရှိကြတယ်။ ဒီမှာ အခြေအနေမကောင်းရင် ပြန်လာမှာမဟုတ်ဘူး” ဟု ထွက်ပြေးသွားသည့် ဘင်္ဂါလီတွေနှင့်ပတ်သက်ပြီး မှတ်ချက်ပေးသည်။ “အခု ဒီမှာ လူတွေအားလုံး စိတ်ဒုက္ခရာတွေ ရနေကြတယ်။ ဒါကို လျှော့ချပေးဖို့လိုတယ်။ ဘုန်းကြီးက ဟို ရသေ့တောင်မှာ ဂီတပွဲတွေ လုပ်ပေးချင်တယ်။ ဘုန်းကြီးမှာ အနုပညာသမားတွေ အများကြီးရှိတယ်။ သူတို့ကိုခေါ်လာပြီး ဖျော်ဖြေပေးချင်တယ်။ ဒါပေမဲ့ အခုမလုပ်ပါနဲ့ဦး။ ကာဖျူးထုတ်ထားတုန်းမို့ ဆိုတော့ မလုပ်ဖြစ်ဘူး”

ဆရာတော်ကြီးမှာ ဒေသအကျိုးအတွက် စိတ်စေတနာကောင်းပြည့်ဝသူဖြစ်သည်။ ဒေသကို ဖွံ့ဖြိုးစေချင်သည်။ စည်ပင်စေချင်သည်။ သို့သော် ရခိုင်မြောက်ပိုင်း အခြေအနေတွေက အားလုံးသိကြသည့်အတိုင်းပင်။ ပြဿနာတွေက တစ်ခုပြီး တစ်ခု။

■ ချစ်ဝင်းမောင်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၈၉)

**မမ္မဒူတအရှင်ဆေကိန္ဒ**

ဘဝ ဖြောင့်ကြောင်း တစေ့တစောင်းလို့ အမည်ပေးပြီးတော့ ပြောခဲ့တာပေါ့လေ ကိုယ့်ဘဝအကြောင်းပြောခဲ့တာ အပိုင်း (၁၈၉) ရောက်သွားပြီ။ ရောက်သွားတဲ့အခြေအနေ၊ နေရာ၊ ဒေသ၊ အရွယ် ပြောရင်တော့ ကိုယ်ကိုယ်တိုင် တောထဲက သစ်လုံးတွေကို တစ်ပင်စီ၊ တစ်ပင်စီခုတ်ပြီးတော့ ဖြတ်ပြီးတော့ အဲဒီသစ်လုံးတွေ တစ်လုံးစီ တစ်လုံးစီကို ပိုတန်းကြီးနဲ့ တန်းပြီးတော့ တစ်ပျစ်ပြီးတစ်ပျစ် ချည်တွဲလို့ ဒီသစ်လုံးကို ကိုယ်ပဲ နဖားဖောက်ပြီးတော့ ကိုယ်ပဲထုသတ်ပြီးတော့ သစ်ဖောင်ကြီးတစ်ဖောင် ငါးပျစ် သစ်ဖောင်ကြီးတစ်ဖောင် ဖြစ်သွား။ အပေါ်မှာပဲ တဲကြီး တဲအိမ်ကြီး ကိုယ်ကိုယ် တိုင်တည်ဆောက်ကြလို့ အဲဒီသစ်ဖောင်ကို မျှောပြီးတော့ တဲထဲမှာထိုင်လိုက် အပြင်လေ့ပေါ်ထိုင်လိုက် သစ်ဖောင်တွေပေါ်မှာ လျှောက်သွားလိုက် သစ်ဖောင်တွေပေါ်မှာထိုင်လိုက်။ လှော်တက်နဲ့ခတ်လိုက်။

အဲဒီလို သစ်ဖောင်စထွက်လာပြီးတော့ လမ်းမသိ၊ လမ်းသိတဲ့လူလည်း မငှား၊ လက်နဲ့လည်း အားရပါးရမလှော်နိုင်၊ ဆွဲခေါ်နိုင်တဲ့စက် မော်တော်လည်း မငှားဘဲနဲ့ ကိုယ်တိုင်စုန်လာလိုက်ကြတာ သစ်ဖောင်ကြီးတင်သွားတာပေါ့လေ။ သစ်ဖောင် သောင်တင်တယ် ခေါ်တာပေါ့။ တော်ပါသေးတယ် ရေတက်နေတဲ့အချိန်မို့လို့။ ရေလေးက တဖြည်းဖြည်း တက်လာတက်လာရင်းနဲ့ သစ်ဖောင်ကြီးက ကြွကြွ ကြွကြွပြီးတော့ ဂွနဲ့လှည့်ရိုက်ပြီးတော့ ဂွဲကြောင်းက ကြိုးက နှစ်ကြိုးထားတာကိုး။ ဂွနှစ်ကြိုးထားပြီးတော့ ဂွရိုက်ပြီးလှည့်တယ်ဆိုတာက ဒီသစ်ဖောင်ကို အောက်ကိုမရောက်အောင် ဘရိတ်အုပ်သလိုမျိုး။ ဂွတိုင်နဲ့စိုက်ပြီးတော့ ထောက်၊ ထိန်းထားတာ။ ဒီကြိုးနဲ့ ဒီရေစီးကြောင်းနဲ့က ဖြောင့်နေတာ။ တကယ်လို့များ ကိုယ်က အရှေ့ဘက်လိုင်းကို သွားချင်တယ်ဆိုရင် အရှေ့ဘက်က နောက်ထပ် ဂွတိုင်တစ်တိုင်စိုက်။ ၁၀ ပေ၊ ၁၅ ပေ၊ ပေ ၂၀၊ ပေ ၃၀ ပေါ့။ ဒါကတော့ အခြေအနေပေါ် မူတည်ပြီးတော့စိုက်။ စိုက်ပြီးတော့ အဲဒီစိုက်လိုက်လို့ အဲဒီကြိုးလေး စိုက်လို့ ထိန်းလို့ ပြီးပြီဆိုတာနဲ့ ဟိုဘက် တည့်စိုက်ထားတဲ့ ဂွတိုင်ကိုဖြုတ်လိုက်။ ဖြုတ်လိုက်တော့ ဖောင်ကြီးက တဖြည်းဖြည်းနဲ့ ဖျစ်ဖျစ် ဖျစ်ဖျစ်ဆို ရွေ့ပြီးတော့ အရှေ့ဘက် ၁၅ ပေ၊ ပေ ၂၀၊ ပေ ၃၀ စိုက်ထားတဲ့ဘက်သူကရောက်သွားတာကိုး။ ဖောင်ကြီးက ရေစီးအားနဲ့ အဲဒီဘက်လှည့်သွားတာ။

အဲဒီလိုနဲ့ပဲ ကိုယ်က ဖောင်က ရွှေ့ရွှေ့ပေးရတယ်။ ဘယ်ဘက်ကိုရွှေ့ချင်ရင် ဘယ်ဘက်ကိုစိုက်ပြီးတော့ ယာဘက်ကိုရွှေ့ချင်ရင် ယာဘက်ကို စိုက်ပြီးတော့။ ဒါကလည်း သစ်ဖောင်သမားတွေရဲ့ အတတ်ပညာတွေပါပဲလေ။ ဟာ မင်းတို့ကရော ဘယ်တုန်းက တတ်ထားတုံး၊ မင်းတို့ကရော တတ်ထားလို့လားဆိုတော့ အဲလိုရယ် မဟုတ်ဘူး။ မြင်ဖူး တွေ့ဖူး ကြုံဖူးတာရယ် ဝါးဖောင်လောက်တော့ လုပ်ဖူးတာပေါ့လေ။ အဲဒါတွေနဲ့ပဲ မြင်စရာတွေကို သင်ပြီးတော့ ဆရာတင်ပြီးတော့ တတ်ခဲ့တာပေါ့။ သစ်ဖောင်ကတော့ ဒီက ရေလေးမြောက်လာ ကြွလာ ဂွဲထောက် ဂွဲထောက်ပြီးတော့ လှည့်လှည့်လှည့်လှည့်ပြီးတော့ သစ်ဖောင်လွတ်အောင်ရုန်းရင်ကြွလည်းကြွတက်လာတယ် ရေက။ အချိန်လေးနည်းနည်းစောင့်ရတာပါပဲ။ သစ်ဖောင်ဘေး သောင်နဲ့လွဲသွားပြီပေါ့ မြစ်ကြောင်းဘက် ပြန်ရွှေ့ပေးရတာပေါ့။ ဒီသစ်ဖောင်အကြောင်း သစ်ဖောင်စုန်တဲ့အကြောင်း ပြောရင် ဆက်ပြောရင်လည်း ပြောစရာတွေ အများကြီးပါ။ တစ်ရက် တစ်ညခရီးလည်း မဟုတ်၊ နှစ်ရက် နှစ်ညခရီးလည်း မဟုတ်။ ခုနစ်ရက် ခုနစ်ညခရီးလည်း မက ဒီလိုသွားကြရတာကိုး။

အမှန်ကတော့ တကယ်စုန်တတ်ရင် လမ်းကြောင်းမှန်ရင် လေးငါးညနဲ့ ရောက်တာပေါ့။ ဘုန်းဘုန်းတို့



ဓာတ်ပုံ – ရဲပြည့်စာနည်း

**ကောင်းတဲ့အလုပ် လုပ်ဖြစ်ဖို့၊ ကောင်းတဲ့အပြော ပြောဖြစ်ဖို့၊ ကောင်းတဲ့စိတ်ကူးတွေ စိတ်ကူးဖြစ်ဖို့ရာအတွက် ကောင်းတဲ့စိတ်ဓာတ် မွေးတာရယ်လို့တော့ သီးခြားမဟုတ်ဘူး။ နည်းနည်း ငယ်ကတည်းကတော့ ကောင်းတဲ့စိတ်တော့ နည်းနည်းပါတယ်။**

**ကောင်းတဲ့စိတ်တော့ နည်းနည်းပါတယ်။**

သစ်ဖောင် ဝါးဖောင်သမားတွေ ဧရာဝတီမြစ်ဘေးနေတော့ ရေသမားတွေ။ ဟာ မြစ်ကြီးနားမှာ ရေကြီးနေပြီဟေ့ ဟာ မြစ်ကြီးနားမှ ရေကျပြီဟေ့။ အဲ မြစ်ဘေးချောင်းဘေး နေတဲ့သူက ရေကြီးတယ် ရေတက်တယ် ရေကျတယ်တော့ သိတယ်။ ဒါပေမဲ့ သမုဒ္ဒရာ ပင်လယ်က ရေတက်တာ ရေကျတာချင်း မတူဘူး။ သမုဒ္ဒရာက ရေတက်တာက ဒီလိုမြင့်တက်လာလိုက် ပြန်လျော့သွားလိုက်။ မြင့်တက်တဲ့အချိန် ရေတွေ အထက်စီးလာလိုက်။ နိမ့်ကျသွားတဲ့အချိန် အောက်စုန်လိုက်။ တစ်ရက်ကို တစ်ခါ နှစ်ခါ အဲလိုမျိုး ပင်လယ်ရေအတက်အကျပုံသေရှိတယ်။ ဒီရေအတက်အကျ ပုံသေရှိတယ်။ မြစ်ရေကျတော့ အဲဒီလိုမျိုး မဟုတ်ဘူး။ ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဆိုတာ မတိုင်ခင် ကဆုန်၊ နယုန်ကစပြီးတော့ ရေတွေ နယုန်၊ ဝါဆိုက စပြီးတော့ ရေတွေ။ မိုးရွာလို့ ရေကြီးတာ။ မြစ်ကြီးနား ရေကျပြီဟေ့ ဆိုတာနဲ့ ကသာမှာ နောက်တစ်ရက်ဆိုရင် အဲဒီကျတဲ့ရေတွေ ကသာမှာ တက်ပြီ။ ကသာမှာ ရေကျပြီဆို နောက်တစ်ရက် ဘယ်မှာတက်ပြီ။ မြစ်ကြီးနားကနေ စစ်ကိုင်းထိဆိုရင် သုံးရက်ခွဲ၊ လေးရက်လောက်။ မြစ်ကြီးနား ရေကျပြီဆိုရင် စစ်ကိုင်းက ကြောက်တော့ နောက်လေးရက်။ လေးရက်ကျော်မှ ကျမှာ လေးရက်အတွင်း သူကတိုးမှာပဲ။ ဒါကတော့ မြစ်ရေနဲ့ပတ်သက်တဲ့ ဗဟုသုတ ပြောပြတာပါ။

အခု သစ်ဖောင်မျှောချတဲ့အခါမှာ ကြုံရတာတွေက အံ့စရာကောင်းပါတယ်။ မကြုံစဖူးလည်း ကြုံပါတယ်။ သစ်ဖောင်သမားတိုင်း ကြုံမှကြုံရဲ့လားတောင် သစ်ဖောင်သမားကြီးတွေ တွေ့ရင်။ အရင်တုန်းကတော့ ကိုယ့်ထက်ကြီးတဲ့ သစ်ဖောင်သမားတွေပေါ့ ကိုယ်က လူငယ်ကိုး။ အခုကျတော့ ကိုယ့်နောက်က သစ်ဖောင်သမားတွေလည်း ပေါ်လာကြမှာလေ။ ဒါပေမဲ့ ဘုန်းဘုန်းတို့တုန်းကလို စက်မပါ၊ လမ်းပြမပါ၊ စက်လှေမပါ၊ မော်တော်မပါဘဲနဲ့ စုန်တာမျိုးကျတော့ ခုခေတ်တော့ တော်တော်ရှားသွားပါပြီ။ ကြုံရတာတွေ အများကြီး။ တစ်ခုတော့ ပြောချင်ပါတယ် ပြောနိုင်ပါတယ် သေကောင်ပေါင်းလဲ တကယ်ကို ယောက်ျားဖောင်စီးဆိုတာ သေကောင်ပေါင်းလဲဆိုတာ သေကောင်ပေါင်းလဲတွေ တစ်ကြိမ် နှစ်ကြိမ် သုံးလေးကြိမ်မက အများကြီး ကြုံရပါတယ်။ ဒါပေမဲ့ ပြောရဲတယ်၊ ပြောနိုင်တယ် ဆိုတာက မသေပါဘူး။ ဘာလို့ မသေတာတုံးလို့မေးရင် အရင်တစ်ခါတုန်းက ပြောခဲ့တယ် ဘဝဖြောင့်ကြောင်းထဲမှာပဲ ဒီ ၁၆ နှစ်၊ ၁၀ တန်း ဖြေပြီးတဲ့အခါ မီးရထားခေါင်မိုးပေါ် လိုက်ပြီးတော့ မီးရထားတွဲတွေထဲမှာ ဆန်အိတ်တွေတင်လို့၊ မိုးရွာရင် မီးရထားတွဲကြားထဲကထိုင်လို့ ဆန်မှောင်ခိုကူးခဲ့တယ်။ ဆန်အရောင်းအဝယ် လုပ်ခဲ့တယ် ဆန်ချခဲ့တယ်ပေါ့လေ။ အဲဒီလို ပြောခဲ့တာလေးလည်းရှိတယ်။ အဲဒီတုန်းကဆိုရင် ရထားတွဲကြားမှာ ထိုင်နေရင်းနဲ့ ပင်ပန်းလွန်းအားကြီးလို့ မိုးလေးတဖွဲဖွဲနဲ့ ရထားတွဲနှစ်ခုကြားထဲက သံဖလက်ပြားလေးမှာ ထိုင်ရင်းနဲ့ ငိုက်ပြီးတော့ ပြုတ်ကျသွားတာဟာ နောက်ဆုံးအစ်ကိုကောက်ဆွဲသွားလို့ ကန့်လန့်ကြီးတင်ပြီးတော့ အောက်ထဲမကျတာ ပြောခဲ့ဖူးပါတယ်။

မသေဘူး မသေဘူး။ ဘာလို့မသေတာလဲလို့ပြောရင် အဲဒီရထားထဲမှာ ကျတဲ့အခါကျတော့ ဉာဏ်ကလည်း တုံးတယ်လေ။ ဒီကြားထဲ ရထားတွဲနှစ်တွဲကြားထဲ နေမှတော့ ငိုက်လည်းငိုက်မှတော့ ပြုတ်ကျ သေမှာပဲလေ။ ဉာဏ်လည်းတုံးတယ် ဝီရိယကလည်း ငိုက်လွန်းအားကြီးတော့ ဘာဝီရိယမှ မရှိဘူး။ ကိုယ့်အသက်တောင် ကိုယ်ကယ်နိုင်တဲ့ဝီရိယ မရှိဘူး။ ဒါပေမဲ့ ကိုယ့်အစ်ကိုက ဖတ်ခနဲဆို။ တစ်ခုပါပဲ အစ်ကိုဆွဲလိုက်လို့ ကံကောင်းသွားတာ။ ဗုဒ္ဓဘာသာဝင်တွေ ပြောတဲ့အပြောပေါ့။ တစ်နည်းပြောပါဆိုရင် ကံကောင်းတယ်ဆိုတာ ကိုယ် သေကံမရောက် သက်မပျောက်တာပဲ။ သေကံ ဘာလို့မရောက်တာလဲ လူတိုင်းလူတိုင်းဟာ အသက် ၁၂၀ ရှည်စေသော်လို့ ပြောတိုင်း ရှည်တာမှ မဟုတ်တာ။ အသက် ၆၀ နဲ့ပဲ သေပါစေလို့ ပြောလည်း သေချင်မှသေတာ။ သူ့အသက်ဆိုတာ ရှိတယ်။ သူ့ကံဆိုတာရှိတယ်။ သူ့အသက်ကံဆိုတာ ရှိတယ်။ အသက်ကုန်ရင်လည်း သေတတ်တာပဲ ကံကုန်ရင်လည်း သေတတ်တာပဲ။ အသက်ရော ကံရော နှစ်မျိုးလုံးကုန်ရင်လည်း သေတတ်တာပဲ။ အဲဒီတော့ အသက်တော့ကုန်တယ် ကံရှိသေးတယ်ဆို မသေဘူးလေ။ ကံတော့ကုန်သွားပြီ အသက်ရှိသေးတယ်ဆိုရင် မသေဘူးလေ။ ကံထပ်လုပ်ဖို့ ကောင်းတယ်။ အသက်ရှည်တဲ့ကံမျိုး။ ကံရော အသက်ရော အသက်အပိုင်းခြားရော ကုန်ပြီဆိုမှတော့။ အသက်အပိုင်းခြားဆိုတာ အခုက ၇၅ နှစ်တန်းဆို ၇၅ နှစ်ပြောတာ။

ဒီနေရာမှာ ကံဆိုတာကို ပြောချင်တယ်။ ကံဆိုတာကို အဓိကပြောချင် အဲဒီဘက်ကို နည်းနည်းလေး လှည့်ပြောချင်တယ်။ ကံဆိုတာ ကုသိုလ်ကံကို ခေါ်တာ။ ကောင်းတာလုပ်တာကို ကုသိုလ်ကံ၊ ကောင်းတာပြောတာကို ကုသိုလ်ကံ၊ ကောင်းတာစိတ်ကူးတာကို ကုသိုလ်ကံ။ ငယ်တုန်းကတော့ ကုသိုလ်ကံဆိုတာ ရယ်လို့ မသိပါဘူး။ ကောင်းတဲ့စိတ်ရှိရင် ကောင်းတာလုပ်ဖြစ်တယ်၊ ကောင်းတာလုပ်ဖြစ်တယ်၊ ကောင်းတာစိတ်ကူးဖြစ်တယ်။ ကောင်းတာလုပ်ဖြစ်ဖို့ ကောင်းတာပြောဖြစ်ဖို့ ကောင်းတာစိတ်ကူးဖြစ်ဖို့ ကောင်းတဲ့စိတ်မွေးတာရယ်လို့တော့ မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ထဲ ပါချင်ပါတတ်တာပေါ့လေ။ ကောင်းတဲ့အလုပ် လုပ်ဖြစ်ဖို့ ကောင်းတဲ့အပြော ပြောဖြစ်ဖို့ ကောင်းတဲ့စိတ်ကူးတွေ စိတ်ကူးဖြစ်ဖို့ရာအတွက် ကောင်းတဲ့စိတ်ဓာတ် မွေးတာရယ်လို့တော့ သီးခြားမဟုတ်ဘူး။ နည်းနည်း ငယ်ကတည်းကတော့ ကောင်းတဲ့စိတ်တော့ နည်းနည်းပါတယ်။ ကောင်းတဲ့စိတ်တော့ နည်းနည်းပါတယ်။ ကောင်းတဲ့စိတ် နည်းနည်းပါတယ်ဆိုတာက ပိုင်းကြည့်ရမှာပေါ့လေ။ လူတစ်ယောက်ဟာ လူရယ်လို့ ဖြစ်လာလို့ရှိရင် အရင်ဘဝ ဘဝတစ်ခု ဘဝတစ်ခုက လူကပဲ လူပြန်ဖြစ်သည်ဖြစ်စေ၊ ပြိတ္တာကပဲ လူပြည်ပြန်ရောက် လူပြန်ဖြစ်သည်ဖြစ်စေ ဗုဒ္ဓဘာသာအလိုအရ။ တိရစ္ဆာန်ကပဲ လူ့ဘဝကိုတက်လာသည်ဖြစ်စေ၊ နတ်ပြည်ကပဲ လူ့ဘဝကိုဆင်းလာသည်ဖြစ်စေ ဒီလူဆိုတာ ကုသိုလ်ကြောင့် ဒါလူလာဖြစ်တာ။

ကောင်းတဲ့အလုပ် ကောင်းတဲ့အပြော ကောင်းတဲ့စိတ်ကူးတွေ ပြုနေ ပြောနေ ကြံစည်ခဲ့တုန်းက အဲဒီစိတ်ကောင်းလေးဟာ သေခါနီးအချိန်မှာ စိတ်ကောင်းဓာတ်ကလေးနဲ့ သေလာလို့ လူ့ပြည်ရောက်တာ။ သေခါနီးအချိန်မှာ ဆိုးတဲ့စိတ်ဓာတ်ဆိုးနဲ့သာ သေလာရင် လူ့ပြည်ရောက်မှာ မဟုတ်ဘူး။ လူ့ပြည်ရောက်လာတဲ့သူတိုင်းဟာ ...။

■ **မမ္မဒူတ အရှင်ဆေကိန္ဒ**

**(ဆက်လက်ဖော်ပြပါမည်။)**

# ပြည်ပသို့ မြွေဆိပ်ဖြေဆေး

# အလုံးရေ တစ်သောင်း တင်ပို့မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းက လာအိုနှင့် ကမ္ဘောဒီးယားသို့ ဖေဖော်ဝါရီလအတွင်း မြွေဆိပ်ဖြေဆေး အလုံးရေ တစ်သောင်း တင်ပို့မည်ဖြစ်ကြောင်း ယင်းလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောကြားသည်။

“ဒါက ပုံမှန်ဈေးကွက်ကနေ ပို့လို့ရတဲ့အနေအထား မဟုတ်ဘူးပေါ့။ သူတို့ဘက်က ကျန်းမာရေးဝန်ကြီးဌာနနဲ့ FDA ညှိနှိုင်းတယ်”ဟု ၎င်းက ရှင်းပြသည်။

မြန်မာ့ဆေးဝါးလုပ်ငန်းအနေနှင့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏အမှာစာ ရှစ်သောင်းကို ပြည့်မီစွာထုတ်လုပ်ပေးနိုင်ခဲ့ပြီး ယခုအခါ မြွေဆိပ်ဖြေဆေးကို နိုင်ငံအတွင်းလိုအပ်ချက်ထက် ပိုမိုထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း မြန်မာ့ဆေးဝါးလုပ်ငန်းထံမှ သိရသည်။

အဆိုပါ မြွေဆိပ်ဖြေဆေးထုတ်လုပ်သည့် အဆောက်အအုံကို ၂၀၁၅-၁၆ တွင် တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ကမ္ဘာ့အဆင့်မီ မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှု အဆောက်အအုံကို ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုနောက်ပိုင်းတွင် Bivalentဟုခေါ်သည့်မြွေပွေး၊ မြွေဟောက်အဆိပ်ကိုဖြေနိုင်မည့် မြွေဆိပ်ဖြေဆေးကိုပါ ထုတ်လုပ်ရန် လုပ်ဆောင်လျက်ရှိကြောင်း ဦးကိုကိုအောင်က ဖြည့်စွက်ပြောကြားသည်။

“ဒီနှစ်အတွက် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက မြွေဆိပ်ဖြေဆေး ခြောက်သောင်းလောက် အမှာစာရှိနေတယ်။ ကျွန်တော်တို့ကတော့ ဒီနှစ်လည်း ပုံမှန်ဆိုရင်တော့ တစ်သိန်းမှန်းထားပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်တွင်း မြွေဆိပ်ဖြေဆေး လိုအပ်ချက်က ရှစ်သောင်းလို့ သိထားတယ်။ ဒီထက် ပိုထုတ်လိုက်မယ်ဆိုရင်လည်း ကျွန်တော်တို့မှာ စတော့တွေ ကျန်သွားလိမ့်မယ်”ဟု ၎င်းကဆိုသည်။

ဇန်နဝါရီလအတွင်းကလည်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘောဒီးယားသို့မြွေဆိပ်ဖြေဆေးများ တင်ပို့ခဲ့ဖူးကြောင်း မြန်မာ့ဆေးဝါးလုပ်ငန်းထံမှ သိရသည်။

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) သည် ဆေးဝါး ၁၉၇ မျိုးကို ထုတ်လုပ်လျက်ရှိပြီး ထပ်မံ၍လည်း ဆေးဝါးအသစ်များကို တိုးမြှင့်ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိကြောင်း ယင်းစက်ရုံထံမှ သိရသည်။ ■

J-12

# ဆေးယဉ်ပါးတီဘီရောဂါဆိုင်ရာ လူထုလှုံ့ဆော်လှုပ်ရှားမှု စတင်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ၏ ပထမဦးဆုံး အမျိုးသားအဆင့် ဆေးယဉ်ပါးတီဘီရောဂါဆိုင်ရာ လူထုလှုံ့ဆော်လှုပ်ရှားမှုလုပ်ငန်းကို နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုများ၊ မီဒီယာများက ဖေဖော်ဝါရီလနှင့် မတ်လအတွင်း တစ်နိုင်ငံလုံးသို့ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းထံမှ သိရသည်။

တီဘီရောဂါကုသမှုကို အချိန်ကာလအပြည့်မခံယူခြင်း၊ ဆေးများကိုညွှန်ကြားထားသည့်အတိုင်း မှန်ကန်စွာမသောက်ခြင်း၊ အရည်အသွေးမပြည့်မီသော ဆေးဝါးများကိုအသုံးပြုခြင်း၊ ဆေးကုထုံးမှားယွင်းခြင်း စသည့်အချက်များကြောင့်တီဘီရောဂါကုဆေးများကို တီဘီပိုးကယဉ်ပါးသွားပြီး ဆေးယဉ်ပါးတီဘီကို ဖြစ်ပွားနိုင်သည့်အတွက် လူထုလှုံ့ဆော်လှုပ်ရှားမှုလုပ်ငန်းများ လိုအပ်လျက်ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောကြားသည်။

ယင်းလှုပ်ရှားမှုအစီအစဉ်တွင် လူထုအခြေပြု ဆေးယဉ်ပါးတီဘီဆိုင်ရာ ကြော်ငြာများကို မြန်မာနိုင်ငံတစ်ဝန်း မြို့နယ် ၁၀ မြို့နယ်ရှိမင်္ဂလာရုံအပါအဝင်ဆက်စပ်ရုပ်ရှင်ရုံ ၂၂ ရုံတွင်ပြသခြင်းများ ပါဝင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ကျန်းမာရေးဌာနများတွင် ဆိုင်းဘုတ် အခု ၃၀၀ စိုက်ထူခြင်း၊ ပိုစတာ ၃၀,၀၀၀ ဖြန့်ချိခြင်း၊ လက်ကမ်းစာစောင် ၁၅၀,၀၀၀ ဖြန့်ဝေခြင်းများကို လုပ်ဆောင်သွားမည်ဖြစ်သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းအနေနှင့် ဆေးယဉ်ပါးတီဘီရောဂါ အန္တရာယ်များကိုသတိပေးသည့် အမျိုးသားအဆင့် လူထုလှုံ့ဆော်လှုပ်ရှားမှု အစီအစဉ်ကို ဖေဖော်ဝါရီလ ၉ ရက်နေ့မှ စတင်ခဲ့ပြီး ထိုလှုပ်ရှားမှု ပြီးဆုံးသည့်အချိန်တွင်လည်း တွေ့ရှိချက်များကို အကဲဖြတ်သုံးသပ်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

■ J-12

The VOICE Daily

CARTOON




## News In Brief

### Ferrovit Women Walkathon ပွဲ ကျင်းပမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

Ferrovit နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ပဉ္စမအကြိမ်မြောက် အမျိုးသမီး လမ်းလျှောက်ပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် သုဝဏ္ဏမိုးလုံလေလုံကစားကွင်း၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲလိုသည့်သူများအနေနှင့် Online Registeration ကို https://goo.gl/forms/OLp0Z0zcnhQeEDq33 မှတစ်ဆင့် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညနေ ၅နာရီအထိ နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။ ■ J-12

### အသည်း၊ ကျောက်ကပ်ရောဂါ ကျန်းမာရေးဆိုင်ရာ ဟောပြောမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

အသည်းနှင့် ကျောက်ကပ်ရောဂါရှင်များအတွက် ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲကို အိန္ဒိယနိုင်ငံ Fortis ဆေးရုံကြီးမှ ဆရာဝန်များက Grand Hantha International Hospital တွင် ဖေဖော်ဝါရီလ ၁၇ ရက်နေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ဟောပြောဆွေးနွေးမည်ဖြစ်သည်။

တက်ရောက်လိုသူများသည် ဖုန်းနံပါတ် ၀၉ ၄၅၃၉ ၅၅၅၀၁၊ ၀၉ ၄၅၃၉ ၅၅၅၀၂ သို့ ကြိုတင်စာရင်းပေးသွင်းကာ အခမဲ့တက်ရောက်နိုင်သည်။ ■ J-12

### မြန်မာကျန်းမာရေးဆိုင်ရာပြပွဲ ပြုလုပ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များအသင်းနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးသည့် တတိယအကြိမ်မြောက် မြန်မာကျန်းမာရေးဆိုင်ရာပြပွဲ ‘3rd Myanmar Health Expo 2018’ ကို ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိ တပ်မတော်ခန်းမ (ရန်ကုန်) တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။ ■ J-12

### သံဓာတ်ချို့တဲ့မှု ရှိ၊ မရှိ စစ်ဆေးပေးမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

Nestle BEAR BRAND Myanmar က ကျင်းပပြုလုပ်သည့်သံဓာတ်ချို့တဲ့မှု ရှိ၊ မရှိ စစ်ဆေးပေးခြင်းကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့များတွင် နံနက် ၁၁ နာရီမှ ည ၇ နာရီအထိ မော်လမြိုင်ရှိ Ocean Super Center တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ ■ J-12

## နှလုံးခုန်နှုန်းစည်းချက်မမှန်ခြင်း

နှလုံး၏လျှပ်စီးကြောင်းစနစ်သည် နှလုံးအပေါ်ခန်းနှင့် အောက်ခန်းကြွက်သားများ စည်းချက်ညီညီညှစ်ရန်အတွက် ပုံမှန်လုပ်ဆောင်ပေးပြီး မူမမှန်သည့် လျှပ်စီးမှုများဖြစ်ပေါ်သောအခါ နှလုံးအပေါ်ခန်းကြွက်သားများ စည်းချက်ညီစွာ မညှစ်နိုင်တော့ဘဲ တုန်ခါမှုဖြစ်လာသည့် အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။

**အဆိုပါရောဂါခံစားရပါက -** ပင်ပန်းနွမ်းနယ်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ ရင်တုန်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ သာမန်ထက်ဆီးပိုသွားခြင်း၊ အသက်ရှူမဝခြင်းစသော လက္ခဏာများကို ခံစားရနိုင်ပါသည်။

ထို့အပြင် အသက်ကြီးသည့်သူများ၊ သွေးတိုးရောဂါရှိသူများ၊ နှလုံးနှင့်ပတ်သက်သည့်ရောဂါအချို့ရှိဖူးသူများ၊ (နှလုံးအားနည်း၍ အမောဖောက်သူများ၊ နှလုံးအဆို့ရှင်မကောင်းသူများ) ဆီးချိုရောဂါရှိသူများ၊ နာတာရှည်အဆုတ်ရောဂါရှိသူများ၊ အရက်သောက်သူများနှင့် အိပ်ပျော်စဉ် ဟောက်တတ်သူများသည် ယင်းရောဂါဖြစ်ပွားနိုင်သည့် အခြေအနေများရှိပါသည်။

ထိုကဲ့သို့ ရောဂါဖြစ်ပွားပြီဆိုပါက ကုသမှုခံယူသင့်ပါသည်။ ကုသမှုမခံယူဘဲနေပါက နှလုံးအခန်းများတွင် သွေးခဲမှုန်များဖြစ်ပေါ်တတ်ပြီး ယင်းအမှုန်များသည် သွေးလွှတ်ကြောများမှတစ်ဆင့် ခန္ဓာကိုယ်အနှံ့ပျံ့နှံ့ကာ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ ခြေလက်များ သွေးကြောပိတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းများ ဖြစ်လာနိုင်ပါသည်။

ထိုရောဂါသည် အသက်အရွယ်မရွေး ဖြစ်ပွားနိုင်သည့်အတွက် အစားအသောက်များကို ဆင်ခြင်စွာ စားသုံးသင့်ပါသည်။ ပြည့်ဝဆီပါသော အစားအစာများနှင့် ဆားကိုလျှော့စားသင့်ပါသည်။ ထို့အပြင် လေ့ကျင့်ခန်းကို မှန်မှန်ပြုလုပ်သင့်ပါသည်။ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်သင့်ပါသည်။ သွေးပေါင်ထိန်း၍ သွေးတွင်းအဆီဓာတ်ကိုပါ လျှော့ချသင့်ပါသည်။

■ Source : en.wikipedia.org

စိတ်ဓာတ်ကျရောဂါ

# “စိတ်ဓာတ်ကျရောဂါက ယေဘုယျအားဖြင့်ကြည့်ရင် အမျိုးသမီးတွေက အမျိုးသားတွေထက် နှစ်ဆလောက်ပိုဖြစ်တယ်”

## စိတ်ကျန်းမာရေးဆေးရုံကြီးမှ ကထိက ဒေါက်တာသက်ဇော်နှင့် တွေ့ဆုံခြင်း

သီတာဆွေ

**လူတိုင်းတွင် စိတ်နှင့်သက်ဆိုင်သည့် ရောဂါတစ်မျိုးမျိုးရှိတတ်ကြသည်။ မိမိတို့ကိုယ်တိုင် မသိလိုက်ဘဲ ဖြစ်ပေါ်နေသည့် စိတ်မကျန်းမာခြင်းများဖြစ်သည်။ ဖြစ်ပွားမှုများသည့်စိတ်နှင့်ပတ်သက်သည့်ရောဂါများစွာရှိသော်လည်း စိတ်ဓာတ်ကျခြင်းနှင့် စိုးရိမ်စိတ်လွန်ကဲခြင်းရောဂါတို့ ပိုမိုအဖြစ်များမှုကို တွေ့ရသည်ဟု ကျွမ်းကျင်ပညာရှင်များက သုံးသပ်ထားပြီး ယခုတစ်ပတ်တွင် စိတ်ဓာတ်ကျရောဂါနှင့်ပတ်သက်၍ စိတ်ကျန်းမာရေးဆေးရုံကြီးမှ ကထိက ဒေါက်တာသက်ဇော် နှင့် The Voice က မေးမြန်းဖြစ်သည်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

**Voice ။ စိတ်ဓာတ်ကျရောဂါဆိုတာကို ရှင်းပြပေးပါဦး။**

**Dr.TZ ။** လူတစ်ယောက်က စိတ်ဓာတ်တွေကျလာမယ်။ ဘာမှစိတ်မဝင်စားတော့ဘူး။ ပျော်လည်းမပျော်တော့ဘူး။ နုံးချိနေမယ်။ သူရဲ့ လုပ်ရည်ကိုင်ရည်တွေကလည်း ကျဆင်းလာတာမျိုးပေါ့။

**Voice ။ စိတ်ဓာတ်ကျတဲ့ လက္ခဏာတွေကရော။**

**Dr.TZ ။** အဓိကသတ်မှတ်တဲ့ အရေးကြီးလက္ခဏာကြီး နှစ်ခုရှိတယ်။ တစ်နေ့ကုန်နုံးချိပြီးတော့ အိပ်မပျော်တာပေါ့။ ဒီတော့ စိတ်ကမပျော်ဘူး၊ မလန်းဘူး။ နောက်တစ်ချက်ကတော့ အရင်က စိတ်ဝင်စားခဲ့တာတွေလည်း စိတ်မဝင်စားတော့ဘူး။ အရင်ပျော်ရွှင်ခဲ့တာမျိုး ပြန်လုပ်ကြည့်လည်း မပျော်တော့ဘူး။ အလွယ်တကူ မောပန်းနွမ်းနယ်နေမယ်။ ဒါတွေက အဓိကအချက်တွေပေါ့။ တခြားအချက်တွေကတော့ တချို့က အိပ်တာ၊ စားတာ မမှန် ဘူး။ အရမ်းအိပ်ပြီး အရမ်းစားတာရှိသလို တချို့ကျတော့လည်း မအိပ်ဘူး၊ မစားဘူး။ နောက်ပြီး ဆုံးဖြတ်ချက်ချတာတွေ နှေးလာတယ်။ ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိဘဲ အပြစ်ရှိသလို ခံစားနေရတယ်။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ကျဆင်းလာတယ်။ စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာရော လှုပ်ရှားမှုတွေ နှေးကွေးလေးလံလာတယ်။ ဒီထက်ပိုဆိုးတာက သေချင်စိတ်တွေပေါ်လာတာပေါ့။ ဒီလိုမျိုး အကုန်ဖြစ်စရာမလိုဘူး။ ဒီအထဲကမှ အချက်ငါးချက်လောက်က နှစ်ပတ်လောက်ရှိနေပြီး အလုပ်ပျက်၊ အကိုင်ပျက်ဖြစ်လာပြီဆိုရင် စိတ်ဓာတ်ကျတဲ့ရောဂါလို့ သတ်မှတ်တာပေါ့။

**Voice ။ ဒီရောဂါမျိုးက ဘယ်လိုလူတွေမှာ အဖြစ်ပိုများပါသလဲ။**

**Dr.TZ ။** စိတ်ဓာတ်ကျရောဂါက ယေဘုယျအားဖြင့် ကြည့်ရင် အမျိုးသမီးတွေက အမျိုးသားတွေထက် နှစ်ဆလောက်ပိုဖြစ်တယ်။ အသက်အရွယ်အားဖြင့်လည်း အသက် ၄၀ ကျော်ရင် ပိုပြီးတော့ ဖြစ်နှုန်းများလာတယ်။ အသက်ကြီးရင် ပိုဖြစ်တာပေါ့။ အသက်ငယ်ငယ်ရွယ်ရွယ်တွေမှာ ဖြစ်ခဲတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ဖြစ်တာက စိတ်ကြွစိတ်ကျရောဂါပေါ့။

**Voice ။ ဘယ်လိုအကြောင်းအရင်းတွေက စိတ်ဓာတ်ကျရောဂါဖြစ်စေဖို့ တွန်းအားပေးတာပါလဲ။**

**Dr.TZ ။** သူက ဇီဝကမ္မဖြစ်စဉ်ကြောင့်လည်း ဖြစ်နိုင်တယ်။ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးပိုင်းဆိုင်ရာကြောင့်လည်း ဖြစ်နိုင်တယ်။ ဥပမာ-ကလေးမွေးပြီးတဲ့အမျိုးသမီးတွေက စိတ်ဓာတ်ကျတတ်တယ်။ ကိုယ့်ကိုမွေးတဲ့ မိခင်ကိုယ်တိုင်က စိတ်ဓာတ်ကျနေရင် သူက ကလေးကို ဂရုမစိုက်နိုင်တော့ လျစ်လျူရှုတာတွေ ဖြစ်နိုင်တယ်။ ကလေးအပေါ် နွေးထွေးမှုမရှိတာမျိုးပေါ့။ တချို့မိဘတွေက သားသမီးကိုဂရုမစိုက်ဘူး။ တချို့ကျတော့လည်း အရမ်းဂရုစိုက်လွန်းတယ်။ နှစ်ခုစလုံးက ဘယ်ဟာကမှ မကောင်းဘူး။ နောက်ပြီး ငယ်ငယ်ကတည်းက ကျောင်းတွေမှာ အနိုင်ကျင့်ခံရတဲ့ ကလေး၊ ဒါမှမဟုတ် မိသားစုထဲမှာပဲဖြစ်ဖြစ် ရိုက်နှက်နှိပ်စက်ခံရတဲ့ ကလေး၊ ကလေးဘဝမှာ လိင်ပိုင်းဆိုင်ရာ ဖိနှိပ်ခံရတဲ့ ကလေးတွေက စိတ်ဓာတ်ကျရောဂါကို တခြားကလေးတွေထက် ဖြစ်နိုင်ခြေပိုများတယ်။ ဖိစီးမှုတွေ အရမ်းများရင် စိတ်ဓာတ်ကျတာ ဖြစ်စေနိုင်တယ်။ စိတ်ဓာတ်ကျတဲ့ ရောဂါတော်တော်များများကို လေ့လာတဲ့အခါမှာ



ဓာတ်ပုံ - သီတာဆွေ

> **စိတ်ဓာတ်ကျတဲ့အချိန်ဆိုရင် များသောအားဖြင့် အကောင်းမမြင်နိုင်တော့ဘူး။ အဆိုးမြင်တယ်။ Negative View ကပဲ ကြည့်တယ်။ အဲဒီအတွက် သူ့ရဲ့ Thinking Style ကို ပြောင်းလဲပေးဖို့လိုတယ်။**

စိတ်ဓာတ်ကျရောဂါ မဖြစ်ခင်လပိုင်းမှာ သူတို့ဘဝမှာ အပြောင်းအလဲတစ်ခုကြုံတဲ့ လူမျိုးတွေက ဖြစ်တာပိုများတယ်။ ဆုံးရှုံးမှုတစ်ခုခု ဖြစ်နိုင်တယ်။ ဥပမာ - ပစ္စည်းဉစ္စာ၊ လူပုဂ္ဂိုလ်၊ အလုပ်ပြုတ်တာ တစ်ခုခုပေါ့။

**Voice ။ စိတ်နဲ့ပတ်သက်ပြီး အဖြစ်များတဲ့ရောဂါတွေကို ပြောပြပေးပါဦး။**

**Dr.TZ ။** စိတ်ပိုင်းဆိုင်ရာမှာ အဖြစ်များတာတွေကတော့ စိတ်ဓာတ်ကျတာအပြင် စိုးရိမ်စိတ်လွန်တဲ့ ရောဂါပေါ့။ နောက်ပြီး စိတ်ဖိစီးမှုတွေကို ကောင်းကောင်း မကိုင်တွယ်၊ မဖြေရှင်းနိုင်တော့ အရက်တွေ၊ မူးယစ်ဆေးစွဲတဲ့ရောဂါတွေ တိုးလာတယ်။ အဲဒီကနေမှ စိတ်ဖောက်ပြန်တဲ့ရောဂါတွေလည်း နောက်ပိုင်းမှာ ဖြစ်လာနိုင်တယ်။

**Voice ။ ဒီလို စိတ်ဓာတ်ကျတာတွေ မဖြစ်လာအောင် ဘယ်လိုပြုမူနေထိုင်သင့်ပါသလဲ။**

**Dr.TZ ။** စိတ်ဖိစီးမှုလျော့နည်းအောင် နေထိုင်နည်းတွေကျတော့ ကိုယ့်ရဲ့နေ့စဉ် နေထိုင်မှုပုံစံကို ပြောင်းလဲပစ်ရမယ်။ အိပ်ချိန်ကို လုံလောက်စွာအိပ်ရမယ်။ အစားအသောက်ဆိုရင်လည်း အချိန်မှန်မှန်လေး စားပေးတာကောင်းတယ်။ အာဟာရမျှတအောင်စားရမယ်။ စိတ်ဖိစီးမှုများလို့ဆိုပြီးတော့ လက်ဖက်ရည်တွေ၊ ကော်ဖီတွေနဲ့ ဖျော်ရည်တွေအများကြီးသောက်တာ မလုပ်သင့်ဘူး။ လုံးဝမသောက်တာ ကောင်းတယ်။ အရက်နဲ့ မူးယစ်ဆေးကိုတော့ လုံးဝမသောက်သင့်ပါဘူး။ မသောက်တာက အကောင်းဆုံးပါပဲ။ ကိုယ်ကာယ လေ့ကျင့်ခန်းကို ပေါ့ပေါ့ပါးပါးနဲ့ ချွေးထွက်တဲ့အထိ လုပ်ပေးရမယ်။ အရိပ်ရှိတဲ့နေရာနဲ့ အဲကွန်းခန်းတွေမှာ သက်သောင့်သက်သာနဲ့ လှဲနေပေးရမယ်။ နောက်ပြီး တရားထိုင်တာ၊ တရားမှတ်တာမျိုးကလည်း ကောင်းပါတယ်။

**Voice ။ အခုနောက်ပိုင်းမှာ ဒီလိုရောဂါဖြစ်ပွားမှုတွေက ပိုများလာတယ်လို့ သိရပါတယ်။ ဒါက ဘာကြောင့်များ ဖြစ်နိုင်ပါသလဲ။**

**Dr.TZ ။** ပြောရရင် အမျိုးသမီးတွေ ဘာကြောင့် အမျိုးသားတွေထက် ပိုဖြစ်သလဲဆိုရင် Lifestyle တွေက ပြောင်းသွားတာပေါ့။ အရင်တုန်းက အမျိုးသမီးတွေက အိမ်မှုကိစ္စပဲ လုပ်ရတာပေါ့။ အခုဆိုရင် ဒီအလုပ်တင်မကဘူး၊ ပိုက်ဆံရှာတဲ့အလုပ်တွေပါ ပါလာတယ်။ အမျိုးသားတွေက ကလေးထိန်းတာ ဘာဘာညာညာလည်း သိပ်မကူဘူး။ ဒီတော့ အမျိုးသမီးတွေရဲ့ Lifestyle က ပြောင်းသွားတော့ သူတို့မှာ ဖိစီးမှုတွေပိုများတယ်။ နောက်တစ်ခုက ကျေးလက်နဲ့မြို့ပြမှာ မြို့ပြက ပိုပြီးတော့ စိတ်ဖိစီးမှုကိုခံစားရတယ်။ ဘာလို့လဲဆိုတော့ လူနေမှုစရိုက်တွေမြင့်တာနဲ့ လိုက်လျောညီထွေနေနိုင်ဖို့ ကြိုးစားရတယ်။ နေရာတကာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေက ပိုများတယ်။ ဒါကြောင့် မြို့နေလူထုက စိတ်ကျတာတွေ၊ စိုးရိမ်စိတ်လွန်ကဲတာတွေ ပိုခံစားရတယ်။

**Voice ။ စိတ်ဓာတ်ကျတယ်ဆိုတာမျိုးက ကိုယ့်မှာ ဖြစ်မှန်းမသိ ဖြစ်နေတတ်တယ်ဆိုတော့ ဒါနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့စိတ်ကို ဘယ်လိုပြုမူ နေထိုင်သင့်လဲဆိုတာကို ဆရာ့အနေနဲ့ သတင်းစကားပါးပေးပါဦး။**

**Dr.TZ ။** စိတ်ဓာတ်ကျတဲ့အချိန်ဆိုရင် များသောအားဖြင့် အကောင်းမမြင်နိုင်တော့ဘူး။ အဆိုးမြင်တယ်။ Negative View ကပဲ ကြည့်တယ်။ အဲဒီအတွက် သူ့ရဲ့ Thinking Style ကို ပြောင်းလဲပေးဖို့လိုတယ်။ နေရာတကာမှာ ဆိုးတာရှိသလို၊ ကောင်းတာရှိတယ်။ သူ့ဘဝမှာ ၁၀ ရာခိုင်နှုန်းပဲ မအောင်မြင်ခဲ့တာ၊ ၉၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ရင်တောင် စိတ်ဓာတ်ကျတဲ့အချိန်ကျရင် အဲ့ဒီ ၁၀ ရာခိုင်နှုန်းကိုပဲ အပြစ်မြင်တယ်။ ဒါကြောင့် သူအောင်မြင်ခဲ့တာတွေကို ပြောပြပေးရတယ်။ နောက်ပြီး ရုတ်တရက်ပေါ်လာတဲ့အတွေးတွေရှိတယ်။ စိတ်ဓာတ်ကျလို့ရှိရင် အတွေးတစ်ခုပေါ်လာရင် သူက အကောင်းမမြင်တဲ့ဘက်ကိုပဲ သွားချင်တယ်။ ဒါကြောင့် အတွေးတွေကို ဖြတ်နိုင်အောင်ကြိုးစားရတယ်။ စိတ်ဓာတ်ကျတဲ့အခါ လူပါနွမ်းသွားတာ။ နောက်ပြီး ရုပ်ပိုင်းဆိုင်ရာကကျနေရင် စိတ်ပါထပ်ကျတယ်။ ဒါက အပြန်အလှန်သက်ရောက်မှုဖြစ်တယ်။ အဲ့ဒီလိုလူမျိုးတွေက တတ်နိုင်ရင် လေ့ကျင့်ခန်းများများ လုပ်ရမယ်။ နွေးထွေးမှုပေးမယ့် မိသားစုရဲ့ပံ့ပိုးမှုက အရေးကြီးတယ်။ စိတ်ဓာတ်ကျတာက လူတိုင်းခံစားရနိုင်တဲ့ ရောဂါတစ်ခုဖြစ်တယ်။ ဒီရောဂါက ကမ္ဘာပေါ်မှာ အဖြစ်များဆုံးရောဂါပဲ။ ပုံမှန်ကုသမှုခံယူပြီး မိသားစုကနွေးထွေးမှုပေးရင် ဒါကိုအလွယ်တကူနဲ့ ကျော်လွှားနိုင်လိမ့်မယ်။ တချို့က ကြိတ်ခံတာရှိတယ်။ အဲ့ဒီလိုမလုပ်ဘဲနဲ့ လိုအပ်တဲ့အကူအညီကို လိုအပ်တဲ့ဆီမှာ တောင်းတတ်ရမယ်။ သူ့ရဲ့အပြုအမူနဲ့ အနေအထိုင်တွေ နည်းနည်းပြင်ပေးလိုက်လို့ရှိရင် အများကြီးကောင်းလာနိုင်ပါတယ်။

**Voice ။ ဟုတ်ကဲ့။ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

■ သီတာဆွေ


အောင်ရဲလင်း Facebook Page

# ‘ဇာတိမြေ’ ရုပ်ရှင်ဇာတ်ကားက ပရိသတ်တွေ ကြည့်ရကျိုးနပ်မှာပါဆိုတဲ့ အောင်ရဲလင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

မြန်မာ-ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ရိုက်ကူးထားတဲ့ ‘ဇာတိမြေ’ ရုပ်ရှင်ဇာတ်ကားက ပရိသတ်တွေ ကြည့်ရကျိုးနပ်မယ့် ဇာတ်ကားတစ်ကားဖြစ်ကြောင်း ယင်းဇာတ်ကားမှာ ပါဝင်ထားတဲ့ သရုပ်ဆောင် အောင်ရဲလင်းက The Voice ကို ပြောကြားပါတယ်။

“ဒီကားမှာ ကျွန်တော်ရဲ့ကာရိုက်တာက ဂျပန်နိုင်ငံမှာ ဘဝအတွက် တကယ်ကို ရုန်းကန်နေရတဲ့ ကောင်လေးတစ်ယောက်နေရာက သရုပ်ဆောင်ထားတာပါ။ မြန်မာပြည်မှာဆိုလည်း နိုင်ငံခြားရောက်ပြီး ရုန်းကန်နေရတဲ့သူတွေ အများကြီးရှိတယ်လေ။ ဒီကားလေးကိုကြည့်ပြီး ကြိုက်ကြလိမ့်မယ်လို့ထင်ပါတယ်” လို့ ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

ယင်းဇာတ်ကားက ပရိသတ်တွေကိုပေးချင်တဲ့ အဓိက Message ကတော့ ဘယ်နိုင်ငံ၊ ဘယ်နေရာကိုပဲ ရောက်နေနေ ကိုယ့်ရဲ့ဇာတိမြေကသာ အကောင်းဆုံးပဲဆိုတဲ့အချက်ကို တင်ပြချင်တာဖြစ်ပြီး ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံက သဘာဝအလှအပတွေကိုလည်း မြင်တွေ့ခံစားရမှာဖြစ်ကြောင်း အောင်ရဲလင်းက ပြောကြားပါတယ်။

“ဒီဇာတ်ကား ရိုက်တုန်းက အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ ဂျပန်နိုင်ငံ ရိုက်ကွင်းမှာတော့ သူတို့ရဲ့ ရိုက်ကူးမှုပုံစံတွေကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့ဆီကနဲ့တော့ အများကြီးမကွာပါဘူး။ ဒါပေမဲ့ သူတို့က Location တွေကို သေချာရွေးပြီး ရိုက်တာတွေ့ရတယ်။ ရန်ကုန်မှာဆိုလည်း မရိုက်ခင် တစ်လလောက် လာလေ့လာပြီးမှ ရိုက်ကြတာပါ” လို့၎င်းကဆိုပါတယ်။

ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးတဲ့ ‘ဇာတိမြေ’ ရုပ်ရှင်ဇာတ်ကားမှာတော့ သရုပ်ဆောင် ရန်အောင်၊ အောင်ရဲလင်း၊ မိုရီဆာကီဝင်း၊ ဝတ်မှုံရွှေရည်တို့ ပါဝင်သရုပ်ဆောင်ထားပြီး မတ်လအတွင်း အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွေမှာ ရုံတင်ပြသသွားမှာ ဖြစ်ပါတယ်။



# အယ်လ်ဘမ် အရောင်းစံချိန်သစ်တင်ခဲ့တဲ့ BTS

**ဆိုးလ်၊ ဖေဖော်ဝါရီ ၁၃**

တောင်ကိုရီးယား နိုင်ငံရဲ့နာမည်ကျော် အမျိုးသားဂီတအဖွဲ့ BTS ရဲ့ ‘Love Yourself’ အယ်လ်ဘမ် က အရောင်းစံချိန်သစ်တင်နိုင်ခဲ့ကြောင်း kpop herald .com မှာ ဖော်ပြထားပါတယ်။

ယခင်နှစ် စက်တင်ဘာလက ထွက်ရှိခဲ့တဲ့ BTS ရဲ့ ‘Love Yourself’ အယ်လ်ဘမ်က လွန်ခဲ့တဲ့လအတွင်းမှာ ချပ်ရေ ကိုးသောင်းကျော် ရောင်းခဲ့ရသလို လက်ရှိအချိန်အထိ အယ်လ်ဘမ်ချပ်ရေ ၁.၅၈ သန်းကျော် ရောင်းချနိုင်ခဲ့ပါတယ်။

ကိုရီးယားနိုင်ငံမှာတော့ BTS အဖွဲ့ရဲ့ ‘Love Yourself’ အယ်လ်ဘမ်က ၁၆ နှစ်အတွင်းမှာ အရောင်းရဆုံး ကေပေါ့ပ်အယ်လ်ဘမ်အဖြစ် စံချိန်သစ် တင်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒီအယ်လ်ဘမ်က ကိုရီးယားနိုင်ငံအတွင်းမှာသာမက ပြည်ပနိုင်ငံတွေမှာပါ ရောင်းအားကောင်းခဲ့ပြီး Billboard 200 မှာ နံပါတ် ၇ ချိတ်ခဲ့သလို၊ ဗြိတိန်နိုင်ငံရဲ့ အယ်လ်ဘမ် အရောင်းဇယားချပ်မှာလည်း နံပါတ် ၁၄ ချိတ်ခဲ့ပါတယ်။

# “လူတွေလည်း ကိုယ့်ကို ထိုက်သင့်သလောက် သိနေပြီဆိုတော့ ဝေဖန်တိုက်ခိုက်မှုတွေကတော့ ရှိမှာပါပဲ”

## နေခြည်ဦးနဲ့ တွေ့ဆုံခြင်း

**ဝင်းထွန်းနိုင်**

**Beauty Blogger တစ်ယောက်အဖြစ်ကနေ သရုပ်ဆောင်တစ်ယောက်အဖြစ် စတင်ခြေလှမ်းတော့မယ့် Beauty Blogger နေခြည်ဦးနဲ့တွေ့ဆုံပြီး သရုပ်ဆောင်တစ်ယောက်ရဲ့ခံယူချက်အကြောင်း၊ ဂျပန်နိုင်ငံမှာ မကြာသေးခင်က ကျင်းပပြုလုပ်ခဲ့တဲ့ Maybelline New Work ပွဲ အတွေ့အကြုံအကြောင်းနဲ့အတူ ဝေဖန်တိုက်ခိုက်မှုတွေအကြောင်း တစေ့တစောင်းကို The Voice က မေးမြန်းဖော်ပြလိုက်ပါတယ်။**

**Voice: Maybelline New Work ပွဲကို မသွားခင်မှာ ကိုယ့်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ အများကြီး ကြုံခဲ့ရသေးတယ်နော်၊ Facebook မှာတောင် မသွားချင်တော့ဘူးဆိုပြီး ရေးဖြစ်ခဲ့တဲ့ ခရီးစဉ်လေးအကြောင်းကနေ စပြောပေးပါဦး။**

**NCO:** နေခြည်က ကိုယ့်ကြောင့် ဒီခရီးစဉ်လေးပျက်သွားမှာကို အရမ်းစိုးရိမ်တယ်။ အဓိက ဂျီဂျီဟက်ဒစ်ကို သွားတွေ့တယ်ဆိုတာက Maybelline New Work Myanmar အနေနဲ့ သွားရတာဆိုတော့ သူ့ရဲ့ထုတ်ကုန်တွေကလည်း ပေါက်ဖို့ အရေးကြီးတယ်။ ပွဲတော်ကို နေခြည်တို့ ရောက်သွားတဲ့အချိန်မှာလည်း နေခြည်နဲ့ ဂျီဂျီက သီးသန့်နှစ်ယောက်တည်း တွေ့ရတယ်၊ နေခြည်က သူ့ကို နေခြည်မွေးနေ့လေးရှိတယ်လို့ပြောတဲ့အချိန်မှာ သူက Birthday Wish လေးလုပ်ပေးတယ်။ အဲ့ဒါကြောင့် ဒီခရီးစဉ်က ဘယ်လိုပဲ စိတ်ညစ်စရာတွေနဲ့ ကြုံတွေ့ကြုံတွေ့ တကယ်ကိုကောင်းကောင်းမွန်မွန်နဲ့ ဖြတ်ကျော်ခဲ့ရတယ်ပေါ့နော်။ နောက်တစ်ခုက ဒီခရီးရဲ့အဓိကအကြောင်းအရာက ဂျီဂျီနဲ့ Maybelline ရဲ့အလှကုန်ထုတ်ကုန်တွေကို မြန်မာပြည်မှာပေါက်ရောက်အောင်၊ ရောင်းကုန်အောင် လုပ်ရတဲ့ Promotion ပွဲလေးဖြစ်တာကြောင့် လက်ရှိမြန်မာပြည်မှာ ပေါက်ပေါက်ရောက်ရောက် ဖြစ်သွားတဲ့အပေါ်ကို နေခြည်က ဝမ်းသာပါတယ်။


နေခြည်ဦး Facebook Page

**Voice: ဂျီဂျီဟက်ဒစ် (GiGi Hadid ) ဆီကနေ ကိုယ်မသိသေးတဲ့ ဘာတွေသိခဲ့ရလဲ၊ သူနဲ့ ဘာတွေ ဝေမျှခွင့်ရခဲ့လဲ။**

**NCO:** အဓိက နေခြည်တို့ သူနဲ့ဝေမျှခဲ့တာက ထုတ်ကုန်အကြောင်းတွေပဲ ပိုများတယ်။ ဒါပေမဲ့ ပွဲမစခင်ပါတီပွဲမှာတော့ သူ့ရဲ့ Personality၊ သူ့ရဲ့ Management Team တွေကို အများကြီးကြည့်ရတယ်။ ဥပမာ- ပွဲတစ်ခုတက်မယ်ဆိုရင် အချိန်ကိုအတိအကျလာတယ်၊ သူ့ရဲ့စကားပြောပုံ၊ ဆိုပုံကလည်း အရမ်းကို လွတ်လွတ်လပ်လပ်ပဲ၊ ပေါ့ပေါ့ပါးပါးပဲ သူသွားတယ်။ နေခြည်တို့က ထုတ်ကုန်ပိုင်းကို သွားရတယ်ဆိုပေမယ့် သူ့ဘက်ကနေ နေခြည်တို့ကို ပြန်ဝေမျှတာက သူငယ်ချင်းတစ်ယောက်လိုပဲ။ အဲ့ဒါကြောင့် နာမည်ကြီးကမ္ဘာကျော် အနုပညာရှင် တစ်ယောက်ကို မြင်ရသလိုမဟုတ်ဘဲနဲ့ အရပ်ကြီး အရမ်းရှည်ပြီး အရမ်းချောတဲ့ ကောင်မလေးတစ်ယောက်နဲ့ စကားပြောသလို ခံစားရအောင် သူ့ဘက်ကနေ နွေးနွေးထွေးထွေးလုပ်ပေးတယ်။

**Voice: အရင်တုန်းကတော့ ကိုယ့်ကိုလူသိဖို့ ကြိုးစားရတယ်၊ လူသိလာတဲ့အခါမှာတော့ ဝေဖန်တိုက်ခိုက်မှုတွေ ကြုံရတယ်၊ အဲ့ဒီနှစ်ခုအကြားမှာ ခံစားချက်အပြောင်းအလဲတွေက ဘယ်လိုရှိလဲ။**

**NCO:** အရင်တုန်းကတော့ နေခြည်တို့မှာ လူသိအောင် နည်းမျိုးစုံနဲ့ ကြိုးစားရတယ်။ လက်ရှိမှာတော့ လူတွေ လည်း ကိုယ့်ကိုထိုက်သင့်သလောက်သိနေပြီဆိုတော့ ဝေဖန်တိုက်ခိုက်မှုတွေကတော့ရှိမှာပါပဲ။ နေခြည့်စိတ်ထဲ မှာတော့ တိုက်ခိုက်မှုတွေက ကိုယ့်အတွက်ကောင်းဖို့ပဲဖြစ်လာတယ်လို့ နေခြည်ကတော့မြင်ပါတယ်။ ကိုယ့်ကိုဝေဖန်တဲ့လူပဲဖြစ်ဖြစ်၊ ကိုယ့်ကိုကောင်းစေချင်လို့ပြောတဲ့လူပဲဖြစ်ဖြစ် သူတို့ ဘက်ကနေ ဒီလိုလေးလုပ်လိုက်ရင်တော့ကောင်းမယ်၊ နှုတ်ခမ်းနီကို ဒီအရောင်လေးဆိုးလိုက်ရင်တော့ ပိုအဆင် ပြေမယ်ပေါ့နော်၊ ဒီလိုမျိုးဘေးနားကနေ ထောက်ပြတဲ့လူရှိမှပဲ နေခြည်တို့ဘက်ကနေ ပိုကြိုးစားချင်စိတ်ဖြစ်မယ်။ နောက်ပိုင်းမှာလည်း နေခြည်က မိတ်ကပ် Tutorial တွေကို တောက်လျှောက်တင်ဖြစ်တယ်။ နေခြည်ကို ဝေဖန်တဲ့လူတွေကအများကြီးရှိတယ်၊ မိတ်ကပ် Tutorial တွေကို ဘာလို့မတင်တော့တာလဲ၊ ရုပ်ရှင်မင်းသမီးပဲ လုပ်တော့မှာလား၊ ဒီလမ်းကြောင်းပေါ်ကနေ ပျောက်သွားတော့မှာလားဆိုပြီး မျိုးစုံပြောကြတဲ့အချိန်မှာ ဘေးနားကနေ ထောက်ပြပေးမယ့်လူတွေရှိတာကြောင့် ကိုယ်က ပိုပြီးအလုပ်ကြိုးစားချင်စိတ်လည်းရှိလာတယ်။

**Voice: တချို့ပရိသတ်တွေက Beauty Blogger အနေနဲ့ပဲ သီးသန့်ရပ်တည်စေချင်တာဆိုတော့ သရုပ်ဆောင်ဘက်သွားတဲ့အခါမှာ ဝေဖန်မှုတွေက ပိုများလာမှာနော်။**

**NCO:** ကိုယ်ကအလှအပနဲ့ ဖက်ရှင်ကို အစကတည်းက ဝါသနာပါပြီးသားဆိုတော့ ရုပ်ရှင်ရိုက်ဖို့ ကမ်းလှမ်းလာတဲ့အချိန်မှာ သရုပ်ဆောင်အလုပ်ကလည်း ကိုယ့်ရဲ့ ဝါသနာတစ်ခုဖြစ်နေတယ်။ နေခြည်က မိတ်ကပ်တွေ၊ အလှအပတွေ၊ သရုပ်ဆောင်လုပ်တာတွေကို အရမ်းဝါသနာပါ တာဖြစ်တဲ့အတွက် သရုပ်ဆောင်အလုပ်ကိုလည်း စလုပ်ကြည့်ချင်တယ်။ သရုပ်ဆောင်အလုပ်ကို နေခြည် စလုပ်တာကလည်း ကိုယ်အကောင်းဆုံးလုပ်နိုင်ပြီ ထင်လို့လုပ်တာပါ။ နေခြည်က ရုပ်ရှင်ရိုက်လို့ရှိရင်လည်း ပေါ့ပြက်ပြက်လိုမျိုးရိုက်မှာမဟုတ်ဘဲ တကယ်ကို စိတ်ရောကိုယ်ပါနှစ်ပြီး သေချာရိုက်မှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် Beauty Blogger ပဲလုပ်စေချင်တဲ့ပရိသတ်တွေကိုပြောချင်တာက စိတ်မပူပါနဲ့၊ နေခြည်က Channal တွေလည်း ထပ်တိုးဖို့တွေရှိတယ်၊ You Tube တွေတက်ဖို့ရှိပါတယ်။ နေခြည်က Beauty Blogger အလုပ်ကို မပျက်အောင် လုပ်သွားမှာပါ။

**Voice: သရုပ်ဆောင်အလုပ်စလုပ်တော့မှာဆိုတော့ သရုပ်ဆောင်ပိုင်းနဲ့ပတ်သက်ပြီး ကိုယ့်ရဲ့ခံယူချက်က ဘယ်လိုမျိုးရှိလဲ။**

**NCO:** အဓိက ပရိသတ်တွေက နေခြည်ကို Beauty Blogger ၊ Chi Chi ဆိုပြီး သိနေတာကနေ လုံးဝကွဲထွက်သွားချင်တယ်။ နောက်တစ်ခုက နေခြည်ကို ကမ်းလှမ်းလာတဲ့အခါမှာလည်း နေခြည်လုပ်နိုင်တဲ့ဇာတ်ရုပ်မျိုးကို လက်ခံပြီး ရိုက်သွားမယ်။ ကိုယ့်ကို လာကမ်းလှမ်းတဲ့ကားတိုင်းကိုတော့ နေခြည် လက်မခံနိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သရုပ်ဆောင်အလုပ်လုပ်ရင် Beauty Blogger အလုပ်မှာ ပျက်သွားတာရှိနိုင်တယ်။ အဲ့ဒါကြောင့် နေခြည်နဲ့ အဆင်ပြေတယ်၊ ကိုယ်ကိုယ်တိုင်လည်းယုံကြည်မှုရှိတယ်၊ ကိုယ့်ကို ယုံကြည်တဲ့ပရိုဂျူဆာတွေ၊ ဒါ ရိုက်တာတွေရှိတယ်ဆိုမှပဲ ရိုက်ဖြစ်မှာပါ။

**Voice: ပြီးခဲ့တဲ့ဘာလီအပန်းဖြေခရီးစဉ်မှာလည်း အရမ်းပျော်နေတာတွေ့ရတယ်၊ အဓိက ကိုယ့်ကိုပျော်အောင် လုပ်ပေးတဲ့သူက ဘယ်သူဖြစ်မလဲ။**

**NCO:** အဓိက နေခြည့်ကိုပျော်အောင်လုပ်ပေးတဲ့သူက နေခြည့်ရဲ့ မေမေပါ။ နေခြည်က မွေးနေ့တုန်းက ခရီးအရမ်းသွားချင်ခဲ့တယ်။ ဒါပေမဲ့ ကိုယ်က ဂျပန်မှာ ဂျီဂျီနဲ့တွေ့ရမယ်ဆိုတော့ ရန်ကုန်မှာလုပ်မယ့် မွေးနေ့ပါတီလေးကို နေခြည်ဖျက်လိုက်ရတယ်။ အဲ့ဒါကြောင့် ဘာလီကို မိသားစုလိုက်သွားဖို့ပေါ့နော်။ ဒါပေမဲ့ နေခြည် ပြန်လာတော့ မေမေကမိသားစုစီးပွားရေးတွေနဲ့ အလုပ်ရှုပ်နေတာကြောင့် ကိုယ့်ဘာသာကိုယ်ပဲ သွားလိုက်တော့ဆိုတာနဲ့ နေခြည်က ဘာလီကို တစ်ယောက်တည်းသွားလိုက်တာပါ။ အဓိက ဘာလီခရီးစဉ်က မေမေ့ကြောင့် နေခြည် အရမ်းပျော်ခဲ့ရတာပေါ့နော်။

# နားလည်မှု၊ ယုံကြည်မှုတွေနဲ့ တည်ဆောက်ထားတဲ့ နေဆန်းတို့ အိမ်ထောင်ရေး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

အိမ်ထောင်ရေးမှာ နားလည်မှု၊ ယုံကြည်မှုတွေနဲ့ တည်ဆောက်ထားတာ ဖြစ်တဲ့အတွက် အိမ်ထောင်သက် ဆယ့်နှစ်နှစ်တာကာလအထိ ခိုင်ခိုင်မြဲမြဲ လက်တွဲနိုင်ခဲ့ကြတာဖြစ်ကြောင်း သရုပ်ဆောင်နေဆန်းက The Voice ကို ပြောကြားပါတယ်။

"ကျွန်တော်တို့နှစ်ယောက်က ၂၀၀၇ ခုနှစ်မှာ ယူခဲ့တာဆိုတော့ အိမ်ထောင်သက် ၁၂ နှစ်ပြည့်တော့မှာပေါ့။ အိမ်ထောင်သက်လည်းကြာလာပြီဆိုတော့ သံယောဇဉ်လည်း ပိုပြီးတော့ ခိုင်မြဲလာတာပေါ့နော်။ သားသမီးကတော့ နှစ်ယောက် ရှိပါတယ်" လို့ သရုပ်ဆောင် နေဆန်းက ပြောကြားပါတယ်။

သူစိမ်းနှစ်ယောက် ပေါင်းသင်းကြတာ ဖြစ်တဲ့အတွက် မတူညီတဲ့အချက်တွေ အများကြီးရှိတဲ့ အပေါ်မှာ ညှိယူရတာတော့ အများကြီး ရှိပြီး၊ တစ်ယောက်ကို တစ်ယောက် သည်းခံရတာတွေ ရှိသလို၊ အပြန်အလှန် နားလည် ပေးရတာတွေလည်းရှိကြောင်း သရုပ်ဆောင် နေဆန်းရဲ့ ဇနီးဖြစ်တဲ့ မချောစု က ပြောကြားပါတယ်။

"ကျွန်တော်က ကားရိုက်နားတဲ့အချိန်ဆို မိသားစုကို ပဲ အချိန်ပေးဖြစ်ပါတယ်။ အပြင်လည်း ထွက်လေ့သိပ်မရှိဘူး။ အရင်တုန်းကတော့ ရိုက်ကွင်းပြီးတာနဲ့ အိမ်ပဲတန်းပြန်တယ်။ အခုနောက်ပိုင်းကျတော့ သူကလည်း ရိုက်ကွင်းကို လိုက်ခဲ့တာဆိုတော့ နှစ်ယောက်က အတူရှိနေတာများပါတယ်" လို့ သရုပ်ဆောင် နေဆန်းက ပြောကြားပါတယ်။

ကိုယ့်ခင်ပွန်းကို ချစ်ခင်အားပေးခဲ့တဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ကြောင်း၊ ကိုယ်တိုင်က အနုပညာအကြောင်းကို သိပ်နားမလည်ပေမယ့် ဇာတ်ကားအတွက် လိုအပ်တဲ့ အဝတ်အစားပိုင်းကို စီစဉ်ပေးဖြစ်သလို ဇာတ်ကားတွေကို ကြည့်ပြီးတော့လည်း ကိုယ်သိသလောက် ပြောပြဖြစ်ကြောင်း မချောစုက ပြောကြားပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

# ကိုယ့်ဆီ ရင်သွေးရောက်လာဖို့ ဆုတောင်းနေရတဲ့ ယုဇန

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

အိမ်ထောင်သက်တမ်း ဆယ်နှစ်ရှိပြီဖြစ်တဲ့ တေးသံရှင်ယုဇနက မိသားစုဘဝ ထူထောင်ဖို့ အစီအစဉ်ရှိပေမယ့် ကိုယ်မျှော်မှန်းထားတဲ့ ရင်သွေးက ရောက်မလာသေးတာကြောင့် လောလောဆယ်မှာ ကိုယ့်ဆီ ရင်သွေးရောက်လာဖို့ကိုပဲ ဆုတောင်းနေရတယ်လို့ The Voice ကို ပြောကြားပါတယ်။

"အစ်မအမျိုးသားက အရမ်းအေးတယ်။ အစ်မကိုယ်တိုင်ကလည်း သူ့ကို ယုံကြည်တော့ သဝန်တိုရမယ့်အရာမျိုးတွေမထားဘူး။ တစ်ယောက်နဲ့ တစ်ယောက်ကလည်း တကယ်ချစ်ကြတော့ ရန်ဖြစ်တာလည်းမရှိဘူး။ နောက်တစ်ခုက အစ်မတို့အနေနဲ့ မိသားစုဘဝကို ထူထောင်ဖို့ စဉ်းစားထားပါတယ်။ လောလောဆယ်မှာတော့ ကိုယ်မျှော်မှန်းထားတဲ့ ရင်သွေးလေးက ရောက်မလာသေးဘူးနော်။ အဓိက ကံတရားပါပဲ။ အဲ့ဒါကြောင့် အစ်မအနေနဲ့ ကိုယ့်ဆီရင်သွေးလေးရောက်လာဖို့ကိုပဲ ဆုတောင်းနေတယ်" လို့ ၎င်းက ထပ်လောင်းပြောပါတယ်။

ပရိသတ်နဲ့ အလှမ်းကွာသွားတာကြောင့် ဂီတလောကထဲ ပြန်ဝင်တဲ့အချိန်မှာ ပရိသတ်က အားမပေးတော့မှာကို စိတ်ပူပေမယ့် ရဲဆေးတင်ပြီးတော့ သီချင်းတွေပြန်ဆိုဖို့ လုပ်နေကြောင်း၊ ဂီတလှုပ်ရှားမှုနဲ့ ပတ်သက်ပြီး တစ်ကိုယ်တော်ခွေလုပ်နေသလို မကြာခင်မှာလည်း သူငယ်ချင်းလေးယောက်ဆိုထားတဲ့ သီချင်းတစ်ပုဒ်ကို အွန်လိုင်းကနေ ဖြန့်ပေးဖို့ရှိကြောင်း တေးသံရှင်ယုဇနက ပြောထားပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး

"လတ်တလောမှာ အမြဲတမ်းတွဲဖြစ်ကြတဲ့ ရေဗက္ကာဝင်း၊ ခင်ဘုဏ်း၊ မေစပယ်ညိုနဲ့ အစ်မတို့ လေးယောက်ပေါင်းပြီး သီချင်းတစ်ပုဒ် လုပ်နေပါတယ်။ ဒီသီချင်းကို ခင်ဘုဏ်းရေးထားတာပါ။ သီချင်းကတော့ အလွမ်းသီချင်းလေးပါပဲ။ နောက်တစ်ခုက On Air အစီအစဉ်လေးလည်းရိုက်ဖို့ရှိပါတယ်။ ထူးထူးခြားခြားလေးဖြစ်အောင် အရင်က အောင်ကောင်းထက်နဲ့ ဆိုထားတဲ့ သီချင်းနှစ်ပုဒ်ကိုထည့်ဆိုဖို့ ရှိတယ်။ တစ်ကိုယ်တော်ခွေက ရှစ်ပုဒ်လောက် တီးပြီးနေပြီ၊ အဆိုပိုင်းပဲ ကျန်တော့တယ်" လို့ ၎င်းကပြောပါတယ်။

## Recap

❍ ချစ်သူများ နေ့မှာ အနုပညာအလုပ်တွေကိုယ်စီရှိနေတာကြောင့် ချစ်သူကို ထူးထူးခြားခြား လက်ဆောင်ပေးဖို့တော့ စီစဉ်ထားတာမျိုးတော့ မရှိသေးကြောင်း Snare အဖွဲ့မှ တေးသံရှင် ဖြိုးလေးက The Voice ကို ပြောကြားပါတယ်။

"ရှေ့နှစ်တွေမှာတော့ ဝါဆို့ကို ကျွန်တော်က Surprise လုပ်ပြီး လက်ဆောင်တွေ ပေးတာမျိုးတော့ ရှိခဲ့တယ်။ နှစ်ယောက် ကြိုက်တဲ့ ပစ္စည်းလေးတွေရှိရင် ဆင်တူလေးတွေ ကိုင်ကြတာပေါ့။ သာမန် ချစ်သူစုံတွဲတွေလိုပါပဲ။ ဒီနှစ်ကတော့ ဝါဆို့ကို Surprise လုပ်ဖြစ်မလုပ်ဖြစ်တော့ မကျိန်းသေသေးဘူး။ ကျွန်တော်ကလည်း ခွေထွက်ဖို့ကိစ္စနဲ့ အလုပ်ရှုပ်နေတာ ဆိုတော့လေ။ ဒီနှစ်ကတော့ အလုပ်အရမ်းရှုပ်နေတဲ့အတွက် သူ ကျေနပ်အောင်တော့ တောင်းပန်ရမှာပါပဲ။ သူနဲ့ကျွန်တော်ကြားမှာ ကျွန်တော်က အကြီးဆိုတော့ ပိုပြီး အလျှော့ပေးရပါတယ်" လို့ ၎င်းကဆိုပါတယ်။

❍ တေးသံရှင် အိမ့်ချစ်နဲ့ နှစ်ယောက်တွဲ စီးရီးဖြစ်တဲ့ 'ချောကလက်မှိုတက် ညိုပြာညက်' စီးရီးမှာ တစ်ချိန်က ပရိသတ်တွေ ကြိုက်ခဲ့တဲ့ သီချင်းဟောင်းတွေကို ပုံစံတစ်မျိုးနဲ့ ပြန်လည်နားဆင်ရမှာဖြစ်ကြောင်း တေးသံရှင် အိမ့်ချစ်က The Voice ကို ပြောကြားပါတယ်။

"ဖေဖော်ဝါရီလ ၁၂ ရက်နေ့က Myanmar Plaza မှာ လုပ်တဲ့ Promotion ပွဲမှာ ပရိသတ်တွေ အများကြီးလာကြတဲ့အတွက်၊ အခွေတွေလည်း ဝယ်ယူ အားပေးကြတဲ့အတွက် အရမ်းပျော်ရပါတယ်။ ဒီခွေမှာ သီချင်း ၁၀ ပုဒ်ပါပါတယ်။ သီချင်းသစ်တွေ ပါသလို၊ သီချင်းဟောင်းတွေလည်းပါပါတယ်။ သီချင်းဟောင်းလေးတွေကိုတော့ ပုံစံသစ်တစ်မျိုးနဲ့ နားဆင်ကြရမှာပါ။ ပရိသတ်တွေ ကြိုက်ခဲ့တဲ့ သီချင်းလေးတွေကို ပြန်နားထောင်ရတဲ့အတွက် အလွမ်းလည်း ပြေကြမှာပါ" လို့ ၎င်းက ဆိုပါတယ်။

# ဂျိမ်းစ်ဘေး ရဲ့သီချင်းအသစ် Wild Love




ဗြိတိန် တေးရေး၊ တေးဆို၊ ဂစ်တာသမား ဂျိမ်းစ်ဘေးဟာ သူ့ရဲ့ သီချင်းအသစ်ကို ပရိသတ်တွေထံ ပို့ဆောင်လိုက်ပါပြီ။ Chaos and the Calm ဆိုတဲ့ သီချင်းအယ်ဘမ်ကို ၂၀၁၅ မှာ ထုတ်ဝေဖြန့်ချိခဲ့ပြီး ပရိသတ်တစ်ခဲနက် အားပေးမှုကို ရရှိထားသူ ဖြစ်ပါတယ်။

ဂျိမ်းစ်ဘေးဟာ အင်ဒီရော့ခ်၊ ဖော့ခ်ရော့ခ် သီချင်းတွေကို ခံစားသီဆိုလေ့ရှိသူ ဖြစ်ပါတယ်။

ယခုအသစ်ထွက်လာတဲ့ Wild Love သီချင်းဟာ ဖော့ခ်ပေါ့ သီချင်းအမျိုးအစားဖြစ်ပြီး အီလက်ထရိုသံတွေလည်း ထည့်ထားပါတယ်။

ဂစ်တာသံတွေ အီလက်ထရိုသံတွေနဲ့ အင်ဒီသီချင်းတစ်ပုဒ်ကို ခံစားနားဆင်ချင်တယ်ဆိုရင်တော့ ဒီသီချင်းအသစ်က သင့်တော်တယ်လို့ ညွှန်လိုက်ပါရစေ။

အခွေသစ်မှာ ပါလာမယ့် သီချင်းတွေဟာ အခွေဟောင်းနဲ့ လုံး ဆင်တူ ဆက်စပ်မှာ မဟုတ်ဘူးလို့ သူက ဆိုပါသေးတယ်။

ဂျိမ်းစ်ဘေး ဟာ မတ်လကုန်ပိုင်းကနေ ဧပြီလ ပထမပတ်အကုန်အထိ အမေရိကန်ပြည်ထောင်စု တစ်လွှားလှည့်လည်ဖျော်ဖြေမှာ ဖြစ်ပါတယ်။

F-02

# အမေရိကတွင် အိုင်တီပညာရှင် လစာများမြင့်တက်

ဝါရှင်တန်၊ ဖေဖော်ဝါရီ ၁၃

အမေရိကန်ပြည်ထောင်စု၏ နာမည်ကျော် နည်းပညာရပ်ဝန်းကြီးတစ်ခုဖြစ်သော ဆီလီကွန်တောင်ကြား ဒေသကို အိုင်တီ ပညာရှင်များအတွက် လစာအကောင်းဆုံးပေးနိုင်သည့် နေရာအဖြစ် သတ်မှတ်ကြသော်လည်း နေထိုင်စရိတ်မြင့်မားသောကြောင့် အပြိုင်ပေါ်ထွက်လာသည့် လော့စ် အိန်ဂျလိစ်နှင့် အော်စတင်ဒေသ များကို အိုင်တီအတွက် အကောင်းဆုံးဒေသများအဖြစ် Yahoo Finance သတင်းတွင်ဖော်ပြထားသည်။


Yahoo

Hired.com တွင်လည်း အကောင်းဆုံးလုပ်ခလာစာ အပေး နိုင်ဆုံးစာရင်း၌ အော်စတင်မှ အိုင်တီပညာရှင်များ၏ ပျမ်းမျှလစာ မှာ ယမန်နှစ်ကအထိ ဒေါ်လာ ၁၁၈၀၀၀ ဖြစ်ပြီး ၇ ရာခိုင်နှုန်းတိုးမြှင့် ပေးထားခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

လော့စ်အိန်ဂျလိစ်နှင့် ဝါရှင်တန် ဒီစီတို့တွင် အိုင်တီပညာရှင်တစ်ဦးသည် ၂၀၁၇ ခုနှစ်က ဒေါ်လာ ၁၂၉,၀၀၀ မှ ၁၃၆,၀၀၀ အထိ ရနေကြပြီး ၂၀၁၆ ခုနှစ်ကထက် ၆ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။

အမေရိကရှိ လော့စ်အိန်ဂျလိစ်၊ ဝါရှင်တန် ဒီစီနှင့် အော်စတင်တို့တွင် ပေးနေသည့် ပညာရှင်လစာသည် ကမ္ဘာကပေးနေသည့် ပျမ်းမျှလစာများထက် ၅ ရာခိုင်နှုန်းပိုကာ ဒေါ်လာ ၁၃၅၀၀၀ အထိ ရရှိနေကြောင်း Hired.com တွင် ရေးသားထားသည်။

လော့စ်အိန်ဂျလိစ်နှင့် အော်စတင်တို့တွင် နည်းပညာရှင်တစ်ဦးသည် လစာ ဒေါ်လာ ၁၄၂၀၀၀ ခန့် ရနေသော်လည်း ၂၀၁၇ ခုနှစ်တွင် တစ်ယောက်အိပ်အခန်းလေးဖြင့် နေထိုင်ရမည့်အတွက် အိမ်ခန်း ငှားခမှာ အော်စတင်တွင် ဒေါ်လာ ၁၂၂၉ နှင့် လော့စ်အိန်ဂျလိစ်တွင် ၂၁၆၈ ဒေါ်လာဖြစ်သည်။

Hired.com အဖွဲ့သည် လုပ်ခလစာနှင့် နေထိုင်မှုစရိတ်မြင့်မားခြင်းအပေါ် ပညာရှင်များ၏ အမြင်နှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ်က လူပေါင်း ၄၂၀၀၀၀ ကိုတွေ့ဆုံမေးမြန်းထားပြီး၊ အလုပ်ရှာဖွေနေသည့် လူပေါင်း ၆၉၀၀၀ ကိုလည်း မည်သည့်ကုမ္ပဏီနှင့် ဒေသများတွင် လုပ်ငန်းတာဝန်ထမ်းဆောင်ချင်ကြကြောင်း သုတေသန ပြုလုပ်ထားကြသည်။

အမေရိကန်ပြည်ထောင်စုရှိ နည်းပညာကုမ္ပဏီကြီးများသည် တိုရွန်တို၊ လန်ဒန်နှင့် ပဲရစ်တို့မှ နည်းပညာရှင် များကို အနိမ့်ဆုံး ဂဏန်း ငါးလုံးအထိပေးပြီး ခေါ်ယူသုံးရန် စီစဉ်နေကြပြီး၊ ဗြိတိန်နိုင်ငံကမူ ပြည်ပမှ အိုင်တီ ပညာရှင်များ ခေါ်ယူအသုံးပြုနေမှုအား ၇ ရာခိုင်နှုန်းအထိ လျှော့ချထားသည်။

အမေရိကန်ပြည်ထောင်စုတွင် ဆီလီကွန်တောင်ကြားဒေသ၌ လစာကောင်းသည် မှန်သော်လည်း လူနေမှု စရိတ် မြင့်မားလွန်းသောကြောင့် အိုင်တီပညာများသည် စရိတ်နည်းသည့် အော်စတင်ဒေသကို စိတ်ဝင်စားစွာ ပြောင်းရွှေ့နေကြကြောင်း Yahoo Finance တွင်ရေးသားထားသည်။ ■

# စင်ကာပူနိုင်ငံတွင် အမှိုက်ပြည့်လျှင် အချက်ပေးမည့် စမတ်အမှိုက်ပုံးများ အသုံးပြုမည်

စင်ကာပူ၊ ဖေဖော်ဝါရီ ၁၃


Today

စင်ကာပူနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများဖြင့် တီထွင်ထားသည့် စမတ်အမှိုက်ပုံးများကို နိုင်ငံအနှံ့ အသုံးပြုရန် ရှေ့ပြေးအစီအစဉ်ဖြင့် စမ်းသပ်လျက်ရှိပြီး၊ ယင်းအမှိုက်ပုံးများသည် အမှိုက်ပြည့်လာလျှင် အလိုအလျောက် အမှိုက်သိမ်းသူကို အချက်ပေးမည်ဖြစ်ကြောင်း Today သတင်းတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ JTC ကုမ္ပဏီက တီထွင်သည့် စမတ်အမှိုက်ပုံးကို Bigbelly ဟု အမည်ပေးထားပြီး၊ အမှိုက်ကိုထည့်လိုက်သည်နှင့်အတွင်း၌ အလိုအလျောက် ချေဖျက်လိုက်ကာ၊ မူလအရွယ်ထက် ငါးဆသေးသွားစေရန် အမှိုက်ပုံးက ဆောင်ရွက်ပေးနိုင်ကြောင်း ယင်း သတင်း ကဆိုသည်။

ထည့်လိုက်သည့် အမှိုက်အမျိုးအစားကို ပုံးအတွင်းရှိ အာရုံခံစနစ်က အလိုအလျောက်စစ်ဆေးပြီး ချေဖျက် ပေးရုံမက အနံ့ဆိုးများ မထွက်စေရန်ကိုပါ ဆောင်ရွက်ပေးနိုင်သည်။

အမှိုက်ပုံးသည် ပြည့်လာသည့်အခါ ဆင်ဆာစနစ်က သန့်ရှင်းရေးလုပ်သား၏ ဖုန်းဆီသို့ အီးမေးလ် သို့မဟုတ် စာဖြင့် အချက်ပေးမည်ဖြစ်သောကြောင့် ချက်ချင်းပင်လာရောက်ရှင်းလင်းမှုကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

စမတ်အမှိုက်ပုံးသည် နေရောင်ခြည်စွမ်းအင်ကို ရယူနိုင်မည့်စနစ် အဖုံးပေါ်တွင် ထည့်သွင်းပေးထားသဖြင့် လျှပ်စစ်အားကို ကြိုးဖြင့်တပ်ပြီး ဆက်သွယ်ပေးရန် မလိုဘဲ၊ အတွင်း၌ ပါရှိသည့် ဘက်ထရီက မော်တာနှင့် ချေဖျက်ခြင်းစနစ်များကို အလိုအလျောက် လုပ်ဆောင်နိုင်ကာ၊ တစ်ကြိမ်အားပြည့်အောင် ဖြည့်သွင်းထား ပြီးလျှင် သုံးလခန့်နေရောင်ခြည်မရလည်း လုပ်ဆောင်နိုင်စွမ်းရှိကြောင်း JTC ကပြောကြားသည်။

Bigbelly အမှိုက်ပုံးများကို စင်ကာပူနိုင်ငံ၏ One-north, Jurong, Changi, CleanTech အရပ်များတွင် အလုံး ၄၀ ခန့်ထားကာ ပဏာမအနေနှင့် စမ်းသပ်လျက်ရှိသည်။

၂၀၁၆ ခုနှစ်က JTC ကုမ္ပဏီသည် အမှိုက်ပစ်စနစ်များကို စမ်းသပ်လျက်ရှိရာ စမတ်အမှိုက်ပုံးများကို အသုံးပြုခြင်းကြောင့် ၈၀ ရာခိုင်နှုန်းခန့် အမှိုက်သိမ်းစနစ်ကို သက်သာသွားစေပြီး ပိုမိုအောင်မြင်မှုများ ရရှိခဲ့သည်ဟုဆိုသည်။ ■

## NEWS IN BRIEF

### အင်တာနက်ဂြိုဟ်တုကို Space X ဒုံးပျံဖြင့် လွှတ်တင်မည်

ပုဂ္ဂလိကအာကာသလုပ်ငန်းတစ်ခုဖြစ်သည့် SpaceX ဒုံးပျံသည် ယခုတစ်ပတ်အတွင်း အာကာသအတွင်း အင်တာနက်ဂြိုဟ်တုများကို လွှတ်တင်ရန် စီစဉ်လျက်ရှိကြောင်း Popular Mechanics သတင်းတွင် ဖော်ပြထားသည်။

လက်ရှိအာကာသအတွင်း လွှတ်တင်ထားသော အင်တာနက်ဂြိုဟ်တုများသည် ကမ္ဘာမှ မိုင်ပေါင်း ၂၀၀၀၀ အကွာ အာကာသအတွင်း ရှိနေပြီး၊ SpaceX က စေလွှတ်မည့် ဂြိုဟ်တုများမှ ကမ္ဘာမြေအထက် မိုင် ၇၅၀ အကွာတွင် ရှိနေမည်ဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

အင်တာနက်ဂြိုဟ်တုများသည် ကမ္ဘာမြေနှင့် ပိုမိုနီးကပ်စွာ လွှတ်တင်ထားမည်ဖြစ်သည့်အတွက် အင်တာနက် အသုံးပြုနိုင်သည့်နှုန်းများ ပိုပြီးမြန်ဆန်လာပြီး၊ bandwidth များကိုလည်း ပို၍မြင့်မားစွာ အသုံးပြုလာနိုင်တော့မည်ဖြစ်ကြောင်း Popular Mechanics တွင်ရေးသားထားသည်။ ■

### သမ္မတထရမ့်က လပေါ်လေ့လာရေးကို ဦးစားပေးမည်ဟုဆို

အမေရိကန် သမ္မတ ထရမ့်အစိုးရအဖွဲ့သည် NASA အား ၂၀၂၅ ခုနှစ်တွင် အာကာသလေ့လာရေးစခန်းကြီး ထားပြီး လေ့လာစူးစမ်းမှုများကို ရုပ်သိမ်းစေလိုပြီး လပေါ်စူးစမ်းရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း The Washington Post သတင်းတွင်ဖော်ပြထားသည်။

သမ္မတထရမ့်အစိုးရအဖွဲ့သည် အာကာသအတွင်း ပုဂ္ဂလိကလုပ်ငန်းများကိုလည်း ခွင့်ပြုပြီး ဖြစ်နေသောကြောင့် ၂၀၁၉ ခုနှစ်ကစတင်ကာ အာကာသစခန်း အသုံးစရိတ်များကို ဖြတ်တောက်ပြီး ၂၀၂၅ ခုနှစ်တွင် အဆုံးသတ်ရန် စီစဉ်နေကြောင်း ယင်းသတင်းကဆိုသည်။

NASA အဖွဲ့သည် ၁၉၉၀ ပြည့်နှစ်ပိုင်းကတည်းက အာကာသအတွင်း လှည့်ပတ်နေသည့် အာကာသစခန်း စူးစမ်းလေ့လာမှုအစီအစဉ်အတွက် ဒေါ်လာ ဘီလီယံ ၁၀၀ ခန့် အသုံးပြုခဲ့ကြောင်း၊ အမေရိကန်တို့သည် အာကာသအတွင်း ဒုံးပျံများ စေလွှတ်ခြင်းကိုလည်း ၂၀၁၁ ခုနှစ်ကတည်းကရပ်ဆိုင်းခဲ့ကြောင်းသိရသည်။ ■

### ကြွက်၏ အကျိတ်ကို အသေးစားစက်ရုပ်ဖြင့် ချေဖျက်

DNA Nanorobots သုတေသနလုပ်ငန်းများကိုလုပ်ဆောင်နေသည့်ဒေါက်တာ ဂွမ်ဂျန်နိုင်းဦးဆောင်သော ကင်ဆာသုတေသီများသည် ကြွက်တစ်ကောင်၏ ကင်ဆာကျိတ်ကို အလွန်သေးငယ်သည့် နာနိုစက်ရုပ်ဖြင့် စေလွှတ်ချေဖျက်နိုင်ခဲ့ကြောင်း Nature Biotechnology သတင်းတွင် ဖော်ပြထားသည်။

ပညာရှင်များသည် ဝေဒနာခံစားနေရသည့် ကြွက်၏ ဗိုင်းရပ်စ်ထဲမှ DNA ကို ထုတ်ယူပြီးနောက် ပြုပြင်ထားသည့် ပြွန်လေးအတွင်း ဖန်တီးထားသည့် DNA ကို အကျိတ်ဆီသို့စေလွှတ်လိုက်ကာ ထိုအကျိတ်နှင့် ဆက်သွယ်နေသည့် သွေးကြောများ၊ ဆဲလ်များအားလုံးကို ဖြတ်တောက်စေခြင်းဖြင့် ကုစားနိုင်ခဲ့ကြသည်။

Nanorobot ဟု အမည်ပေးထားသည့် ယင်း DNA ပြွန်စက်ရုပ်လေးများကို ယခုအခါ ကြွက်နှင့် ဝက်များတွင် စမ်းသပ်ပြီး ကင်ဆာအမြစ်များကို ဖြတ်နိုင်ခဲ့ကြောင်း၊ မကြာမီ လူများတွင် စမ်းသပ်ရန် စီစဉ်နေကြောင်း ဂွမ်ဂျန်နိုင်းကပြောကြားသည်။ ■

### တောင်ကိုရီးယား အိုလံပစ် ဆိုက်ဘာတိုက်ခိုက်မှုခံရကြောင်း အတည်ပြု

တောင်ကိုရီးယားနိုင်ငံ ပြုံချန်းဆောင်းရာသီအိုလံပစ်ပွဲကို ဖွင့်ပွဲစတင်သည့်နေ့ကစတင်ပြီး အသုံးပြုနေသည့် ကွန်ပျူတာစနစ်များကို ဆိုက်ဘာတိုက်ခိုက်မှုများ ခံနေရကြောင်း အိုလံပစ်ကျင်းပရေးအဖွဲ့က အတည်ပြု ပြောကြားချက်ကို Reuters သတင်းတွင် ဖော်ပြထားသည်။

အိုလံပစ်ပွဲ၏ အင်တာနက်နှင့် ရုပ်သံအစီအစဉ်များသည် လွန်ခဲ့သည့် ၂ ရက်ခန့်ကတည်းက ဟက်ကာများ၏ တိုက်ခိုက်ခြင်းကို ခံနေရပြီး၊ မည်သည့်အဖွဲ့အစည်းများက လုပ်ဆောင်နေသည်ကို မသိရသေးကြောင်း ယင်းသတင်းကဆိုသည်။

ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကို ကျင်းပနေသည့် နေရာမှာ မြောက်ကိုရီးယားနယ်စပ်နှင့် မိုင် ၅၀ ခန့်သာ ကွာဝေးပြီး၊ ပညာများက အခြေအနေများကို ပြန်လည်ထိန်းသိမ်းနိုင်နေပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ■

### ပင်လယ်ရေမျက်နှာပြင် ၂၁၀၀ တွင် နှစ်ဆမြင့်တက်ကာ မြို့ကြီးများကို ရေလွှမ်းမည်ဟုဆို

ပင်လယ်ကမ်းရိုးတန်းအနီးရှိ မြို့ကြီးများသည် လာမည့် ၂၁၀၀ ပြည့်နှစ်၌ လက်ရှိထက်နှစ်ဆမြင့်တက်လာမည့် ပင်လယ်ရေမျက်နှာပြင်အနေအထားကြောင့် ရေလွှမ်းမိုးမှုခံရပြီး ရေပြင်အောက်ရောက်သွားနိုင်ကြောင်း ကော်လိုရာဒို တက္ကသိုလ်မှ ပညာရှင်များ၏ ထုတ်ပြန်ချက်ကို AFP သတင်းတွင် ဖော်ပြထားသည်။

လာမည့် ၂၁၀၀ တွင် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ပင်လယ်ရေမျက်နှာပြင်သည် ၂ ပေခန့် မြင့်တက်ကာ ဖလော်ရီဒါတောင်ပိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ရှန်ဟိုင်း၊ ဝါရှင်တန် ကမ်းခြေ ဒေသများ ရေအောက်သို့ရောက်သွားလိမ့် မည်ဟု ယင်းသတင်းကဆိုသည်။

၁၉၉၃ ခုနှစ်ကတည်းက ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာပြီး ၁၀ နှစ်လျှင် တစ်မီလီမီတာနှုန်း ဖြစ်နေကြောင်း၊ ဤနှုန်းအတိုင်းဆိုလျှင် ၂၁၀၀ ပြည့်နှစ်တွင် ကမ်းရိုးတန်းဒေသမြို့ကြီးများ ပျောက်သွားနိုင်ကြောင်း ပညာရှင်များကခန့်မှန်းထားသည်။ ■

# ဦးဝီရသူကို ကိုဆွေဝင်း ရှိခိုးတောင်းပန်ပါက အမှုပိတ်ပေးမည်ဟု တရားလိုဆို

**မန္တလေး၊ ဖေဖော်ဝါရီ ၁၃**

ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ဖြင့် တရားစွဲဆိုခံထားရသည့် မြန်မာနောင်း သတင်းဌာနမှ အယ်ဒီတာချုပ်ကိုဆွေဝင်း အနေနှင့် ဆရာတော်ဦးဝီရသူကို ခြေဖမိုး ဦးခိုက်ကာ ရှိခိုးတောင်းပန်ပါက စွဲဆို ထားသည့်အမှုကို ပိတ်သိမ်းပေးသွားမည် ဖြစ်ကြောင်း တရားလိုဖြစ်သူ ဦးကျော်မျိုး ရွှေက ပြောကြားသည်။

"မစိုးရိမ်ကျောင်းတိုက်မှာ ဆရာ တော်ဦးဝီရသူ သီတင်းသုံးနေပါတယ်။ သူ့ဆီကိုသွားပြီး ခြေဖမိုးဦးခိုက်ရှိခိုးပြီး တောင်းပန်လိုက်မယ်ဆိုရင် ကျုပ်တရား လိုလုပ်ပြီး စွဲထားတဲ့အမှုကို ပိတ်သိမ်း ပေးလိုက်မယ်။ ယောက်ျားတိုင်းဟာ ကိုယ်လုပ်ထားတဲ့အမှားကို ကိုယ်တိုင် တာဝန်ယူပြီး ဖြေရှင်းရဲတယ်။ ကျွန်တော် ကိုယ်တိုင်လည်း ကျွန်တော်မကျူးလွန်ခဲ့ တဲ့ကိစ္စတစ်ခုကို နိုင်ငံတော်အကြည်ညို ပျက်စေမှုဆိုတဲ့ပုဒ်မတပ်ပြီး တရားစွဲခံ ထားရတာ။ ဒါကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နေတယ်" ဟု ဦးကျော်မျိုးရွှေက ပြောဆိုသည်။

မြန်မာနောင်းသတင်းဌာန၏ အယ်ဒီတာချုပ်ကိုဆွေဝင်းသည် အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ ဦးဆောင်ဆရာတော်တစ်ပါးဖြစ်ခဲ့သူ ဦးဝီရသူ၏ ဂုဏ်သိက္ခာညှိုးနွမ်းအောင် လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့ စေသည်ဟုဆိုကာ ဦးကျော်မျိုးရွှေက ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆-ဃ ဖြင့် အရေးယူပေးရန် တရားလိုပြုလုပ်တိုင် ကြားခဲ့ခြင်းဖြစ်သည်။

ကိုဆွေဝင်းသည် ၎င်း၏လူမှုကွန် ရက်စာမျက်နှာတွင် ဆရာတော်ဦးဝီရသူ ပါရာဇိကကျသွားပြီဖြစ်ကြောင်းသိရ သည်ဟု ရေးသားခဲ့သည့်အပေါ် ဆရာ တော်ဦးဝီရသူ၏ဒါယကာတစ်ဦးဖြစ်သည့် ဦးကျော်မျိုးရွှေက ၂၀၁၇ ခုနှစ် မတ်လ ၇ ရက်နေ့က မဟာအောင်မြေမြို့နယ်၊ အမှတ် (၇) နယ်မြေရဲစခန်းတွင် တိုင် ကြားခဲ့ခြင်းကြောင့် ကိုဆွေဝင်းကို မဟာ အောင်မြေမြို့နယ်တရားရုံးက ဖေဖော် ဝါရီလ ၁၃ ရက်နေ့တွင် ၁၈ ကြိမ်မြောက် ရုံးချိန်းအဖြစ် စစ်ဆေးခဲ့သည်။

"ကျွန်တော့်အနေနဲ့ပြောရရင် တော့ အမှားတစ်ခုကို ထောက်ပြတာ။ အဲ့ဒီအမှားဟာ လူ့အဖွဲ့အစည်းအတွက် အရေးကြီးတယ်လို့မြင်တယ်။ ကျွန်တော် က ဆရာတော်ဦးဝီရသူနဲ့ ပုဂ္ဂိုလ်ရေး မုန်း တီးမှုလည်းမရှိဘူး။ မတောင်းပန်နိုင်ဘူး ဆိုတာကလည်း ခေါင်းမာတာ၊ တစ်ယူသန် တာတွေကြောင့်မဟုတ်ဘူး။ ကျွန်တော် က မှားနေတဲ့အရာကို မှန်တယ်လို့ပြော မပေးနိုင်ဘူး။ မန္တလေးမြို့က ဆရာတော် တစ်ပါးကို အင်တာဗျူးပြီးတော့ သတင်း ဌာနတစ်ခုက သတင်းရေးတယ်။ အဲ့ဒါကို ကျွန်တော်က ရှယ် (ပြန်လည်မျှဝေခြင်း) တာ။ ကျွန်တော်ရဲ့ကိုယ်ပိုင်သုံးသပ်ချက် တစ်ခုမဟုတ်ဘူး။ မှားနေတာကို ထောက် ပြခဲ့တာဖြစ်ပါတယ်" ဟု ကိုဆွေဝင်းက တုံ့ပြန်ပြောဆိုသည်။




**ကိုဆွေဝင်းကို တရားစွဲဆိုထားသော ဦးကျော်မျိုးရွှေကို မဟာအောင်မြေမြို့နယ်တရားရုံး၌ တွေ့ရစဉ်**

ယင်းအမှုနှင့်ပတ်သက်၍ တရားလို ကို တတိယအကြိမ်မြောက်အဖြစ် ဖေဖော် ဝါရီလ ၁၃ ရက်နေ့ကစစ်ဆေးရာ တရား လိုဘက်က သက်သေများ တင်ပြခဲ့ရာ တရားလိုဘက်က တင်သွင်းခဲ့သည့်သက် သေများအနက် RFA သတင်းဌာနက ကိုဆွေဝင်းကို အင်တာဗျူးထားသည့် ဗီဒီယိုဖိုင်တစ်ခု ပါဝင်နေသောကြောင့် အဆိုပါဗီဒီယိုဖိုင်သည် RFA သတင်း ဌာနထံမှ တရားဝင်ခွင့်ပြုချက်ရယူကာ ကူးယူထားခြင်း ဟုတ် မဟုတ်နှင့် သတင်း ဌာနကလွှင့်တင်ခဲ့သည့် ဗီဒီယိုဖိုင် ဟုတ် မဟုတ်ကို အတည်ပြုနိုင်ခြင်းမရှိသည့် အတွက် ကိုဆွေဝင်း၏ ရှေ့နေများက ကန့်ကွက်ကြောင်း တင်ပြ ခဲ့သည်။

ထိုသို့ကန့်ကွက်ခဲ့သော်လည်း မြို့နယ်တရားရုံးက ယင်းသက်သေကို လက်ခံခဲ့သည့်အတွက် တရားဥပဒေနှင့် ညီညွတ်ခြင်း မရှိသောကြောင့် နောက် တစ်ပတ်ရုံးချိန်းဖြစ်သည့် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မတိုင်မီ ခရိုင်တရားရုံးသို့ ရာဇဝတ်ပြင်ဆင်မှု လျှောက်ထားသွား မည်ဖြစ်ကြောင်း ကိုဆွေဝင်း၏ဥပဒေ အကြံပေးအဖွဲ့မှ ဦးခင်မောင်မြင့်က ပြော ကြားသည်။ ■

**M-04**

**စာ - 9 "ဓာတ်ငွေ့လျှပ်စစ်စီမံကိန်းတွေက မြစ်သံလွင်ကို ရှင်သန်ခွင့်ပေးနိုင်မလား" မှ အဆက်**

အစိုးရက အကောင်းဆုံးရွေးချယ်မှုများ ပြုလုပ်နိုင် ရေးကူညီပေးရန် ရည်ရွယ်ထားသည်။ ယခင်အစိုးရ လက်ထက်ကလည်း လူမှုရေးနှင့် သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ အခြေခံအကြောင်းတရားများအပြင် မြေပြင်ပကတိအခြေအနေအပေါ် စီမံကိန်းများ၏ သက်ရောက်ပုံကိုပါ အကဲဖြတ်နိုင်ရန် SEA လုပ်ဆောင် ခဲ့သည်ဟု IFC ကဆိုသည်။

အဆိုပါ အကဲဖြတ်ဆန်းစစ်ချက်မှာ ဒေသ များ၏ အန္တရာယ်အလားအလာနည်း၊ များကိုဖော် ထုတ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ဥပမာအားဖြင့် အနီးအနားတွင် လက်နက်ကိုင်ပဋိပက္ခနှင့် အခြား ပြဿနာများ ရှိ၊ မရှိစသည်တို့ဖြစ်သည်။ ထို့အပြင် အကျိုးစီးပွား သက်ဆိုင်သူအားလုံးနှင့် ပွင့်လင်းမြင် သာစွာ ထိတွေ့ဆက်ဆံရန် ရည်ရွယ်ထားပြီး မြစ်ကြီး များကိုထိန်းသိမ်းရန်လိုသည်ဆိုသော အမြင်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်ဟုဆိုသည်။

IFC သည် ရေအမဆည်များ ထောက်ပံ့တည် ဆောက်ခြင်းနှင့် ပတ်သက်သည့် ကမ္ဘာ့ဘဏ်၏ အကောင်းအဆိုး ရောပြွမ်းနေသောမှတ်တမ်းကို လည်း အထူးသတိထားပုံရသည်။ ဥပမာအားဖြင့် အကျိုးအပြစ်စုံသည့် လာအိုမှ နမ်သောင်-၂ ဆည်ဖြစ် သည်။ နမ်သောင်-၂ ဆည်၏ သက်ရောက်မှုမှာ ပတ် ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများနှင့်အဖွဲ့ အစည်းများအတွက် တုန်လှုပ်စရာဖြစ်ခဲ့သည်။ လာအိုအစိုးရသည် ရေအားလျှပ်စစ်ကိုပို့ကုန်အဖြစ် တင်ပို့ပြီး 'အရှေ့တောင်အာရှ၏ဘက်ထရီတုံးကြီး' ဖြစ်စေရမည်ဟုဆိုကာ နမ်သောင်-၂မှစပြီးဆည်များ တည်ဆောက်ခြင်းကိုအကြီးအကျယ်လုပ်ဆောင်ခဲ့သည်။

ယင်းမှသည်မဲခေါင်မြစ်၏ အလယ်ပိုင်းတွင် ရေအမဆည်ကြီးများ ဆက်တိုက်ပေါ်ထွက်လာခဲ့ရာ ယင်းဆည်ကြီးများသည် မြစ်အောက်ပိုင်းကမ္ဘော ဒီးယားနိုင်ငံရှိ တုန်လေဆပ်အိုင်ကြီးမှ ငါးဖမ်းလုပ်ငန်း နှင့် ဗီယက်နမ်တောင်ပိုင်း မဲခေါင်မြစ်ဝှမ်းရှိ စပါးစိုက် ဧရိယာများအပေါ် ဆိုးကျိုးသက်ရောက်မှုကြီးများရှိ လာနိုင်သည်ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက သတိပေးထားကြသည်။

သံလွင်မြစ်ပေါ်တွင် တည်ဆောက်ရန်ပြည်ပ လုပ်ငန်းကြီးများက အဆိုပြုထားသောအချို့ဆည် များမှာ ကျယ်ပြန့်သည့်ရေလွှမ်းဧရိယာများဖြစ်ပေါ် လာစေနိုင်ပြီး စတုရန်းကီလိုမီတာရာချီပြီး ရေလွှမ်း သွားစေနိုင်သည်။ အဆိုပြုဆည်ကြီးများ တည် ဆောက်မည့်နေရာများတွင် တပ်ဖြန့်ချထားမှုများ တိုးမြှင့်မည့် အစီအစဉ်များကိုလည်း ရှမ်းအဖွဲ့အစည်း များက ဝေဖန်ထားကြသည်။ ယင်းလှုပ်ရှားမှုများ သည် ရှမ်းတိုင်းရင်းသားများနှင့် ဆက်ဆံရေးကိုပိုမို ဆိုးရွားစေနိုင်ပြီး ထိုင်းနိုင်ငံတွင်းသို့ ဒုက္ခသည် သောင်းချီတွန်းပို့ရာ ရောက်လာစေနိုင်ကြောင်း သတိ ပေးထားကြသည်။

တိုင်းပြည်၏ အကြီးဆုံးမြစ်ဖြစ်သော ဧရာဝတီ မြစ်၏မြောက်ဖျားတွင် တရုတ်လုပ်ငန်းစုကြီး၏ အငြင်းပွားဖွယ် မြစ်ဆုံဆည်တည်ဆောက်မည့်စီမံကိန်း ကို မြန်မာအစိုးရကဆိုင်းငံ့ထားလိုက်ကြောင်း ယခင် သမ္မတဦးသိန်းစိန်အစိုးရက ၂၀၁၁ ခုနှစ် စက်တင် ဘာလအတွင်း ကြေညာခဲ့ရာ မြန်မာနိုင်ငံအတွင်း ထောက်ခံမှုများစွာ ရရှိခဲ့သည်။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်အစိုးရနှင့် တရုတ်အစိုးရ အကြား မြစ်ဆုံအစား သံလွင်မြစ်ပေါ်တွင်ဆည်ကြီး တစ်ခုတည်ဆောက်ရန် ခွင့်ပြုသောလျှို့ဝှက်သဘော တူညီချက်တစ်ရပ်ရှိနေမည်ကို ရှမ်းအဖွဲ့အစည်းများ က စိုးရိမ်နေကြသည်။

ထိုင်း EGAT ပါ ပါဝင်သော စီမံကိန်းနောက် ကွယ်မှလုပ်ငန်းစုကြီးက မောင်တုံ (တာဆန်း) ဆည် ဒီဇိုင်းပြန်ပြင်ရန်နှင့် ပိုသေးသောပုံစံမျိုးဆောက်ရန် မြန်မာဘက်က တောင်းဆိုထားကြောင်း အတည်ပြု ထားသည်။ မူလအဆိုပြုပုံစံအရဆိုလျှင် သဘာဝပတ် ဝန်းကျင်ဆိုင်ရာ အိပ်မက်ဆိုးကြီးဖြစ်သွားနိုင်သည် ဟု သဘာဝပတ်ဝန်းကျင်အရေး လှုပ်ရှားသူများက သုံးသပ်ထားသည်။

မြန်မာအစိုးရက သဘာဝဓာတ်ငွေ့သုံး ဓာတ် အားပေးစက်ရုံများ တည်ဆောက်မည်ဆိုသော သတင်းမှာ သံလွင်တွင်ဆည်များဆောက်မည်ကို စိုး ရိမ်နေကြသော ရှမ်းအဖွဲ့အစည်းအချို့အတွက် စိတ် သက်သာရာရစရာ ဖြစ်ခဲ့ရသော်လည်း သဘာဝပတ် ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များမှာ 'ဓာတ်ငွေ့ကို ပိုသဘောကျခြင်း' မျိုးမဟုတ်ဘဲ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်တစ်ခုလုံး ပိုမိုကောင်းမွန်စေ လိုခြင်းသာဖြစ်ကြောင်း International Rivers အဖွဲ့မှ ပီယာပွန် (ပိုင်) ဒီတီစ်ကဆိုသည်။ 'စွမ်းအင် စီမံကိန်းမှာ ပါဝင်ခွင့်ရတဲ့ လုပ်ငန်းစဉ်မျိုးကို ကျွန်မ တို့က တောင်းဆိုတာပါ။ ထိုင်းအတွက်ရော၊ မြန်မာ အတွက်ပါ။ ဒါမှသာ ပြည်သူတွေပါ ပါဝင်ခွင့်ရပြီး စွမ်း အင်ဖူလုံမှု၊ အသေးစားဓာတ်အားပေးစက်ရုံတွေနဲ့ ဗဟိုချုပ်ကိုင်မှုမရှိတဲ့ စနစ်လိုတခြားနည်းရွေးချယ် စရာတွေအားလုံးကိုပါ ထည့်သွင်းစဉ်းစားနိုင်မှာဖြစ် ပါတယ်" ဟု ပီယာပွန် (ပိုင်) ဒီတီစ်ကဆိုသည်။

မပျက်မစီး မူလအတိုင်း ရှိနေသေးသော တောရိုင်းဧရိယာကို ကယ်ဆယ်နိုင်ရေး မောင်တုံ (တာဆန်း) ဆည်စီမံကိန်းအဆိုပြုချက်ကို ဒေါ်အောင် ဆန်းစုကြည်အစိုးရက ပြင်ဆင်လာစေရန် လူမှု ကွန်ရက်ပေါ်တွင်ပျံ့နှံ့သွားသော 'Drowning a Thousand Islands (ကျွန်းတစ်ထောင် ရေနစ် ခြင်း)' ဗီဒီယိုက ကူညီပေးခဲ့သည်ဟု ယူဆကြောင်း ဒီတီစ်က ဆိုသည်။

ယမန်နှစ်ကလည်း ထိုင်းစွမ်းအင်ဝန်ကြီးဌာန သည် ကရင်ပြင်နယ်တောင်ပိုင်း သံလွင်မြစ်ပေါ်တွင် ပင်ရှိသည့် ဟတ်ကြီးဆည်စီမံကိန်းကို လက်နက်ကိုင် ပဋိပက္ခကြောင့် ရပ်ဆိုင်းခဲ့ကြောင်း ကြေညာခဲ့သည်။ ဟတ်ကြီးဆည်လုပ်ငန်းခွင်တွင် EGAT အတွက် အလုပ်လုပ်ပေးနေသော ထိုင်းအင်ဂျင်နီယာတစ်ဦး မှာ ၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်း တိုက်ခိုက်မှု တစ်ခုတွင် အသက်ဆုံးခဲ့သည်။ ■

**Ref : Asia Times, Myanmar power plans could spare the Salween by Jim Pollard**

# ကမ္ဘောဒီးယားတွင် ကမ္ဘာလှည့်ခရီးသည် ခုနစ်ဦးကို လိင်ဖော်ဖြေရေးရုပ်ရှင် ရိုက်ကူးသည်ဟု စွပ်စွဲကာ ပြည်နှင်ဒဏ်ပေး

**ဖနွမ်းပင်၊ ဖေဖော်ဝါရီ ၁၃**

ကမ္ဘောဒီးယားနိုင်ငံတွင် လိင်ဖော်ဖြေရေးရုပ်ရှင် ရိုက်ကူးသည်ဟုစွပ်စွဲခံရသော နိုင်ငံခြားသားခရီးသွား ဆယ်ဦးအနက်မှ ခုနစ်ဦးကို ပြည်နှင်ဒဏ်ပေးလိုက်သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

နိုင်ငံအနောက်မြောက်ပိုင်း ဆီရမ်ရိဒ်ရှိ ပါတီပွဲတစ်ခုတွင် လိင်မှုကိစ္စ ပြုလုပ်နေပုံရသောသူများ၏ ဓာတ်ပုံများထွက်ပေါ်လာပြီးနောက် ထိုလူစုကို ဇန်နဝါရီလအတွင်းက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးသွားဧည့်သည် လူစုအနက်မှ ယူကေ၊ နယူးဇီလန်နှင့် ကနေဒါနိုင်ငံသားများဖြစ်ကြသော ခုနစ်ဦးသည် ယခင်အပတ်က အာမခံရခဲ့ပြီးနောက် ယခုတိုင်းပြည်တွင်းမှ ထွက်ခွာသွားရတော့မည်ဖြစ်သည်။

အခြားသုံးဦး (ယူကေ၊ နော်ဝေး၊ နယ်သာလန် နိုင်ငံသားများ) မှာမူ ပါတီပွဲစီစဉ်မှုဖြင့် တရားစွဲဆိုခြင်းကို ရင်ဆိုင်ကြရမည်ဖြစ်သည်။

၎င်းတို့ ဆယ်ဦးစလုံးက စွပ်စွဲချက်များကို ငြင်းဆိုခဲ့ကြပြီး ၎င်းတို့သည် ကိုယ်လုံးတီးမဟုတ်ကြောင်းနှင့် မည်သည့်အပြာရုပ်ရှင်ကိုမှ ရိုက်ကူးခဲ့ခြင်းမရှိကြောင်း ပြောကြားခဲ့ကြသည်။

၎င်းတို့အနက်မှ ခုနစ်ဦးမှာ ၎င်းတို့အပေါ် စွဲချက်များကို တရားရုံးကရုပ်သိမ်းခြင်းမပြုသော်လည်း ကမ္ဘောဒီးယားမှ ထွက်ခွာကြရန်နှင့် နောက်နောင်တွင် ပြန်မလာကြရန် ပြည်နှင်ဒဏ်ပေးခြင်း

စာ-23




ရာထူးမှ နုတ်ထွက်ရန် ၄၈ နာရီ အချိန်ပေးသည့် အကြောင်းကြားစာကိုပေးရန် ရမ်ဖိုဆာက ဇူးမားထံသွားရောက် တွေ့ဆုံလျက်ရှိသည်

# ဂျက်ကော့ဇူးမားကို နိုင်ငံ့အကြီးအကဲအဖြစ်မှ ဖယ်ရှားရန် တောင်အာဖရိက ANC ပါတီ ဆုံးဖြတ်

**ကိပ်တောင်း၊ ဖေဖော်ဝါရီ ၁၃**

တောင်အာဖရိက အမျိုးသားကွန်ဂရက်ပါတီ ANC အလုပ်အမှုဆောင်ကော်မတီသည် ၁၃ နာရီကြာ ပါတီခေါင်းဆောင်ပိုင်း အစည်းအဝေးအပြီးတွင် သမ္မတဂျက်ကော့ဇူးမားကို နိုင်ငံ့အကြီးအကဲအဖြစ်မှရုပ်သိမ်းရန် သို့မဟုတ် ဖယ်ရှားရန် ဆုံးဖြတ်လိုက်သည်ဟု ပါတီအကြီးတန်း တာဝန်ရှိသူတစ်ဦးကပြောကြားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဒီဇင်ဘာလ ၇ ရက်တွင် ဒုသမ္မတ ဆိုင်ရီလ်ရမ်ဖိုဆာပါတီ ခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနောက်ပိုင်း ဇူးမားသည် ၂၀၁၉ နှစ်လယ်တွင် ကုန်ဆုံးမည့် ၎င်း၏ ဒုတိယသက်တမ်းကိုအဆုံးသတ်ရန် ပါတီတွင်းမှ တောင်းဆိုလာခြင်းကို ရင်ဆိုင်ခဲ့ရသည်။

ဇူးမား (၇၅ နှစ်) သည် တောင်အာဖရိကတွင် ၁၉၉၄ ခုနှစ် အသားအရောင်ခွဲခြားမှု အဆုံးသတ်ပြီးနောက်ပိုင်း စီးပွားရေးကျဆင်းမှု၊ အဂတိလိုက်စားမှုများ ရှုပ်ထွေးနေခဲ့သော ကိုးနှစ်ကြာအုပ်ချုပ်မှုသက်တမ်းကို ဖြတ်သန်းခဲ့သည့် အငြင်းပွားဖွယ်ရာအဖြစ်ဆုံး သမ္မတတစ်ဦးလည်းဖြစ်သည်။

ပါတီအလုပ်အမှုဆောင် ကော်မတီက ဇူးမားကို နိုင်ငံ့အကြီးအကဲအဖြစ်မှ ဖယ်ရှားရန် အခွင့်ရှိသော်လည်း ဇူးမားက ငြင်းပယ်ဖွယ်ရှိသည်ဟု ပြည်တွင်းမီဒီယာများက ရေးသားကြသည်။

ရမ်ဖိုဆာ (၆၅ နှစ်)သည် သမ္မတ၏ ကြမ္မာကိုဆုံးဖြတ်မည့် အစည်းအဝေးသို့ ပြန်မသွားမီ တနင်္လာနေ့ညက ဇူးမားထံ သွားရောက်တွေ့ဆုံခဲ့သည်ဟု သိရှိရသည်။

"ဇူးမားကို ရုပ်သိမ်းဖို့ ဆုံးဖြတ်လိုက်ပါပြီ။ သူ့ကိုတော့ မပြောရသေးပါဘူး။ ဆိုင်ရီလ်က သူ့ဆီသွားနေပါတယ်။ ဒီကိစ္စ ဆုံးဖြတ်ဖို့ ဆွေးနွေးရတာတင်းမာမှုတွေ ရှိခဲ့ပါတယ်"ဟု ပါတီအကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရာထူးမှ နုတ်ထွက်ရန် ၄၈ နာရီ အချိန်ပေးသည့် အကြောင်းကြားစာကို ပေးရန် ရမ်ဖိုဆာက ဇူးမားထံသွားရောက် တွေ့ဆုံနေသည်ဟု နိုင်ငံပိုင် SABC ရုပ်သံလွှင့် ဌာနက သတင်းထုတ်ပြန်သည်။

ဇူးမားနှင့်တွေ့ဆုံစဉ် ရမ်ဖိုဆာက "ရာထူးမှ နုတ်ထွက်ရန် သဘောတူမလား။ ရာထူးမှ ရုပ်သိမ်းမှုကို ရင်ဆိုင်မလား" ဟုမေးသောအခါ သမ္မတဇူးမားက "မင်းက ဘယ်လိုလုပ်စေချင်သလဲ"ဟု ပြောဆိုခဲ့ကြောင်း ပြည်တွင်း Eye Witness သတင်းဌာနက ထုတ်ပြန်ဖော်ပြထားသည်။

ဇူးမားရာထူးမှ နုတ်ထွက်မည့် လက္ခဏာများကြောင့် တစ်ဖန်ပြန်လည် တက်ရိပ်ပြလာသည့် တောင်အာဖရိကသုံး ရန်းငွေကြေးသည် တနင်္လာနေ့က နိုင်ငံရေးအရှုပ်အထွေးကြောင့် မရေမရာ ဖြစ်နေခဲ့သည်။

ဇူးမားကိုယ်တိုင်သည်လည်း ၂၀၀၈ ခုနှစ်က ပါတီခေါင်းဆောင် ဖြစ်လာပြီးနောက် ထိုစဉ်က သမ္မတသာဘိုအမ်ဘီကီ နုတ်ထွက်ရေးကို စီမံခဲ့သူဖြစ်သည်။

အမ်ဘီကီသည် သက်တမ်းကိုးနှစ်အတွင်း စီးပွားရေးဖွံ့ဖြိုးမှုများရှိခဲ့သော်လည်း အာဏာအလွဲသုံးစားပြုလုပ်မှု စွပ်စွဲခံရခြင်းများ ရှိလာခဲ့ပြီးနောက် ပါတီက ဖယ်ရှားခြင်းကို ခံခဲ့ရသည်။

ဇူးမားသည် ၂၀၀၉ တွင် အာဏာရလာပြီးကတည်းက အရှုပ်အထွေးများဖြင့် စတင်ခဲ့သည်။ ၎င်းနှင့် ရင်းနှီးသောဂုပတားမိသားစုသည် အစိုးရကန်ထရိုက်လုပ်ငန်းများကို ရယူခဲ့သည့်အပြင် အစိုးရအဖွဲ့ ရာထူးခန့်အပ်မှုများကိုပါ ဝင်ရောက်စွက်ဖက်ခဲ့ကြသည်ဟု ပါတီတွင်းနှင့် အတိုက်အခံအုပ်စုများက ပြောကြားကြသည်။

ဒုသမ္မတ ရမ်ဖိုဆာသည် ANC ခေါင်းဆောင်ရွေးပွဲတွင် ဇူးမားက လိုလားသောဆက်ခံသူ ဇနီးဟောင်းဖြစ်သူ ဆာဇန်နာဒလာမီနီဇူးမားကို အနိုင်ရရှိပြီးနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စီးပွားရေး ပြန်လည်ရှင်သန်ရေးတို့ကို အာရုံစိုက် လုပ်ဆောင်လျက်ရှိသည်။

အလုပ်သမားသမဂ္ဂခေါင်းဆောင်ဟောင်း ရမ်ဖိုဆာသည် ဇူးမားကို ဂုဏ်သိက္ခာထိခိုက်စေလိုခြင်းမရှိဟု ပြောကြားနေသော်လည်း ရာထူးမှ အချိန်စော၍ အနားယူစေရန် နောက်ကွယ်မှ စည်းရုံးခဲ့သူဖြစ်သည်။ ■ F-04

# အငှားကိုယ်ဝန်ဆောင် ရှာဖွေသည့် စုံတွဲများ ယူကရိန်းသို့ ရောက်ရှိ

**ကိယက်ဗ်၊ ဖေဖော်ဝါရီ ၁၃**

ဥရောပ၏ အနွမ်းပါးဆုံးနိုင်ငံများထဲတွင် ပါဝင်သော ယူကရိန်းနိုင်ငံသည် ကလေးကိုယ်စားမွေးပေးရန် အငှားကိုယ်ဝန်ဆောင်ကို လိုက်ရှာသူများအကြား ရေပန်းစားသောနေရာတစ်ခု ဖြစ်လာသည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

ကမ်းလှမ်းသော ငွေကြေးပမာဏသည် အမျိုးသမီးငယ်များစွာကိုဆွဲဆောင်နေသော်လည်း ၎င်းတို့ အသုံးချခံရနိုင်သည်ဟူသော စိုးရိမ်မှုများလည်းရှိနေသည်။

ယူကရိန်းမှ အင်နာသည် အထက်တန်းကျောင်းပြီးခါစ ၁၈ နှစ်အရွယ်တွင် တစ်လလျှင် ဒေါ်လာ ၂၀၀ ရသည့် ဟိုတယ်ဝန်ထမ်းအလုပ်ကို လုပ်ကိုင်နေရာမှ အသက် ၂၁ နှစ်အရွယ်တွင် ဒေါ်လာ ၂၀,၀၀၀ ရမည့် အငှားကိုယ်ဝန်ဆောင်အလုပ်ကို ကူးပြောင်းလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ လူလတ်တန်းစားမိသားစုမှ မွေးဖွားလာသူ အင်နာက ဈေးကြီးသော အသုံးအဆောင်ပစ္စည်းများကို သုံးစွဲလိုသောကြောင့် ယင်းသို့ စိတ်ကူးမိခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အာရှတိုက်မှ အငှားကိုယ်ဝန်ဆောင်မှုလုပ်ငန်းများ တစ်ခုပြီးတစ်ခု ပိတ်သိမ်းလာမှုကြောင့် ၂၀၁၅ နောက်ပိုင်းတွင် နိုင်ငံခြားသားစုံတွဲများ ယူကရိန်းသို့ တဖွဲဖွဲရောက်လာကြခြင်းဖြစ်သည်။

အိန္ဒိယ၊ နီပေါ၊ ထိုင်းနိုင်ငံတို့တွင် ယင်းလုပ်ငန်းများကို ပိတ်ပင်လာမှုကြောင့် အမေရိကန်ဒေါ်လာဖြင့် အတန်အသင့်မျှသာကုန်ကျမည့် နေရာများထဲတွင် ကျန်နေသေးသည့် ယူကရိန်းသို့ ခြေဦးလှည့်လာကြသည်။

ထိုလုပ်ငန်းတွင် ဝန်ဆောင်မှုပေးသည့် ဆေးခန်းများ၏ ပြုစုစောင့်ရှောက်မှု အရည်အသွေး ကျဆင်းလာသည့်ပြဿနာ ရှိနေသည်ဟုလည်း သိရှိရသည်။

ထိုပြဿနာဖော်ထုတ်မှုကို ဆေးခန်းများက ဆန့်ကျင်ကြပြီး ဆေးခန်း၏ နာမည်ပျက်သတင်းအား လူသိရှင်ကြားဖော်ထုတ်

စာ-23




အချို့အေဂျင်စီများသည် အငှားကိုယ်ဝန်ဆောင်များကို ဆိုးဝါးစွာဆက်ဆံကြပြီး စည်းကမ်းများကို မလိုက်နာပါက အခကြေးငွေပေးရန် ငြင်းဆန်ကြသည်

## စာ-22 အငှားကိုယ်ဝန်ဆောင် ရှာဖွေသည့် စုံတွဲများ ယူကရိန်းသို့ ရောက်ရှိ မှအဆက်

ခံရမည်ကို စိုးရိမ်နေကြဆဲဖြစ်သည်ဟု ဆိုသည်။

ယူကရိန်း၏ အငှားကိုယ်ဝန်ဆောင် လုပ်ငန်းသည် ပြီးခဲ့သော ၂ နှစ်အတွင်း ၁၀၀၀ (တစ်ထောင်) ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု ကလေးရလိုသူများကို အကြံပေးနေသည့် ဆစ်ဒနီအခြေစိုက်လုပ်ငန်းမှ ဆမ်အီဗရင်ဂမ်က ပြောကြားသည်။

အငှားကိုယ်ဝန်ဆောင်ခြင်းသည် ယူကရိန်းဥပဒေအရ တရားဝင်သည့်အပြင် တင်းကျပ်မှုမရှိသော အလယ်အလတ် ဥပဒေများက လူအများကို ဆွဲဆောင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အခကြေးငွေကိုလည်း ကန့်သတ်ထားခြင်းများမရှိသောကြောင့် လွတ်လပ်သောဈေးကွက် ဖြစ်ပေါ်လာစေသည်။

သို့ရာတွင် အရာရာဖြောင့်တန်းနေသည်ဟု မဆိုနိုင်ပေ။ ယူကရိန်း၏ ဗျူရိုကရေစီစည်းကမ်းများအရ ယူကေအပါအဝင် နိုင်ငံအချို့မှ လာသောစုံတွဲများသည် ယူကရိန်းတွင် လများစွာနေထိုင်ရန် လိုအပ်သည်ဟုဆိုသည်။

ထို့ပြင် ယူကရိန်းမှ ဆေးခန်းအများစုသည် ထိုလုပ်ငန်းကို ပွင့်လင်းမြင်သာစွာ လုပ်ကိုင်နေကြသော်လည်း နာမည်ပျက်ကိစ္စများကိုမူ ဖုံးကွယ်ထားကြသည်။ ထိုလုပ်ငန်းတွင် သန္ဓေသားလောင်းလဲလှယ်မှု၊ ကျန်းမာရေးစစ်ဆေးမှု အရည်အသွေးနိမ့်ကျမှု၊ ဖောက်သည်များစွာကို လက်ခံမှု စသည့်ပြဿနာ များစွာရှိနေသည်။ အချို့အေဂျင်စီများသည် အငှားကိုယ်ဝန်ဆောင်များကို ဆိုးဝါးစွာဆက်ဆံကြပြီး စည်းကမ်းများကို မလိုက်နာပါက အခကြေးငွေပေးရန် ငြင်းဆန်ကြသည်ဟု သိရှိရသည်။

ယူကရိန်းသည် ကရိုင်းမီးယားခွဲထွက်မှုပြဿနာကြောင့် ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်တို့တွင် စီးပွားရေးအကျပ်အတည်း တွေ့ခဲ့ရပြီးနောက် လူနေမှုအဆင့်အတန်း ကျဆင်းလာမှု၏ အကျိုးဆက်အနေနှင့် ငယ်ရွယ်သောအမျိုးသမီးများမှာ အငှားကိုယ်ဝန်ဆောင်လုပ်ငန်းများ၏ ဆွဲဆောင်မှုနောက်သို့ ပါသွားခဲ့သည်ဟုယူဆရကြောင်း ယူကရိန်းပါလီမန် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ အော်လ်ဂါဘိုဂိုမိုလက်စ်က ပြောကြားသွားသည်။

ယင်းလုပ်ငန်းနယ်ပယ်တွင် လုံလောက်သောစည်းကမ်းနှင့် ကြပ်မတ်မှုများမရှိသောကြောင့် အငှားကိုယ်ဝန်ဆောင်သူနှင့် ငွေပေးရသောမိဘများ နှစ်မျိုးစလုံးအတွက် ဘေးသင့်နိုင်သည်ဟု သူမက မှတ်ချက်ပေးသည်။

လန်ဒန်၊ ဒဗ္ဗလင်၊ ရှန်ဟိုင်းစသည်ဖြင့် ကမ္ဘာ့နေရာအနှံ့တွင် နေထိုင်ကြသောစုံတွဲများသည် ယူကရိန်းဆေးခန်းများ၏ အကောင်းအဆိုးသတင်းကို အွန်လိုင်း ဖိုရမ်ရေးသားချက်များကို အမှီပြု၍ ရွေးချယ်ကြရသောကြောင့် ယူကရိန်းသို့သွားရန် ဆုံးဖြတ်ခြင်းသည် မရေရာမှုများ ပြည့်နှက်နေသည်။

အငှားကိုယ်ဝန်ဆောင်ပေးသူ တက်တီယာနာနှင့် ဂျာနာတို့ကကလေးကို သူ့မိဘများထံလွှဲပေးရသည့်အချိန်တွင် မိခင်စိတ် ခံစားချက်ကို ထိန်းနိုင်ရန် သွေးအေးသူဖြစ်ဖို့လိုသည်ဟု ပြောကြားကြသည်။

အင်နာကမူ "ကလေးမိဘတွေက သူတို့အရမ်းကျေးဇူးတင်တယ်။ သူတို့ဘဝမှာ အရေးကြီးဆုံးလူတစ်ယောက်ဖြစ်တယ်လို့ ပြောကြတဲ့အခါ သူတို့အတွက် ငါ အများကြီးလုပ်ပေးနိုင်ခဲ့ပါလားဆိုတဲ့ ခံစားမှုကိုရတယ်" ဟုပြောကြားသည်။

■ F-04

## စာ-22 ကမ္ဘောဒီးယားတွင် ကမ္ဘာလှည့်ခရီးသည် ခုနစ်ဦးကို လိင်ဖျော်ဖြေရေးရုပ်ရှင် ရိုက်ကူးသည်ဟု စွပ်စွဲကာ ပြည်နှင်ဒဏ်ပေး မှအဆက်




စွပ်စွဲခံရသော နိုင်ငံခြားသားခရီးသွား ဆယ်ဦး

ခံရသည်။

အွန်လိုင်းတွင် ထွက်ပေါ်လာသော ဓာတ်ပုံများတွင် ပါတီပွဲကျင်းပရာဗီလာအတွင်း မလုံ့တလုံနှင့် ရေကူးဝတ်စုံ ဝတ်ဆင်ထားသော စုံတွဲများစွာကို တွေ့မြင်ကြရသည်။

ဆီရမ်ရိဒ်သည် နာမည်ကျော် အန်ကာဝပ် ဘုရားကျောင်းသို့ သွားရာလမ်းကြောင်းပေါ်မှ အဓိကဝင်ပေါက်မြို့တော်ဖြစ်သည်။

ကမ္ဘောဒီးယား၏ ရှေးရိုးစွဲ ယဉ်ကျေးမှုသည် တစ်ခါတစ်ရံတွင် နိုင်ငံခြားဧည့်သည်များနှင့် မအပ်စပ်သော်လည်း ပြီးခဲ့သော နှစ်အနည်းငယ်အတွင်း တစ်ဦးချင်း ခရီးသွားဧည့်သည်များအကြား ရေပန်းစားလာမှုနှင့်အတူ ဆီရမ်ရိဒ်မြို့တော်၏ ညပိုင်းပျော်စရာရှုခင်းများမှာ မြန်ဆန်စွာဖွံ့ဖြိုးလာခဲ့သည်။

■ F-04




အီဂျစ်နိုင်ငံသို့ တေလာဆန် ရောက်ရှိလာစဉ်

# အမေရိကန်နှင့်အီဂျစ် အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ကတိကဝတ်ခိုင်မာရန် ရည်မှန်း

**ကိုင်ရို၊ ဖေဖော်ဝါရီ ၁၃**

အမေရိကန် ဒုသမ္မတမိုက်ပင့်စ်၏ ကိုင်ရိုခရီးစဉ်တွင် နိုင်ငံခြားရေးဝန်ကြီး တေလာဆန်က အမေရိကန်နှင့် အီဂျစ်အကြား အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး အကျိုးတူ ကတိကဝတ်ပြုမှုကို ခိုင်မာစေရန် ရည်မှန်းထားသည်ဟု VOA သတင်းတွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်း ငါးနိုင်ငံခရီးစဉ်ကို စတင်ရန် ကိုင်ရိုသို့ ရောက်ရှိနေသော တေလာဆန်သည် ဖေဖော်ဝါရီ ၁၁ မှ ၁၆ အထိ ဂျော်ဒန်၊ တူရကီ၊ လက်ဘနွန်၊ ကူဝိတ် နိုင်ငံများသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် အီဂျစ်သမ္မတ အယ်လ်ဆစ်စီ၊ နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရှုကရိုင်းတို့နှင့် တွေ့ဆုံကာ လစ်ဗျား၊ ဆီးရီးယား၊ အစ္စရေး-ပါလက်စတိုင်း စသော ဒေသတွင်း လုံခြုံရေးကိစ္စများကို ဆွေးနွေးမည်ဖြစ်သည်။

အီဂျစ်နိုင်ငံသည် အကြမ်းဖက်ဝါဒ နှိမ်နင်းသည့် စစ်ဆင်ရေးအဖြစ် ဆိုင်းနိုင်းကျွန်းဆွယ်တွင် စစ်သွေးကြွများကို အကြီးစားထိုးစစ် ဆင်နွဲလျက်ရှိသည်။

တူရကီသို့ ရောက်လျှင် ဖမ်းဆီးခံအမေရိကန်များအား လွှတ်ပေးရန် အန်ကာရာအစိုးရကို ဖိအားပေးမည်ဖြစ်ပြီး ဆီးရီးယားအနောက်ပိုင်းဒေသ စစ်ဆင်ရေးများတွင် သည်းခံမှုကို ပြသရန် တေလာဆန်က တိုက်တွန်းမည်ဟု အမေရိကန် အကြီးတန်း အရာရှိများ၏အဆိုအရ သိရှိရသည်။

"ဒီလိုအချိန်မှာ ထိတွေ့ဆက်ဆံမှုက အရေးကြီးဆုံး ဖြစ်ပါတယ်။ ခက်ခဲတဲ့ ဆွေးနွေးမှုတွေ ဖြစ်နိုင်စရာရှိပါတယ်" ဟု အမည်မဖော်လိုသူ အရာရှိက မှတ်ချက်ပေးသည်။

ဝါရှင်တန်နှင့် အန်ကာရာအကြား တင်းမာမှုများ ဖြစ်ပေါ်နေချိန်တွင် ထွက်ပေါ်လာသည့် နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်သည် အကျပ်တွေ့ဖွယ်ရှိသည်ဟု သုံးသပ်သော ၎င်းအရာရှိက "ကြည့်လေ။ အခြေအနေက သိပ်ကို ပူပြင်းနေတယ်။ တူရကီတွေက စိတ်ဆိုးနေကြတယ်။ အင်မတန်အခက်တွေ့ရမယ့်အချိန်ပါပဲ။ ဒါပေမဲ့ အခြေခံကျကျ အကျိုးတူကိစ္စရပ်တွေရှိနေတယ်လို့ ကျွန်တော်တို့ ယုံကြည်နေတယ်" ဟု ပြောကြားသည်။

ဂျော်ဒန်နိုင်ငံ အမ္မာန်တွင်မူ တေလာဆန်သည် ဂျော်ဒန်ခေါင်းဆောင်ပိုင်းနှင့် တွေ့ဆုံကာ ဆီးရီးယားပြဿနာ ဖြေရှင်းရေး၊ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကိစ္စတွင် ဂျော်ဒန်နိုင်ငံက ထောက်ခံအားပေးရေးစသော ဒေသတွင်း လုံခြုံရေးကိစ္စများကို ဆွေးနွေးကာ နှစ်နိုင်ငံ အပြန်အလှန် ကူညီရေး နားလည်မှုစာချွန်လွှာကို အပြီးသတ်ညှိနှိုင်းမည်ဖြစ်သည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်သို့ရောက်ရှိလျှင် လက်ဘနွန်သမ္မတ မိုက်ကယ်အွန်း၊ ဝန်ကြီးချုပ်ဟာရီရီ၊ လွှတ်တော်ဥက္ကဋ္ဌ နာဘစ်ဘာရီတို့နှင့် တွေ့ဆုံပြီး လက်ဘနွန်ပြည်သူများနှင့် လက်ဘနွန် လက်နက်ကိုင်တပ်ဖွဲ့များကို အမေရိကန်က ကူညီပံ့ပိုးမည့်ကိစ္စကို တေလာဆန်က ဆွေးနွေးမည်ဟု သိရှိရသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးသည် ကူဝိတ်တွင် ကျင်းပမည့် IS အဖွဲ့နှိမ်နင်းရေး ကမ္ဘာလုံးဆိုင်ရာ မဟာမိတ်အဖွဲ့ ၇၄ နိုင်ငံ၏အစည်းအဝေးကိုလည်း တက်ရောက်ရန် စီစဉ်ထားသည်။ ဆီးရီးယားနှင့် အီရတ်တွင် IS အဖွဲ့ကို အနိုင်ရရှိပြီးနောက် ပထမဆုံးကျင်းပမည့် အီရတ်ပြန်လည်တည်ဆောက်ရေး ညီလာခံကိုလည်း တေလာဆန် ပါဝင်တက်ရောက်မည်ဖြစ်ပြီး သုံးရက်ကြာမည့် ညီလာခံတွင် နိုင်ငံတကာ အထောက်အပံ့ပေးရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

■ F-04

CARTOON




Cagle.com

# နေပြည်တော် တပ်ကုန်းတွင် ကိုးနှစ်မိန်းကလေးတစ်ဦး လည်ပင်းညှစ်သတ်ခံရ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

နေပြည်တော် တပ်ကုန်းမြို့နယ် ရန်ကုန် - မန္တလေး ကားလမ်းဟောင်းဘေးရှိ လူမနေသည့် တဲတစ်လုံးတွင် ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲက လည်ပင်းညှစ်သတ်ခံထားရသည့် ကိုးနှစ်အရွယ် မိန်းကလေးတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

အသတ်ခံရသည့် မိန်းကလေး၏ လည်ပင်းတွင် မိန်းမသုံးပဝါ ရစ်ပတ်လျက်ရှိပြီး တဲအနောက်ဘက်အခန်းတွင် ၎င်း၏ စက်ဘီးတစ်စီးနှင့် မြို့အတွင်းလှည့်လည်ကောက်ယူထားသည့် ရေသန့်ဘူးခွံများ ထည့်ထားသော ဆာလာအိတ်နှစ်အိတ်ကို တွေ့ရှိခဲ့သဖြင့် တပ်ကုန်းမြို့အထွက် တိုးဂိတ်ရှိ CCTV မှတ်တမ်းကို စစ်ဆေးရာ ယင်းနေ့က သေဆုံးသူမိန်းကလေးနှင့်အတူ အသက် ၄၃ နှစ် ကိုပို (ခ) တင်ရွှေတို့နှစ်ဦးမှာ စက်ဘီးကိုယ်စီဖြင့် ရှောက်ကုန်းကျေးရွာဘက်သို့ ထွက်ခွာသွားကြောင်း တွေ့ရှိခဲ့သဖြင့် တပ်ကုန်းမြို့နယ် ရဲတပ်ဖွဲ့က ကိုပို (ခ) တင်ရွှေကို ရဲစခန်းသို့ ခေါ်စစ်ဆေးခဲ့သည်။

ကိုပို (ခ) တင်ရွှေကို စစ်ဆေးချက်များအရ အခင်းဖြစ်တဲအတွင်းသို့ ကိုးနှစ်အရွယ် မိန်းကလေးကို ရေသန့်ဘူးခွံဝင်ကောက်မည်ဟု ချော့မော့ပြောဆိုကာ ခေါ်ဆောင်ခဲ့ပြီး သားမယားအဖြစ် ပြုကျင့်ရန် ကြိုးစားစဉ် မိန်းကလေးက အော်ဟစ်ငိုယိုနေသောကြောင့် မအော်နိုင်ရန် လည်ပင်းကို ညှစ်ထားစဉ် သေဆုံးသွားခဲ့ကြောင်း၊ အနီးတွင်တွေ့ရှိသည့် ဇာပဝါဖြင့် မိန်းကလေး၏ လည်ပင်းကို ချည်နှောင်ထားခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် လူသတ်မှုပုဒ်မဖြင့် အမှုဖွင့်ကာ ဥပဒေနှင့်အညီ တရားစွဲတင်ပို့ရန် စီစဉ်နေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ S-03

# ဆန္ဒထုတ်ဖော်နေသည့် အထည်ချုပ်စက်ရုံ ဝန်ထမ်းများအား ဆဲဆိုခြိမ်းခြောက်သူ သုံးဦးကို ဖမ်းမိ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ ဒေါ်ဖွားရှင် လမ်းပေါ်ရှိ One of Front အထည်ချုပ်စက်ရုံရှေ့တွင် ဖေဖော်ဝါရီလ ၁၂ ရက် နံနက် ၁၁ နာရီခွဲခန့်က ဆန္ဒထုတ်ဖော်နေသည့် အလုပ်သမားများကို ငှက်ကြီးတောင်ဓား ယူဆောင်လာကာ ဆဲဆိုခြိမ်းခြောက်သူ အမျိုးသားသုံးဦးကို ဖမ်းဆီးအရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

ငှက်ကြီးတောင်ဓားယူဆောင်လာပြီးဆဲဆိုခြိမ်းခြောက်သည်ဟုဆိုသော အမျိုးသားသုံးဦးမှာ ယင်းမြို့နယ်၊ ညောင်ကျေးရွာအုပ်စု၊ ဒိုင်စုကျေးရွာတွင် နေထိုင်သူ အသက် ၁၉ နှစ်အရွယ် ဖြိုးမင်းသူ(ခ) ဂွတို ၊ အသက် ၁၈ နှစ်အရွယ် အောင်မျိုးဇော်နှင့် အသက် ၁၈ နှစ်အရွယ် သူရတို့ဖြစ်ပြီး ယင်းနေ့က ၉ ရက်မြောက် ဆန္ဒထုတ်ဖော်နေသည့် အလုပ်သမား ၇၀ ဦးခန့်ရှိရာ စက်ရုံရှေ့သို့ သွားရောက်ပြီး ဖြိုးမင်းသူ(ခ)ဂွတိုက "ဟိုနေ့က ငါ့အစ်ကို ဆိုင်ကယ်ဖြတ်မမောင်းရဘူးလို့ ပြောတာဘယ်ကောင်လဲ" ဟု ဆဲဆိုခြိမ်းခြောက်ကာ ပြန်လည်ထွက်သွားရာက ရှာဖွေဖမ်းဆီးပြီး အရေးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဆိုင်ကယ်ပေါ်မှာ ဓားရှည်ပါလာတယ်ဆိုပြီး သတင်းသိရတာ။ အဲဒါကြောင့် ရဲတပ်ဖွဲ့ကနေ လိုက်လံရှာ ဖမ်းပြီး အရေးယူခဲ့တာပါ။ ဓားပါလာတာမှန်ပေမယ့် လမ်းပေါ်မှာ မမိခဲ့ဘူး။ အိမ်မှာပဲ တွေ့ခဲ့တာ။ အဲဒါကြောင့် သူတို့သုံးယောက်ကို ခြေချုပ်ခံဝန်နဲ့ပဲ အမှုဖွင့်ထားတယ်။ ဆဲဆိုခြိမ်းခြောက်ခံရတဲ့ သူတွေထဲက တစ်ဦးဦး အမှုလာဖွင့်ရင်တော့ ထပ်ဖွင့်ပေးရမှာပေါ့။ ဒါပေမဲ့ ဒီနေ့ထိတော့ လာမဖွင့်သေးဘူး" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ယင်းအထည်ချုပ်စက်ရုံတွင် အလုပ်သမား အမျိုးသား ၄၆ ဦး၊ အမျိုးသမီး ၂၅၁ ဦးတို့က အလုပ်လုပ်ကိုင်လျက်ရှိပြီး အထည်ထုတ်လုပ်မှု စံချိန်လုပ်အားနှင့် မမျှတသော ကုန်ထုတ်လုပ်မှုကို အတင်းအကျပ်စေခိုင်းခြင်း မပြုရန်၊ စက်ရုံအလုပ်သမားတစ်ဦးအား အလုပ်ထုတ်သည့်အပေါ် ပြန်လည်ခန့်ထားပေးရန်၊ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ အလုပ်ထုတ်ခြင်းမပြုရန်၊ နိုင်ငံခြားသား ပညာရှင်များက မြန်မာ့ယဉ်ကျေးမှုနှင့် မအပ်စပ်သည့် အပြုအမူ အပြောအဆို ရိုင်းစိုင်းခြင်းများ မပြုလုပ်ရန်၊ အလုပ်သမားများအား နိုင်ငံခြားသားများက တိုက်ရိုက်အုပ်ချုပ်ခြင်း မပြုလုပ်ရန်၊ နေမကောင်းဖြစ်ပါက ဆေးခန်းကို လိုင်းခေါင်းဆောင်၏ လက်မှတ်မယူရဘဲ သွားရောက်ပြသခွင့်ပြုရန် စသည့် အချက်များကို အလုပ်သမား ၁၄၀ ကျော်က အလုပ်ဆင်းခြင်းမရှိဘဲ စက်ရုံရှေ့လမ်းမဘေးတွင် စုဝေးထိုင်ကာ ဆန္ဒထုတ်ဖော်ကြခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

■ J 16

# စားဝတ်နေရေးအဆင်မပြေဟုဆိုကာ အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၆၉)ရပ်ကွက်၊ မဏိစည်သူလမ်းရှိ နေအိမ်တစ်လုံးတွင် ဖေဖော်ဝါရီလ ၁၂ ရက် ညနေ ၄ နာရီခန့်က တီဘီရောဂါခံစားနေရပြီး စားဝတ်နေရေးအဆင်မပြေသဖြင့် စိတ်ဓာတ်ကျဆင်းနေသည်ဟုဆိုသော အသက် ၃၈ နှစ်အရွယ် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးသွားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

"သူ့မိန်းမကပြောပြတာတော့ သူက တီဘီရောဂါခံစားနေရလို့ စိတ်ဓာတ်ကျနေတာလို့ ပြောတယ်။ တီဘီရောဂါကလည်း လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းကဖြစ်တာ။ စားဝတ်နေရေးကလည်း အဆင်မပြေတော့ သေချင်တယ်၊ သေချင်တယ် ခဏခဏပြောနေတယ်လို့ ပြောပြောနေတာတဲ့။ ကြိုးဆွဲချသေဆုံးတဲ့ လက္ခဏာက လွဲရင် တခြား ဒဏ်ရာမတွေ့ရပါဘူး"ဟု အမှုဖွင့်တိုင်တန်းချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

သေဆုံးသူ ကိုသူဇာလင်းမောင်သည် ၎င်းနေထိုင်ရာ နေအိမ်၏ နောက်ဖေးအိမ်သာအမိုးတွင် လည်ပင်းကြိုးပွန်းဒဏ်ရာမှလွဲ၍ ပြင်ပဒဏ် ရာမတွေ့ရဘဲ ကြိုးဆွဲချသေဆုံးသူတို့၏ လက္ခဏာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရကြောင်း၊ ယင်းသေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ်သိရှိနိုင်ရန် ရုပ်အလောင်းကို သင်္ချိုင်းကျွန်း(စံပြ) ဆေးရုံကြီးသို့ပို့ဆောင်ကာ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၂/၁၈ ဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြိုးဆွဲချအဆုံးစီရင်မှုနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ၁၅ ဦးရှိခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ၁၉ ဦး ရှိခဲ့ရာ လေးဦးပိုများလာကြောင်း၊ မိမိကိုယ်ကိုယ်အဆုံးစီရင်မှုများတွင် စီးပွားရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ မိသားစု စသည့် အရေးကိစ္စများ အဆင်မပြေမှုများကြောင့် အဆုံးစီရင်ခြင်းသာ များပြားပြီး အခြားနည်းလမ်းများဖြင့် အဆုံးစီရင်မှုများမှာ အဆိပ်သောက်၍ အဆုံးစီရင်မှု၊ မိမိကိုယ်ကိုယ်ဓားဖြင့် ထိုး၍ အဆုံးစီရင်မှု၊ မိမိကိုယ်ကိုယ် သေနတ်ဖြင့်ပစ်၍ အဆုံးစီရင်မှု၊ အမြင့်ပေါ်မှ ခုန်ချ၍ အဆုံးစီရင်မှုများ ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

■ J -16

# မှုခင်းသတင်းတိုများ

■ ကျောက်တံတားမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ၃၈ လမ်းထိပ်ရှိ ကားမှတ်တိုင်အနီးတွင် ဖေဖော်ဝါရီလ ၁၂ ရက် နံနက် ၅ နာရီခန့်က မသင်္ကာဖွယ်ရာတွေ့ရှိသူ အသက် ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးရာ MEIZU အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံး၊ Samsung Galaxy J5(6) အမျိုးအစား အဖြူရောင်လက်ကိုင်ဖုန်းတစ်လုံး တို့နှင့် ပတ်သက်၍ ပိုင်ဆိုင်ကြောင်းအထောက်အထားခိုင်လုံစွာတင်ပြပြောဆိုနိုင် ခြင်းမရှိသဖြင့် ယင်းမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်ထားသည်။

■ လှိုင်သာယာမြို့နယ်၊ အလယ်ကျေးရွာရှိနေအိမ်တစ်လုံးတွင် ဖေဖော်ဝါရီလ ၁၁ ရက် နံနက် ၇ နာရီခန့်မှ ည ၁၁ နာရီခန့်အထိ အသက် ၁၂ နှစ် ၈ လအရွယ်မိန်းကလေးတစ်ဦးကို ခိုးယူခေါ်ဆောင်ပြီး သားမယားအဖြစ်နေထိုင်ခဲ့သည်ဟုဆိုသော အသက် ၁၄ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးကို ဥပဒေအရ အရေးယူပေးရန် ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲပိုင်းက အမှုဖွင့်တိုင်ကြားသဖြင့် လှိုင်သာယာမြို့မရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၇၆/၃၆၃ ဖြင့် အမှုဖွင့်ထားသည်။

■ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိုးချဲ့ရပ်ကွက်၊ အောင်သုခလမ်းရှိ နေအိမ်တစ်လုံးတွင် ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲ ၃ နာရီခန့်က လောင်းကစားသတင်းအရ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသက် ၂၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ဖမ်းမိခဲ့သဖြင့် ထောက်ကြန့်နယ်မြေ ရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှု ဖွင့်ထားသည်။

■ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ကမ်းနားလမ်းရှိ နေအိမ်တစ်လုံးတွင် နေထိုင်သော အမျိုးသမီးနှစ်ဦးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်မရှိဘဲ နေအိမ်မျက်နှာဝင်ပေါက်ကို သွပ်ပြားများဖြင့် ကာရံခဲ့ပြီး ဖျက်သိမ်းပေးရန် အကြောင်းကြားခဲ့သော်လည်း ဖျက်ပေးခြင်းမရှိဟုဆိုကာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမှုဖွင့်တိုင်ကြားသဖြင့် ယင်းမြို့မရဲစခန်းက ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေပုဒ်မ ၆၈ ဖြင့် အမှုဖွင့်ထားသည်။

■ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၅၂)ရပ်ကွက်၊ ဒဂုံတက္ကသိုလ်ကျောင်းဝင်းအတွင်း YBS အမှတ်(၂၉) ယာဉ်ပေါ်တွင် ဖေဖော်ဝါရီလ ၁၂ ရက် ညနေ ၆ နာရီခန့်က အန်စာတုံးလောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ Huawei အမျိုးအစား ရွှေအိုရောင်လက်ကိုင်ဖုန်းတစ်လုံးဖြင့် အန်စာတုံးဆော့ဝဲလ်ထည့်ကာ လောင်းကြေးငွေများဖြင့် လောင်းကစားပြုလုပ်နေသည်ဟုဆိုသော အသက် ၃၇ နှစ်မှ ၅၁ နှစ်ကြားရှိ အမျိုးသား ၅ ဦးကိုဖမ်းမိခဲ့သဖြင့် ယင်းမြို့မရဲစခန်းက လောင်းကစားဥပဒေပုဒ်မ ၁၃(က)/၁၄(က)ဖြင့် အမှုဖွင့်ထားသည်။

J 16

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## ဦးချစ်မောင်လမ်းပေါ်၌ ယာဉ်စစ်ပိတ်ဆို့စစ်ဆေးစဉ်

# မူးယစ်ဆေးဝါးများ ဖမ်းမိ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

ဗဟန်းမြို့နယ်၊ ဆရာစံတောင် (စံပြ)ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အထက (၃)ကျောင်းရှေ့တွင် ဖေဖော်ဝါရီလ ၁၂ ရက် ည ၁၁ နာရီခန့်က ယာဉ်စစ်ပိတ်ဆို့ ရှာဖွေစစ်ဆေးစဉ် မူးယစ်ဆေးဝါးများနှင့်အတူ အမျိုးသားသုံးဦးကို ဖမ်းမိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရသည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိသူများမှာ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်နေသူ အသက် ၂၅ နှစ်နှင့် ၃၄ နှစ်အရွယ် အမျိုးသားနှစ်ဦးနှင့် တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၇) ရပ်ကွက်တွင်နေထိုင်သူ အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်ပြီး အဖြူရောင် အငှားယာဉ်ဖြင့် လိုက်ပါလာစဉ် ရှာဖွေစစ်ဆေးခြင်း ခံရပြီး WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ၊ ICE ဟုယူဆရသောပုံဆောင်ခဲများတွေ့ရှိခဲ့သဖြင့် အမှုဖွင့်အရေးယူခံရခြင်းဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရသည်။

"ယာဉ်စစ်ပိတ်ဆို့ ရှာဖွေစစ်ဆေးတာပါ။ အခုမူးယစ်ဆေးဝါးမှုနဲ့ အမှုဖွင့်ခံထားရတဲ့သုံးယောက်က Taxi နောက်ခန်းကနေပါလာတာ။ မသင်္ကာတာနဲ့ သူတို့ခန္ဓာကိုယ်ကို ရှာဖွေတဲ့အချိန်မှာ တွေ့ခဲ့တာ။ မူးယစ်ဆေးကတော့ သိပ်မများပါဘူး၊ အတူသုံးစွဲဖို့ ဝယ်လာတာလို့ ပြောတယ်။ ဘယ်ကနေ ဝယ်လာတာလဲဆိုတော့ သိရအောင် ထပ်မံစုံစမ်းနေတယ်" ဟု အမှုဖွင့်တိုင်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ရှင်းပြသည်။

ယင်းမူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိသော အမျိုးသားသုံးဦးကို ဗဟန်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅/၁၆(ဂ)/၂၁ အမှုဖွင့်ဆောင်ရွက်ထားကြောင်း၊အလားတူ ဖေဖော်ဝါရီလ ၁၁ ရက် ည ၁၂ နာရီခွဲခန့်က နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် သာကေတမြို့နယ်၊၁၀/တောင်(၁၂)ရပ်ကွက်၊ ဇေယျဝတီ (၄)လမ်းအရှေ့လမ်းမပေါ်တွင် မသင်္ကာဖွယ်ရာတွေ့ရှိသူ အသက် ၂၅ နှစ် အ ရွယ် အမျိုးသားတစ်ဦးကို ရှာဖွေစစ်ဆေးရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆက်စပ် ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့သဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ **J 16**

The VOICE Daily CARTOON



## The Voice Daily


လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် -

ရန်ကုန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊

မန္တလေး - ၀၉ ၇၇၂၂၂၉၀၇၁

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

အခမဲ့ ကြော်ငြာကဏ္ဍ Classifieds ဆက်သွယ်လိုပါက - ၀၉ ၇၈၅၅၅၅ ၇၇၃

| | | | | | |
|---|---|---|---|---|---|
| ကောင်းကြိုက်မွန် | အောင်မြင်သူ | ရွှေနဝါ | ဘောဂဗလ | RD | SP |
| ဖိုးလပြည့် | အောင်ကျော်ကျော် | ဝင်းစံပယ် Group တရားနာအဖွဲ့ | ဝင်းစံပယ် Group တရားနာအဖွဲ့ | စမ်းငွေရောင် | ကိုကိုတင် |
| ရွှေမြန်မာ | မိသားစု | ပြည့်စုံဝင်း | ကျော်ကြားစံ | တက်နေဝင်း | မြင့်မြတ်ဂုဏ် |
| ရတနာဖြိုး | စန္ဒာအောင် | Family | သန့်ဇင် | H2B | ရတနာပုံသင်ခင်ကြီး |
| မြိုင်ဟောမွန် | စည်သူ | နန်းတော်ဝင် | နှောင်ဝယ် | ဦးတင်စိုး | ဝေစီဟိန်း |

# နာဂဒေသ မိုပိုင်းလွတ်မြို့ကို အမည်ပြောင်း၍ စစ်ကိုင်းတိုင်းအတွင်းထည့်

**ကလေး၊ ဖေဖော်ဝါရီ ၁၃**

နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်းရှိ မိုပိုင်းလွတ်မြို့ကို မိုဝိုင်းလွတ်မြို့ဟု အမည်ပြောင်းလဲသတ်မှတ်၍ စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်အတွင်း ထည့်သွင်းဖွဲ့စည်းခဲ့ကြောင်း ဟုမ္မလင်းမြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွှန့်က ပြောကြားသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်အတွင်း ယခင်က ဖွဲ့စည်းထားရှိသော မိုပိုင်းလွတ်မြို့ကို စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်အတွင်းသို့ မိုဝိုင်းလွတ်အမည်ဖြင့် ထည့်သွင်းဖွဲ့စည်းခြင်းနှင့် မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"နယ်နိမိတ်က ဟုမ္မလင်းဘက်မှာရှိနေတာကိုး။ အဲဒါကြောင့် ဟုမ္မလင်းမြို့နယ်အတွင်း ထည့်သွင်းဖွဲ့စည်းလိုက်တာ။ ဒါပေမဲ့ ဌာနဆိုင်ရာတွေ အကုန်ပြောင်းဖို့ကတော့ ကြာဦးမယ် ထင်တယ်" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွှန့်က ဆိုသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မိုပိုင်းလွတ်မြို့ကို မိုဝိုင်းလွတ်မြို့အဖြစ် အမည်ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က မိုပိုင်းလွတ်မြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များက ဒေသခံများ၏ သဘောထားဆန္ဒခံယူပြီးနောက် ဒေသခံများသဘောတူသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဆင့် နိုင်ငံတော် သမ္မတရုံးသို့ ဖေဖော်ဝါရီလ ၆ ရက်နေ့က တင်ပြထားခဲ့ခြင်းဖြစ်သည်။

လေရှီးမြို့နယ်မှခွဲ၍ မိုပိုင်းလွတ်မြို့အဖြစ် ၂၀၁၁ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ကာ လူဦးရေ ၁၅၀၀ နီးပါးနေထိုင်သည့် မြို့လည်းဖြစ်သည်။

■ R-20



Photo - yan kaung

# တနိုင်းမြို့စစ်ရှောင်များအတွက် နေထိုင်စရာ အဆောက်အအုံလိုအပ်

**မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၁၃**

ကချင်ပြည်နယ်၊ တနိုင်းမြို့ပေါ်ရှိ ခရစ်ယာန်ဘာသာရေး ဘုရားကျောင်းများတွင် ခိုလှုံနေကြရသည့် စစ်ဘေးရှောင်သူများအတွက် နေထိုင်စရာ နေရာထိုင်ခင်း အဆင်ပြေမှုမရှိသည့်အတွက် အဆောက်အအုံလိုအပ်ချက်ရှိနေကြောင်း ယင်းစခန်းနေသူများထံမှ သိရသည်။

အဆိုပါ နေထိုင်ရန် အဆောက်အအုံ အဆင်မပြေသည့်အတွက် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးကို အထူးစိုးရိမ်နေရကြောင်း တနိုင်းမြို့ KBC စခန်းတာဝန်ခံ ဆရာဦးဇော်ထွန်းက ပြောကြားသည်။

"လောလောဆယ် အရမ်းလိုအပ်တာက နေဖို့ဆောက်ပေးရင် အရမ်းအဆင်ပြေမယ်။ အခုက အောက်မှာ အင်္ဂတေ (ဘိလပ်မြေခင်း) နဲ့ အိပ်နေကြတော့ အဆင်မပြေဘူး" ဟု ၎င်းက ပြောဆိုသည်။

တနိုင်းမြို့ပေါ်သို့ စစ်ဘေးရှောင်အဖြစ်ခိုလှုံနေသည်မှာ ရှစ်လခန့်ရှိနေပြီး လက်ရှိအချိန်အထိ မိသားစုတစ်စုစီ အတွက် နေစရာအခန်းများမရှိဘဲ အစုလိုက်နေရသည့်အတွက် အဆင်မပြေမှုများရှိနေကြောင်း စစ်ရှောင်သူများထံမှ သိရသည်။

"အသက်ကြီးတဲ့ လူတစ်ယောက်နဲ့ လူလတ်ပိုင်းတစ်ယောက် ဟိုနေ့က လေဖြတ်သွားတယ်။ အခုတော့ဆေးကုလို့တစ်ယောက်ကသက်သာပြီ။ နောက်တစ်ယောက်ကတော့ ဆေးကုနေတုန်း" ဟု တနိုင်းမြို့ KBC စခန်းတာဝန်ခံ ဆရာဦးဇော်ထွန်းက ဆိုသည်။

ယခုကဲ့သို့ မိသားစုများအတွက် သီးသန့်နေရာထိုင်ခင်းမရှိ၍ ရောနှောနေထိုင်ခြင်းဖြင့် အမျိုးသမီးများအတွက် အခက်အခဲဖြစ်နေကြောင်း၊ စခန်းများတွင် ရေရှည်နေထိုင်ရမည်ဆိုပါက နေရာ သီးသန့်စီစဉ်ပေး၍ အဆောက် အအုံဆောက်ပေးစေလိုကြောင်း တနိုင်းမြို့ RC စခန်းနေသူတစ်ဦးက ပြောကြားသည်။

တနိုင်းမြို့နယ်အတွင်းရှိ နမ်ခမ်ကျေးရွာ၊ အင်္ဂါးဂါးကျေးရွာ၊ ထမ်းပရားကျေးရွာနှင့် ကောင်ရာကျေးရွာတို့မှ ဒေသခံ ၈၀၀ ကျော်သည် တနိုင်းမြို့ပေါ်ရှိ ခရစ်ယာန် ဘာသာရေး ဘုရားကျောင်း လေးကျောင်းတွင် ခိုလှုံနေကြရပြီး စခန်းအတွင်း လူဦးရေ အများဆုံးမှာ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများဖြစ်သည်။

■ R-06

# NEWS IN BRIEF

## ကျိုင်းတုံ-တောင်ကြီးလမ်းတွင် အမျိုးသားတစ်ဦး အသတ်ခံရ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-တောင်ကြီးလမ်း မိုင်တိုင်အမှတ် (၆၂၆) ကီလိုမီတာအနီးရှိ လူမနေသည့် အဆောက်အအုံပျက်တွင် ဖေဖော်ဝါရီလ ၁၂ ရက် ညနေ ၅ နာရီခန့်က အသတ်ခံထားရသော အမျိုးသားအလောင်းကို တွေ့ရကြောင်း ကျိုင်းတုံမြို့မရဲစခန်းမှူးမှ ဒုရဲမှူး အောင်မြင့်ထွန်းက ပြောကြားသည်။

အသက် ၃၈နှစ်အရွယ် ဦးထွန်းထွန်းနိုင်ဖြစ်ပြီး ၎င်း၏ ဦးခေါင်းအနှံ့အပြားတွင် စုစုပေါင်း ပြတ်ရှ ဒဏ်ရာ ၁၁ ချက်ဖြင့် သေဆုံးခဲ့ကြောင်း၊ လတ်တလောတွင် လူသတ်မှု ကျူးလွန်သူကို ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်ကာ စုံစမ်းနေဆဲဖြစ်ကြောင်း အဆိုပါ ရဲစခန်းထံမှ သိရသည်။ ■ R-16

## တာချီလိတ်တွင် ခိုးဝင်တရုတ်နိုင်ငံသားတစ်ဦး ဖမ်းမိ

ရှမ်းပြည်နယ် တာချီလိတ်မြို့ အမှတ်(၁)ချစ်ကြည်ရေးတံတားတွင် ဖေဖော်ဝါရီလ ၁၂ ရက် မွန်းလွဲပိုင်းက ခိုးဝင် တရုတ်နိုင်ငံသားတစ်ဦးကို ဖမ်းမိခဲ့ကြောင်း တာချီလိတ်မြို့လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၆)ထံမှ သိရသည်။

ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် အသက် ၃၉ နှစ်အရွယ် တရုတ်နိုင်ငံသားMr. Yan Lin ကိုစစ်ဆေးခဲ့ရာ မြန်မာနိုင်ငံတွင် နေထိုင်ခွင့် အထောက်အထားမရှိဘဲ မိုင်းယုမြို့နယ်စပ်ပေါက်မှ တစ်ဆင့် ခိုးဝင်လာသည်ကို သိရသဖြင့် လဝက အက်ဥပဒေ ၁၃(၁)ဖြင့် အရေးယူထားကြောင်း တာချီလိတ်မြို့မရဲစခန်းထံမှ သိရသည်။ ■ R-16

## ပဲခူးတွင် ကယ်ရီသမားကို ဆိုင်ကယ်ငှားစီးသူနှစ်ဦးက လုယက်

ပဲခူးမြို့နယ် မြို့ရှောင်လမ်းတွင် ကယ်ရီသမားတစ်ဦးကို ဆိုင်ကယ်ငှားစီးသူနှစ်ဦးက ဓားဖြင့်ထိုးကာ ဆိုင်ကယ်နှင့် ဖုန်းတစ်လုံး လုယက်ခဲ့ကြောင်း လုယက်ခံရသူ ဦးမျိုးဦး (ခ)ဖိုးလုံးက ရှင်းပြသည်။

ရွှေမော်ဓောဘုရား အနောက်မုခ်ကယ်ရီဂိတ်မှ ကယ်ရီမောင်းသူ ဦးမျိုးဦး (ခ)ဖိုးလုံးကို အမျိုးသားနှစ်ဦးက ကျပ်သုံးထောင်ဖြင့် မြို့ရှောင်လမ်းဘက်သို့ ငှားရမ်းခဲ့ကြောင်း၊ ယင်းနောက် မြို့ရှောင်လမ်းတွင် လိုက်ပါသူ နှစ်ဦးအနက် တစ်ဦးက ဓားဖြင့်ထိုးရာမှ လက်ကိုထိခဲ့သဖြင့် ပဲခူးမြို့နယ်ဆေးရုံတွင် နှစ်ချက်ချုပ်လိုက်ရကြောင်း၊ ကျူးလွန်သူနှစ်ဦးကို ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်ကာ စုံစမ်းနေကြောင်း ပဲခူးမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်းထံမှ သိရသည်။ ■R-15

# ဆိုင်ကယ်နှင့်ထော်လာဂျီတိုက်၊ နှစ်ဦး သေဆုံး

**တောင်ငူ၊ ဖေဖော်ဝါရီ ၁၃**

ပဲခူးမြို့နယ် ရှင်စောပုရပ်ကွက် ဆိုရှယ်လစ်၂၃ လမ်းထိပ်တွင် ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲပိုင်းက လူငယ်သုံးဦးမောင်းနှင် လိုက်ပါလာသော ဆိုင်ကယ်နှင့် ထော်လာဂျီ တိုက်ရာမှ နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပဲခူးမြို့မရဲစခန်းထံမှ သိရသည်။

ကိုသူ(၂၂နှစ်)မောင်းလာသော ထော်လာဂျီယာဉ်က မီးပွိုင့်အနီးမှ ဆိုရှယ်လစ် ၂၃ လမ်းဘက်သို့ ဖြတ်ကွေ့စဉ် မောင်မောင်(၁၈ နှစ်)မောင်းနှင်ပြီး မောင်ဇင်ဘို(၁၆နှစ်)၊မောင်ခန့်ရန်နိုင်(၁၇နှစ်) တို့စီးလာသော ဆိုင်ကယ်ကိုတိုက်မိခဲ့ကြောင်း၊ ယင်းကြောင့် ဆိုင်ကယ်မောင်းသူနှင့် နောက်မှ လိုက်ပါလာသူနှစ်ဦးအနက် တစ်ဦး သေဆုံးခဲ့ကြောင်း အဆိုပါ ရဲစခန်းမှ တာဝန်ကျ ရဲအရာရှိတစ်ဦးက ပြောဆိုသည်။

ယာဉ်မတော်တဆမှုကြောင့် ဆိုင်ကယ်မောင်းနှင်သူနှင့် ထော်လာဂျီယာဉ်မောင်းတို့ကိုရာဇသတ်ကြီးပုဒ်မ ၃၀၄-က/၃၃၈/၃၃၇ဖြင့် အမှုဖွင့်ထားကြောင်း ပဲခူးမြို့မရဲစခန်းထံမှ သိရသည်။

■ R-15

သတင်းကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# နတ်မတောင် အမျိုးသားဥယျာဉ်ကို ပြန်လည်ဖွဲ့စည်းမည်

ကလေး၊ ဖေဖော်ဝါရီ ၁၃

ပြည်တွင်းပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လေ့ရှိသည့် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်အတွင်းရှိ နတ်မတောင်အမျိုးသားဥယျာဉ်ကို ပြန်လည်ဖွဲ့စည်းမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

ဖေဖော်ဝါရီလ ၈ ရက်နေ့က ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမာန်လောမောင်းက မင်းတပ်မြို့နယ်တွင် နတ်မတောင်ဥယျာဉ်ဧရိယာ သတ်မှတ်ရာ၌ ပွင့်လင်းမြင်သာမှုမရှိသဖြင့် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ်ရှိမရှိဆိုသည့် မေးခွန်းအပေါ် ဝန်ကြီးက ယင်းသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ၁၉၉၇ ခုနှစ်က အမျိုးသားဥယျာဉ်အဖြစ် ဖွဲ့စည်းရန်၊ သဘာဝထိန်းသိမ်းနယ်မြေအဖြစ်သတ်မှတ်ရန် ကြေးတိုင်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဧရိယာ ၁၇၆,၃၀၀ ကေကို နတ်မတောင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ် သတ်မှတ်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဒေသခံများ၏ လိုအပ်ချက်အရ အမျိုးသားဥယျာဉ်မြေများအနက်မှ ၉၈ ကေကို ကျေးရွာလေးရွာအတွက် ပယ်ဖျက်ပေးခဲ့ကြောင်း ဝန်ကြီး ဦးအုန်းဝင်းက ရှင်းပြပြောဆိုသည်။

"အမျိုးသားဥယျာဉ် ဧရိယာကနေ ဒေသခံတွေ လိုအပ်ချက်အရ အမျိုးသားဥယျာဉ်မြေ ၉၈ ကေကို ကျေးရွာလေးရွာအတွက် ပယ်ဖျက်ပေးခဲ့တဲ့အတွက် ကြောင့်မို့လို့ လုပ်ထုံးလုပ်နည်းအရ အမျိုးသားဥယျာဉ်ကို ပြန်လည်ပြီးဖွဲ့စည်းရမှာ ဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

"သူတို့အတွက် ဘဝအာမခံချက်ရှိနိုင်တဲ့နေရာကို အစိုးရကနေ သတ်မှတ်ပေးပြီး အဲဒီနေရာကို ရွှေ့ပြောင်းပေးဖို့ ဧရိယာအတွင်း လူနေလို့ မသင့်တော်တဲ့ အကြောင်း ဒါတွေကို ပြည်သူတွေ တကယ်သိအောင် နားလည်အောင် ပညာပေးဖို့ ဧရိယာအသစ်ပြန်လည် မဖွဲ့စည်းမီမှာ လုပ်သင့်တယ်"ဟု မင်းတပ်မြို့ ချိုလူမျိုးစု အသင်းမှ လူငယ်ကဏ္ဍ ဥက္ကဋ္ဌ ဆလိုင်းကီးရှိန်းက ပြောဆိုသည်။

ယခင်က နတ်မတောင်အမျိုးသားဥယျာဉ်ကို UNESCO ၏ ကမ္ဘာ့သဘာဝ အမွေအနှစ်အဖြစ်သတ်မှတ်နိုင်ရန် အဆိုပြုလွှာတင်သွင်းမည့် နယ်မြေများစာရင်းတွင်ထည့်သွင်းခဲ့သော်လည်း ဥယျာဉ်အတွင်း ကားလမ်းဖောက်လုပ်ခြင်း၊ တောမီးအလွန်အကျွံရှို့ခြင်း၊ ဘေးမဲ့တောဧရိယာအတွင်း ဒေသခံများဝင်ရောက်နေထိုင်ခြင်းနှင့် တောင်ယာခုတ်ထွင်ခြင်းတို့ကြောင့် စည်းကမ်းချက်များနှင့် မကိုက်ညီသည်ဟုဆိုကာ ပယ်ဖျက်ခဲ့သည်။ ■R-20




# ချစ်သူများနေ့ မြစ်ကြီးနားမြို့တွင်း လုံခြုံရေးတိုးမြှင့်

မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၁၃

ချစ်သူများနေ့အဖြစ် သတ်မှတ်ထားသည့် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် မြစ်ကြီးနားမြို့တွင်း လုံခြုံရေးတိုးမြှင့်၍ မှုခင်းဖြစ်ပွားမှုကျဆင်းရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

မြစ်ကြီးနားမြို့နယ်အတွင်း ချစ်သူများနေ့၌ မူးယစ်ရမ်းကားခြင်း၊ လိင်စိတ်ကြွဆေးများသုံးစွဲခြင်းနှင့် မှုခင်းဖြစ်ပွားမှုမရှိစေရန် ပုံမှန်ဆောင်ရွက်နေသည့် ပုံစံထက် လုံခြုံရေးတိုးမြှင့်ပြီး လှည့်ကင်း၊ ဝှက်ကင်းနှင့် ရပ်တန့်စစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦးက ပြောကြားသည်။

"ချစ်သူများနေ့မှာဆိုရင် ကျွန်တော်တို့အနေနဲ့ သာမန်လုံခြုံရေးထက်ကို တိုးမြှင့်ပြီးတော့ မလိုအပ်ဘဲနဲ့ မှုခင်းတွေမဖြစ်ဖို့ ဆောင်ရွက်သွားမယ်။ လိင်စိတ်ကြွဆေးတွေသုံးစွဲခြင်းမရှိစေဖို့ ရပ်ကင်း၊ လှည့်ကင်း၊ ဝှက်ကင်းနဲ့ ရပ်တန့်စစ်ဆေးခြင်းကို လုပ်သွားမယ်"ဟု ရဲမှူးသန်းဦးက ပြောဆိုသည်။

မြစ်ကြီးနားမြို့နယ်အတွင်း ချစ်သူများနေ့ကို အလွဲအသုံးပြု၍ မုဒိမ်းမှုနှင့် မူးယစ်သောက်စားရမ်းကားခြင်းတို့ကြောင့် မှုခင်းဖြစ်ပွားမှုမဖြစ်စေရန် ယင်းနေ့မတိုင်မီ ရက်ပိုင်းက သက်ဆိုင်ရာ စခန်းမှူးများ၊ နယ်ထိန်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်တိုင်ဦးစီးကာ မှုခင်းကျဆင်းရေး အသိပညာပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ချစ်သူများနေ့တွင် မြစ်ကြီးနားမြို့နယ်အတွင်း အမှုကြီးဖြစ်ပွားမှုမရှိခဲ့ဘဲ မူးယစ်ရမ်းကားမှုကြောင့် ခေါ်ယူဆုံးမသတိပေးသည့် အဆင့်သာရှိခဲ့ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■ R-06




မြစ်ကြီးနား- ပူတာအိုလမ်းပိုင်းရှိ စီနင်ခချောင်းကူး၊ ဇနန်သံဘောင်ဘောလီတံတား ဖျက်ဆီးခံရပြီးနောက် ပူတာအိုတွင် စက်သုံးဆီနှင့် ကုန်ဈေးနှုန်းများကြီးမြင့်နေမှုနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းက ပူတာအိုမြို့ပေါ်တွင် ဒေသခံများက ဆန္ဒထုတ်ဖော်ခဲ့သည်။

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)၊
ဖုန်း - ၀၉၇၇၈၈၃၃၀၇၁ (မန္တလေး)

# လွယ်ဂျယ်တွင် ကုန်စည်ဒိုင်သစ်များ ဖေဖော်ဝါရီ ၂၀ရက်တွင် လုပ်ငန်းစတင်မည်

ဗန်းမော်၊ ဖေဖော်ဝါရီ ၁၃

ကချင်ပြည်နယ် လွယ်ဂျယ်မြို့တွင် ဖွင့်လှစ်ထားသော ဆန်စပါး၊ ပဲ ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်နှင့် သစ်သီးဝလံကုန်စည်ဒိုင်တို့ ဖေဖော်ဝါရီလ ၂၀ ရက်တွင် လုပ်ငန်းများ စတင်မည်ဖြစ်ကြောင်း ယင်းကုန်စည်ဒိုင် တာဝန်ရှိသူများထံမှ သိရသည်။

ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်ကို ဇန်နဝါရီလဆန်းတွင် ဖွင့်လှစ်ခဲ့သော်လည်း လုပ်ငန်းလည်ပတ်ရန် ကျွမ်းကျင်မှုနှင့် တစ်ဖက်နိုင်ငံကုန်သည်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ၊ အသင်းဝင်များအတွက် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲနေခြင်းတို့ကြောင့် လုပ်ငန်းများ စတင်ရန် ကြန့်ကြာနေရခြင်းဖြစ်ကြောင်း ဆန်စပါး၊ ပဲပြောင်း၊ နှမ်းကုန်စည်ဒိုင်မှအတွင်းရေးမှူး ဦးကျော်ဇင်မင်းက ပြောသည်။

အလားတူ သစ်သီးဝလံကုန်စည်ဒိုင်အနေနှင့်လည်း အဓိက ဒေသထွက်ကုန်ဖြစ်သည့် ဖရဲသီးနှင့် အခြားသီးနှံများ မပေါ်ထွက်သေးခြင်းနှင့် သီးနှံတင်ပို့မည့်ယာဉ်များ နေရာချထားရေးကို ကနဦး စီစဉ်ဆောင်ရွက်နေခြင်းတို့ကြောင့် ကြန့်ကြာနေခြင်းဖြစ်ကြောင်း သစ်သီးဝလံကုန်စည်ဒိုင် အကြံပေးအရာရှိ ဦးစိုင်းမြမောင်က ပြောသည်။

"ဗန်းမော်ဒေသထွက် ဖရဲသီးက မတ်လကုန်လောက်မှထွက်မှာဖြစ်လို့ သစ်သီးဝလံကုန်စည်ဒိုင်အတွက် အချိန်ယူလို့ရသေးတယ်၊ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်ကတော့ မကြာမီလုပ်ငန်းစတော့မှာပါ" ဟု ဗန်းမော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးအောင်ကျော်ဦးက ပြောသည်။ ■ R -14

# စစ်တွေရှိ မိဘမဲ့ကလေးဂေဟာတွင် မိသားစုဝင်များ မစောင့်ရှောက်နိုင်၍ ကလေးလာအပ်သူများ

**စစ်တွေ၊ ဖေဖော်ဝါရီ ၁၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ABC မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ဂေဟာတွင် မစောင့်ရှောက်နိုင်၍ ကလေးများကို လာအပ်သူများပြားကြောင်း အဆိုပါ မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ဖောင်ဒေးရှင်းထံမှ သိရသည်။

ယင်းဂေဟာတွင် ကလေး ၅၄ ဦးရှိပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်တွေ၊ ပေါက်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်များမှ အများဆုံး ရောက်ရှိလာကြောင်း၊ ကလေးများကို လာရောက်အပ်နှံရာတွင် မိဘနှစ်ပါးလုံး ကွယ်လွန်သဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန် မိသားစုဝင်များမရှိခြင်းနှင့် ဖခင်မရှိ မိခင်လည်း ကျန်းမာရေးမကောင်းသဖြင့် မစောင့်ရှောက်နိုင်ခြင်းတို့ကြောင့် လာရောက်အပ်နှံမှုများကြောင်း ABC ဖောင်ဒေးရှင်းမှလက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်း ကပြောသည်။

ကလေးသူငယ်များကို လက်ခံရာတွင် မွေးကင်းစမှ ၅ နှစ်အောက် ကလေးများကိုလက်ခံပြီး မိဘမဲ့၊ ခိုကိုးရာမဲ့နှင့် ကူးစက်ရောဂါမရှိခြင်းနှင့် ကိုယ်လက်အင်္ဂါပြည့်စုံသောကလေးများကို လက်ခံထားကြောင်း၊ အဆိုပါစောင့်ရှောက်ရေး ဂေဟာကို ၂၀၁၀ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး လက်ရှိအထိ မူလတန်းကျောင်းသား၊ ကျောင်းသူ ၂၄ ဦးတို့ကိုလည်း ပညာသင်ပေးနေကြောင်း ယင်းဂေဟာထံမှ စုံစမ်းသိရသည်။

"ပညာတော်တဲ့သူတွေကို ပညာကို ဆုံးခန်းတိုင်အောင် သင်ပေးမယ်၊ လက်မှုစက်မှုပညာတွေဆိုလည်း ကလေးတွေရဲ့ အပေါ်မှာ မူတည်ပြီးတော့ လိုက်လျောပြီး လုပ်ပေးသွားမယ်"ဟု ABC ဖောင်ဒေးရှင်းမှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းကပြောသည်။

■ R-22



ဓာတ်ပုံ – ရန်နိုင်

# ထိုင်းနိုင်ငံထုတ် အေးခဲကြက်သား ကီလို ၄၀၀ ကျော်ကို ဖျက်ဆီး

**ကျိုင်းတုံ၊ ဖေဖော်ဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ မီးရထားဝင်းတွင် ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက ကျပ် ၁၂ သိန်း ကျော်ဖိုးရှိသော ထိုင်းနိုင်ငံထုတ် အေးခဲကြက်သား ၄၂၀ ကီလိုကို မီးရှို့ဖျက်ဆီးခဲ့သည်။

တာချီလိတ်မြို့မှ နမ့်စန်မြို့သို့ပို့ဆောင်မည့် အအေးခဲ ကြက်သားမျိုးစုံကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ည ၇ နာရီခန့်တွင် ကျိုင်းတုံ-တောင်ကြီးလမ်းရှိ ကျိုင်းဖောင်းဂိတ်၌ Hiace ယာဉ်ပေါ်မှ ဖမ်းမိကြောင်း၊ အဆိုပါ တင်ဆောင်လာသော အငှားယာဉ်မောင်းကို ပထမဆုံးအကြိမ်ဖြင့် ဒဏ်ရိုက်ကာ ခံဝန်ထိုးခိုင်းထားကြောင်း ကျိုင်းတုံမြို့ပြည်နယ် စားသုံးသူရေးရာဒုတိယဦးစီးဌာနမှူး ဦးလှစိုးက ပြောကြားသည်။

ထိုင်းနိုင်ငံထုတ် အေးခဲကြက်သားမျိုးစုံကို တရားမဝင်သယ်ဆောင် ရောင်းချနေသည့် ကုန်သည်များသည် တာချီလိတ်မြို့မှ ပြည်နယ်ရှိ မြို့နယ်များကို နည်းမျိုးစုံဖြင့် သယ်ဆောင်ရောင်းချနေသော်လည်း လမ်းတစ်လျှောက်ရှိ စစ်ဆေးရေးဂိတ်များတွင် ဖမ်းဆီးရမိခြင်း မရှိဘဲ ကျိုင်းတုံမြို့သို့ ရောက်ရှိမှသာ ဖမ်းမိနေကြောင်း ကျိုင်းတုံမြို့ဒေသခံများနှင့် ကုန်သည်ကြီးများက ပြောကြားသည်။

ကျိုင်းတုံမြို့တွင် ထိုင်းနိုင်ငံထုတ် တရားမဝင် အေးခဲကြက်သားမျိုးစုံကို မကြာခဏ ဖမ်းမိကြောင်း၊ ဖေဖော်ဝါရီလ ၂ ရက်က ကျိုင်းတုံ- တာချီလိတ်လမ်းရှိ နောင်နွန်းပူးပေါင်း စစ်ဆေးဂိတ်တွင် အိမ်စီးယာဉ်တစ်စီးပေါ်မှ ကျပ် ၁၀ သိန်းကျော် တန်ဖိုးရှိ အေးခဲကြက်သားမျိုးစုံ ၃၂၂ ကီလို ဖမ်းဆီးရမိခဲ့သည်။

■ R-16



ဓာတ်ပုံ – အောင်ဖြိုး

# ပေါင်းတည်တွင် ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကျောက်ရုပ် ဖွင့်ပွဲ ကျင်းပ

**ပြည်၊ ဖေဖော်ဝါရီ ၁၃**

ပဲခူးတိုင်းအနောက်ပိုင်း၊ ပေါင်းတည်မြို့တွင် ပထမဆုံးအကြိမ်ထုလုပ်သော ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကျောက်ရုပ်ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၃ ရက်(ဗိုလ်ချုပ်အောင်ဆန်း ၁၀၃ နှစ်မြောက်မွေးနေ့) က ကျင်းပခဲ့ကြောင်း ငြိမ်းချမ်းရွှေတည် ပန်းခြံနှင့် ဗိုလ်ချုပ်ကျောက်ရုပ်ဖြစ်မြောက်ရေးကော်မတီမှ ဦးချစ်ကိုက ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်ဖွင့်ပွဲအဖြစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ စတင်ကာ စာပေဟောပြောပွဲများ၊ စာအုပ်လမ်းဈေးရောင်းပွဲတော်များနှင့် ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

"ကလေးတွေ၊ နောင်လာနောက်သားတွေ ဗိုလ်ချုပ်ကိုအမြဲအမှတ်ရပြီး ဗိုလ်ချုပ်ကို အားကျအတုယူနိုင်စေဖို့ ပေါင်းတည်မြို့လူတန်းစားအလွှာပေါင်းစုံက စုပေါင်းထည့်ဝင်ကြပြီး ပြုလုပ်ခဲ့တာပါ"ဟု ဦးချစ်ကိုက ပြောဆိုသည်။

အဆိုပါဖွင့်ပွဲတွင် ပဲခူးတိုင်းဝန်ကြီးချုပ်အပါအဝင် ပဲခူးတိုင်းအစိုးရအဖွဲ့များ၊ ပဲခူးတိုင်းအနောက်ခြမ်းမြို့ရွာများရှိ နိုင်ငံရေးပါတီများ၊ ပရဟိတအသင်းအဖွဲ့များ၊ အစိုးရဌာနဆိုင်ရာများ၊ ဒေသခံများ ထောင်နှင့်ချီ၍ လာရောက်ခဲ့ကြကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကျောက်ရုပ်ကို လွန်ခဲ့သော ၂၀၁၅ ခုနှစ် ကျောင်းသားသပိတ်စစ်ကြောင်း လှည့်လည်လာစဉ်က သပိတ်စစ်ကြောင်းမှ သံဃာတော်များ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ပေါင်းတည်ဒေသခံများနှင့် နိုင်ငံရေးလှုပ်ရှားသူများစုပေါင်းပြီး ပေါင်းတည်မြို့ ငြိမ်းချမ်းရွှေတည်ပြည်သူ့ပန်းခြံအလယ်တွင် စတင်ပန္နက်ချခဲ့ကာ ပေါင်းတည်မြို့သူ၊ မြို့သားများနှင့် အခြားအနီးတစ်ဝိုက်မြို့ရွာများ၏ ထည့်ဝင်ငွေများစုဆောင်းကာ သုံးနှစ်အကြာတွင် ယခုကဲ့သို့ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ကျောက်ရုပ်ဖြစ်မြောက်ရေးကော်မတီထံမှ စုံစမ်းသိရှိရသည်။

■ M-06

# သံဃာအပါး ၅၀၀ ဖြင့် တောင်ငူမြို့လုံးကျွတ် ပရိတ်ရွတ်

**တောင်ငူ၊ ဖေဖော်ဝါရီ ၁၃**

တောင်ငူမြို့နယ် ၃၆၅ ရက်ဘုံဆွမ်းလောင်းအသင်းမှ ဦးဆောင်ကာ ဖေဖော်ဝါရီ လ ၁၃ ရက် မွန်းလွဲပိုင်းတွင် သုဓမ္မာ ပရိယတ္တိ စာမေးပွဲဖြေဆိုခဲ့ကြသည့် သံဃာတော်များအပါအဝင် သံဃာအပါး ၅၀၀ က မော်တော်ယာဉ်ပေါင်းအစီး ၄၀ ခန့်ဖြင့် တောင်ငူမြို့နယ်လုံးကျွတ် အန္တရာယ်ကင်းပရိတ်ရွတ်ခဲ့သည်။

"တောင်ငူမြို့ ထောင့်ကြီးလေးထောင့်နဲ့ မြို့တွင်းလမ်းတွေမှာ ပရိတ်ရွတ်ဆိုခဲ့ကြတာပါ။ မြို့တွင်းမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေက ပင့်သံဃာ ၅၀၀ ခန့်နဲ့ ပရိတ်ရွတ်ကြတာဖြစ်ပြီး ဒါဟာစတုတ္ထအကြိမ်မြောက်ဖြစ်ပါတယ်၊ လမ်းတစ်လျှောက်က ဒေသခံတွေကလည်း လှူဖွယ်ပစ္စည်းတွေ လောင်းလှူခဲ့တယ်"ဟု ဦးဆောင် သူတစ်ဦးဖြစ်သည့် ဦးသက်လွင်ဦးက ပြောကြားသည်။

တောင်ငူမြို့ပေါ် ရပ်ကွက်ကြီးများ နှင့် ရန်ကုန် - မန္တလေးလမ်းဟောင်းပေါ်တွင် မကြာခဏ ယာဉ်မတော်တဆမှုများ ဖြစ်ပွားကာ လူသေဆုံးမှုများ ဖြစ်ပေါ်နေခြင်းကြောင့် ဒေသတွင်း သဘာဝဘေးအန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ပရိတ်တရားနာပူဇော်မှုများ ပြုလုပ်သည်ဟု ယုံကြည်ကြောင်း ဒေသခံများက ဆိုသည်။

■ R-15

# အဆုံးသတ်ရောက်သည်အထိ တိုက်ပွဲဝင်သွားမည်ဟု ကွန်တီ ကတိပေး

**လန်ဒန်၊ ဖေဖော်ဝါရီ ၁၃**

ချယ်လ်ဆီးနည်းပြ ကွန်တီသည်
ချယ်လ်ဆီးက ဝက်စ်ဘရွန်းကို သုံးဂိုး ဂိုး
မရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီးမီးယား
လိဂ်ပွဲစဉ်အပြီးတွင် ၎င်းအနေနှင့် အသင်း
အတွက် အဆုံးသတ်ချိန်တိုင်သည်အထိ
တိုက်ပွဲဝင်ကြိုးပမ်းပေးသွားမည်ဟု ကတိ
ပေးစကားပြောကြားလိုက်ပြီး ချယ်လ်ဆီး
အသင်း အားပေးသူများကလည်း ကွန်တီကို
အားပေးထောက်ခံမှုများ အပြည့်အဝ ရှိ
နေဆဲဖြစ်ကြောင်း Daily Mail က
ဖော်ပြထားသည်။

ချယ်လ်ဆီးနည်းပြ ကွန်တီသည်
ဘုန်းမောက်၊ ဝက်ဖို့ဒ်တို့နှင့် ယှဉ်ပြိုင်ကစား
ခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင်
ချယ်လ်ဆီးအသင်း နှစ်ပွဲဆက်တိုက် ဂိုးပြတ်
အရေးနိမ့်လိုက်ရအပြီးတွင် ဖိအားများဖြင့်
ရင်ဆိုင်ခဲ့ရပြီး ဝက်စ်ဘရွန်းကို အနိုင်ရ
လိုက်သည်က ၎င်းအတွက် အသက်ရှူပြန်
ချောင်သွားစေခဲ့ခြင်းဖြစ်ကြောင်း ကွန်တီက
မှတ်ချက်ပေးထားသေးသည်။

ချယ်လ်ဆီးအသင်း ပရိသတ်များ
သည် ချယ်လ်ဆီးက ဝက်စ်ဘရွန်းကို သုံးဂိုး
ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်
ပွဲစဉ်တွင် ကွန်တီ၏အမည်ကို ပွဲအစမှနေ၍
အဆုံးတိုင်သည်အထိ ဟစ်ကြွေးကာ
၎င်းကို ယုံကြည်မှုအပြည့်ရှိကြောင်း ထုတ်
ဖော်ပြသခဲ့ပြီး ပရိသတ်များ၏ယင်းကဲ့သို့
ထောက်ခံအားပေးမှုကြောင့် ရှေ့လာမည့်
အတားအဆီးများကို ရင်ဆိုင်ကျော်ဖြတ်
ရန်အတွက် ခွန်အားတစ်ရပ်လည်း ရရှိခဲ့
ကြောင်း ကွန်တီက ထုတ်ဖော်အသိပေး
သွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာ
တွင် ကွန်တီက "ကျွန်တော်တို့တွေက
မျှော်လင့်ချက်နဲ့ ခရီးသွားနေတာပါ။ အခက်
အခဲတွေနဲ့ ရင်ဆိုင်ကြုံဆုံခဲ့ရပေမယ့် လက်ရှိ
မှာ လမ်းကြောင်းမှန်ထက်ဆီ ပြန်တက်ဖို့
ကျွန်တော်တို့ အသင့်အနေအထားဖြစ်
လာခဲ့ပါပြီ။ အသင်းသားတွေအားလုံး
ကလည်း အခုနိုင်ပွဲကြောင့် စိတ်ဓာတ်
ပိုင်းဆိုင်ရာ ယုံကြည်မှုတွေ ရရှိသွားကြမှာ
ကျိန်းသေပါပဲ။ ကျွန်တော်ဟာ ချယ်လ်ဆီး
အတွက် နောက်ဆုံးအချိန်တိုင်တဲ့အထိ
အကောင်းဆုံးတိုက်ပွဲဝင်ပေးသွားဖို့
စိတ်ပိုင်းဖြတ်ထားပါတယ်။ ကျွန်တော်တို့
ရဲ့ရည်မှန်းချက်တွေဟာ အကောင်အထည်
ပေါ်လာနိုင်ဖို့ အခွင့်အလမ်း အပြည့်အဝရှိ
နေဆဲပါပဲ"ဟု ပြောကြားသွားခဲ့သည်။

ချယ်လ်ဆီးအသင်း တာဝန်ရှိသူ
များသည် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်
တွင် ဆုဖလားလက်မဲ့အနေအထားကို
ရင်ဆိုင်ကြုံဆုံရကာ ချန်ပီယံလိဂ်ပြိုင်ပွဲ
ပါဝင်ကစားခွင့်နှင့်လည်း လွဲချော်ခဲ့ရမည်
ဆိုပါက နည်းပြကွန်တီကို ရာထူးထုတ်
ပယ်လိမ့်မည်ဖြစ်ပြီး ကွန်တီကို ရာထူးထုတ်
ပယ်ဖြစ်ခဲ့ပါက ယင်းကွက်လပ်ကို အစားပြန်
ဖြည့်ရန်အတွက် ဘာစီလိုနာနည်းပြဟောင်း
အင်းနရစ်၊ နာပိုလီနည်းပြ ဆာရီနှင့် ဂျူဗင်
တပ်နည်းပြ အယ်လ်လီဂရီတို့ကို ချယ်လ်ဆီး
အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်က လျာ
ထားလျက်ရှိသည်။ ■ E-11


Daily Mail

# ခန္ဓာကိုယ်တည်ဆောက်ပုံကို သဘောမကျသည့်အတွက် ဟယ်ရီကိန်းကို အသင်းအကယ်ဒမီမှထုတ်လိုက်မိဟု အာဆင်နယ်အကယ်ဒမီဒါရိုက်တာဟောင်း အသိပေး

**လန်ဒန်၊ ဖေဖော်ဝါရီ ၁၃**

အာဆင်နယ်အသင်းအားကစား
ဒါရိုက်တာဟောင်း လီယန်ဘရာဒီသည်
ဟယ်ရီကိန်းကို အသက်ရှစ်နှစ်အရွယ်တွင်
အသင်းအကယ်ဒမီမှနေ၍ ထွက်ခွာခွင့်
ပေးလိုက်သည်မှာ ဟယ်ရီကိန်း၏ခန္ဓာ
ကိုယ်တည်ဆောက်ထားပုံက အားကစား
သမားတစ်ဦးနှင့် မတူညီခြင်းကြောင့်
ဖြစ်သည်ဟု ဖွင့်ဟအသိပေးသွားခဲ့ပြီး
လက်ရှိတွင်မူ ၎င်း၏ဆုံးဖြတ်ချက် မှားယွင်း
ခဲ့သည်ကို သိရှိလိုက်ပြီလည်းဖြစ်ကြောင်း
လည်း ဘရာဒီက ဖွင့်ဟဝန်ခံသွားခဲ့သည်ဟု
Daily Mail က ဖော်ပြထားသည်။

ဟယ်ရီကိန်းသည် အာဆင်နယ်
အကယ်ဒမီကို စွန့်ခွာခဲ့ရအပြီးတွင် စပါး
အကယ်ဒမီထံသို့ ပြောင်းရွှေ့ရောက်ရှိ
လာခဲ့ပြီး ၎င်းအနေနှင့် အာဆင်နယ်၏
စွန့်ပစ်ခြင်းခံရသည်ကို မခံချင်စိတ်ဖြင့်
ကြိုးစားခဲ့သည့်အတွက် ယနေ့တွင် ယခုကဲ့
သို့သောအခြေအနေကို ပိုင်ဆိုင်ရရှိခဲ့ခြင်း
ဖြစ်ကြောင်း ဟယ်ရီကိန်းက ပြောကြား
ထားသည်။

ဟယ်ရီကိန်းသည် စပါးက အာဆင်
နယ်ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်
မြောက်လန်ဒန်ဒါဘီ ပရီးမီးယားလိဂ်ပွဲ
စဉ်တွင် အသင်းအတွက် အဖိုးတန်အနိုင်
ဂိုးကို ခေါင်းတိုက်သွင်းယူပေးခဲ့ပြီး လက်ရှိ
တွင် စပါးနှင့် အာဆင်နယ်တို့ ထိပ်တိုက်
တွေ့သည့် မြောက်လန်ဒန်ဒါဘီပွဲစဉ်များ
တွင် ဟယ်ရီကိန်း သွင်းယူရရှိသော သွင်းဂိုး
အရေအတွက်မှာ ခုနစ်ဂိုးအထိ ရှိသွားခဲ့
ပြီလည်းဖြစ်သည်။

ဟယ်ရီကိန်းသည် မြောက်လန်ဒန်
ဒါဘီပွဲစဉ်များတွင် ဂိုးအများဆုံးသွင်းယူ
နိုင်ခဲ့သူ ကစားသမားစာရင်း၌ ဒုတိယနေ
ရာတွင် ရပ်တည်နေပြီး ၎င်း၏အထက်တွင်
သွင်းဂိုးအရေအတွက် ရှစ်ဂိုးဖြင့် ပထမ
နေရာကို ရယူထားသည်မှာ အာဆင်နယ်
တိုက်စစ်မှူးဟောင်း အဒီဘာယော
ဖြစ်သည်။

ဟယ်ရီကိန်းသည် လက်ရှိတွင်
၎င်း၏ကစားသမားဘဝဖြတ်သန်းမှုအတွင်း
ပရီးမီးယားလိဂ်ပွဲစဉ်ပေါင်း ၁၄၂ ပွဲ ပါဝင်
ကစားခွင့်ရခဲ့ရာတွင် သွင်းဂိုး ၁၀၁ ဂိုးအထိ
ရယူထားနိုင်ခဲ့ပြီဖြစ်ကာ ဟယ်ရီကိန်းမှာ
အသက် ၂၄ နှစ်အရွယ်သာ ရှိသေး
သည့်အတွက် အဆက်မပြတ် ဆက်လက်
တိုးတက်နေဦးမည်သာဖြစ်ကြောင်းလည်း
၎င်း၏ဆရာဟောင်း ဘရာဒီက မှတ်ချက်ပေး
သွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာ
တွင် ဘရာဒီက "ဟယ်ရီကိန်းဟာ ကလေး
ဘဝတုန်းက ပါးဖောင်းဖောင်းလေးနဲ့
တကယ့်ကို ချစ်စဖွယ် ကောင်လေးတစ်
ယောက်ပါ။ သူ့ကို ကျွန်တော့်ဘက်က
မှတ်ချက်ချမှု မှားသွားခဲ့တယ်ဆိုတာ
ဝန်ခံပါတယ်။ အဲ့တုန်းက သူ့ရဲ့ခန္ဓာကိုယ်
တည်ဆောက်ပုံကိုကြည့်ပြီး ထိပ်တန်းအ
ဆင့်ကစားသမားတစ်ယောက်ဖြစ်လာဖို့
မလွယ်နိုင်လောက်ဘူးလို့ ကျွန်တော်
သုံးသပ်ခဲ့တာပါ။ အဲ့ဒါကြောင့်ပဲ အသင်း
အကယ်ဒမီကနေ သူ့ကို ထုတ်ပယ်လိုက်
မိတာဖြစ်ပါတယ်။ ဒီကနေ့မှာတော့
ဟယ်ရီကိန်းက အတိုင်းအဆမဲ့ တိုးတက်
သူတစ်ယောက်ဖြစ်လို့နေပါပြီ။ များမကြာ
ခင်မှာပဲ သူ့ကို အားလုံးက ကမ္ဘာ့အကောင်း
ဆုံးကစားသမားတစ်ယောက်အဖြစ် လက်ခံ
လာကြပါလိမ့်မယ်"ဟု ပြောကြားသွား
ခဲ့သည်။ ■ E-11


AP

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ထုပ်ဆီးတိုးနှင့်လွန်ဆွဲပွဲ ကျင်းပ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

ပြည်ထောင်စုနေ့အထိမ်းအမှတ်
ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုးနှင့်လွန်ဆွဲ
ပြိုင်ပွဲများကို နေပြည်တော်ဝဏ္ဏသိဒ္ဓိ အား
ကစားကွင်း ၁ နှင့် ၂ တို့တွင် ကျင်းပခဲ့
ကြောင်း အားကစားနှင့်ကာယပညာဌာန
ထံမှသိရသည်။

ဖေဖော်ဝါရီလ ၁၂ ရက်က အမျိုး
သား/အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ တတိယ
နေရာလုပွဲနှင့် လွန်ဆွဲပြိုင်ပွဲဗိုလ်လုပွဲများ
ကို ကျင်းပခဲ့ပြီး ထုပ်ဆီးတိုးပြိုင်ပွဲ ဗိုလ်လုပ်ပွဲ
များကို ကျင်းပခဲ့သည်။

ယင်းနောက် ပြိုင်ပွဲဝင်ကစားသမား
များကို ဆုချီးမြှင့်ရာတွင် ထုပ်ဆီးတိုး
ပြိုင်တွင် ပထမဆု ခုနစ်သိန်း၊ ဒုတိယဆု
ငါးသိန်းနှင့်တတိယဆု သုံးသိန်းချီးမြှင့်ခဲ့ပြီး
လွန်ဆွဲပြိုင်ပွဲ ဆုချီးမြှင့်ရာတွင်လဲ အလားတူ
ဆုကြေးများအတိုင်း ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ်
ဝန်ကြီးဌာန ပေါင်းစုံအားကစားပြိုင်ပွဲတွင်
အဆိုပါကစားနည်းများသာမက ခေါင်း
အုံးရိုက်၊ ဂုန်နီအိတ်စွပ်၊ မီတာ ၁၀၀၊ ၂၀၀
ကျား/မ ပြေးပွဲ၊ သုံးချောင်းထောက် ကျား/မ
ကစားနည်းများ လဲပါဝင်ခဲ့သည်။ ■ J-04

# အေဘရာမိုဗစ်ချ်က ငြင်းဆန်နေသော်လည်း ဘတ်ရှွာယီကို အပြီးသတ်ဝယ်ယူနိုင်မည်ဟု ဒော့မွန် ယုံကြည်ထား

**မြူးနစ်၊ ဖေဖော်ဝါရီ ၁၃**

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ဒော့မွန်
အသင်းသည် ချယ်လ်ဆီးထံမှနေ၍ အငှား
ခေါ်ယူထားသော တိုက်စစ်မှူး ဘတ်ရှွာယီ
ကို အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရန် စီစဉ်
နေပြီဖြစ်ပြီး ဘတ်ရှွာယီကို ချယ်လ်ဆီး
အသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်က အပြီး
သတ်ရောင်းချရန် အစီအစဉ်မရှိဟု ငြင်း
ဆန်ပယ်ချနေသော်လည်း ၎င်းတို့ဘက်က
လက်မလျှော့တမ်း ဆက်လက်ကြိုးပမ်း
သွားမည်သာဖြစ်ကြောင်း ဒော့မွန် အား
ကစားဒါရိုက်တာ မိုက်ကယ်ဇော့က ဖွင့်ဟ
အသိပေးသွားခဲ့သည်ဟု Daily Mail
က ဖော်ပြထားသည်။

ဘတ်ရှွာယီသည် လွန်ခဲ့သည့်ဇန်နဝါရီ
ကာလ ကစားသမားအပြောင်းအရွှေ့ဈေး
ကွက်အတွင်း၌ ချယ်လ်ဆီးမှနေ၍ ဒော့မွန်
ထံသို့ ခြောက်လသက်တမ်း အငှားစာ
ချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး
ဒော့မွန်ကို ကိုယ်စားပြု၍ ပွဲထွက်ခွင့်ရခဲ့သည့်
ပွဲစဉ်နှစ်ပွဲ၌ပင် ဘတ်ရှွာယီက သွင်းဂိုး
သုံးဂိုးအထိ ရယူသွားနိုင်ခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးသည် လက်ရှိတွင်
အသင်းတိုက်စစ်ကိုအသစ်ခေါ်ယူထားသော



ဂျီရုဒ်တစ်ဦးတည်းကိုသာ အားပြု၍ ပုံဖော်
နေရပြီး မိုရာတာကိုမှု နောက်ကျောဒဏ်ရာ
သက်သာခြင်းမရှိသေးသည့်အတွက်
ချယ်လ်ဆီးက အနားပေးထားရဆဲဖြစ်ကာ
အခန့်မသင့်ပါက ဂျီရိုနာကို ဘောလုံးရာ
သီပြီးဆုံးချိန်တိုင်သည်အထိ အနားပေး
လိုက်ရနိုင်ကြောင်း နည်းပြကွန်တီက
ဖွင့်ဟ ဝန်ခံထားပြီလည်းဖြစ်သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာ
တွင် မိုက်ကယ်ဇော့က "ကျွန်တော်တို့
အနေနဲ့ ဘတ်ရှွာယီကို အပြီးသတ်ဝယ်ယူဖို့
ဆန္ဒရှိပါတယ်။ ကမ်းလှမ်းမှုတစ်ချို့လည်း
လုပ်ထားပြီးပါပြီ။ ဒါပေမဲ့ အောင်မြင်မှုတော့
မရခဲ့ပါဘူး။ ချယ်လ်ဆီးအသင်းပိုင်ရှင်
အေဘရာမိုဗစ်ချ်က ဘတ်ရှွာယီကို ရောင်းဖို့
အစီအစဉ် လုံးဝမရှိဘူးလို့ အကြောင်း
ပြန်ထားပါတယ်။ ဒါပေမဲ့ အခြေအနေ
အရပ်ရပ်ဟာ အပြောင်းအဲဖြစ်လာနိုင်
တယ်လို့ ကျွန်တော်တို့ မျှော်လင့်ထား
ပါတယ်။ အခုဆို ဘတ်ရှွာယီကိုယ်တိုင်
ကလည်း ဒော့မွန်မှာကစားရတာကို ကျေနပ်
ပျော်ရွှင်နေပါပြီ။ ဘောလုံးရာသီပြီးဆုံး
ချိန်ရောက်ရင် သူ့ကို အပြီးသတ် ဝယ်ယူဖို့
အတွက် ချယ်လ်ဆီးအသင်းတာဝန်ရှိ
သူတွေနဲ့ နောက်တစ်ကြိမ် ဆွေးနွေး
ညှိနှိုင်းသွားဖို့ ကျွန်တော်တို့ ဆုံးဖြတ်
ထားပါတယ်"ဟု ပြောကြားသွားခဲ့သည်။
■ E-11

# ဘာနေဗျူးရဲ့ဗယ်လင်တိုင်းညမှာ ရီးရဲလ်မက်ဒရစ်အားပေးသူတွေအတွက် အသည်းကွဲတေးသံတွေ မရှိစေရ

## ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

**ဗုဒ္ဓဟူး နေ့ညမှာတော့ ပရိသတ်ကြိုက် ပွဲကောင်းတစ်ပွဲက ဘောလုံးရသအပြည့်အဝပေးဖို့အတွက် အသင့်ရှိလို့နေပါတယ်။ အဲ့ဒီပွဲစဉ်ကတော့ ချန်ပီယံလိဂ် ၂ နှစ်ဆက် ချန်ပီယံ ရီးရဲလ်မက်ဒရစ်နဲ့ ဒီနှစ်မှာ ငွေကြေးအကုန်အကျခံပြီး နေမာနဲ့ အမ်ဘတ်ပေတို့လို ကစားသမားတွေကို ခေါ်ယူအင်အားဖြည့်တင်းထားတဲ့ ပီအက်စ်ဂျီတို့ ထိပ်တိုက်တွေ့နေတဲ့ပွဲစဉ်ပါပဲ။ လက်ရှိမှာ ရီးရဲလ်မက်ဒရစ်က ခြေအတက်အကျ မမှန်သလို နည်းပြဇီဒန်းရဲ့အနာဂတ်ကလည်း လှုပ်ခတ်လို့နေပါတယ်။ ပီအက်စ်ဂျီကိုသာ နှစ်ကျော့ပေါင်းရလဒ်နဲ့ အရေးနိမ့်ပြီး ရီးရဲလ်မက်ဒရစ်သာ ပြိုင်ပွဲကထွက်လိုက်ရမယ်ဆိုရင် နည်းပြဇီဒန်းနဲ့ ရီးရဲလ်မက်ဒရစ်အကြား လမ်းခွဲခြင်းနိမိတ်ပုံတစ်ခု ကျိန်းသေဆိုက်ရောက်လာတော့မှာပါ။ လီဗာပူးကလည်း သူ့ရဲ့တိုက်စစ်အစွမ်းကို ပေါ်တိုရဲ့အိမ်ကွင်းမှာ ဘယ်လောက်အတိုင်းအတာ ထုတ်ဖော်ပြသနိုင်လေမလဲဆိုတာက စိတ်ဝင်စားစရာပါပဲ။**





### ထိပ်တိုက်တွေ့ဆုံမှု

| ရီးရဲလ်မက်ဒရစ်နိုင် | သရေ | ပီအက်စ်ဂျီနိုင် | ပေါင်း |
|---|---|---|---|
| ၂ | ၂ | ၂ | ၆ |

### ရီးရဲလ်မက်ဒရစ်အိမ်ကွင်း ထိပ်တိုက်တွေ့ဆုံမှုရလဒ်များ

ရီးရဲလ်မက်ဒရစ် ၁ - ၀ ပီအက်စ်ဂျီ

(၃-၁၁-၂၀၁၅၊ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်)

ရီးရဲလ်မက်ဒရစ် ၀ - ၁ ပီအက်စ်ဂျီ

(၃-၃-၁၉၉၄၊ Cup Winners' Cup ကွာတားဖိုင်နယ်ပွဲစဉ်)

ရီးရဲလ်မက်ဒရစ် ၃ - ၁ ပီအက်စ်ဂျီ

(၁၅-၃-၁၉၉၃၊ ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်)

### ရီးရဲလ်မက်ဒရစ်

ဒီပွဲဟာ ရီးရဲလ်မက်ဒရစ်နည်းပြ ဇီဒန်းရဲ့အနာဂတ်ကို အဆုံးအဖြတ်ပေးမယ့်ပွဲစဉ် ဖြစ်လာပါလိမ့်မယ်။ လာလီဂါမှာ ချန်ပီယံဆုကာကွယ်နိုင်ဖို့အတွက် မျှော်လင့်ချက်ကုန်သွားခဲ့ပြီဖြစ်သလို စပိန်ဘုရင့်ဖလားပြိုင်ပွဲကနေ ရှုံးနိမ့်ထွက်ခွာသွားခဲ့ရပြီဖြစ်တဲ့ ရီးရဲလ်မက်ဒရစ်အတွက် ချန်ပီယံလိဂ်ဆိုတာ နောက်ဆုံးလက်ကျန် အိပ်မက်တစ်ခွက်ပါပဲ။ ဒီအိပ်မက်စွန်ငယ်လေးသာ ကြိုးပြတ်သွားရင်တော့ ရီးရဲလ်မက်ဒရစ်ဆီကို ကပ်ဆိုးတွေကဒလဟော စီးဝင်လာတော့မှာပါ။ ဆိုစီဒက်ကို ငါးဂိုး နှစ်ဂိုးနဲ့ အနိုင်ရလိုက်တဲ့ပွဲစဉ်မှာ စီရော်နယ်ဒို ဟက်ထရစ်ရယူလိုက်နိုင်တာကတော့ ဒီပွဲမတိုင်ခင် ရီးရဲလ်မက်ဒရစ်အတွက် စိတ်ဓာတ်မြှင့်တင်ရေးတစ်ရပ် ဖြစ်စေခဲ့မှာအမှန်ပါပဲ။ ရီးရဲလ်မက်ဒရစ်ဟာ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းကစလို့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ၁၆ သင်းရှုံးထွက်အဆင့်ကို အမြဲကျော်ဖြတ်နိုင်ခဲ့တာမို့ ဒီတစ်ကြိမ်မှာလည်း အဲ့ဒီစံချိန်ကို ဆက်လက် ထိန်းသိမ်းသွားနိုင်လေမလား စိတ်ဝင်စားစရာပါပဲ။ ပြင်သစ်အသင်းတွေအပေါ် ရီးရဲလ်မက်ဒရစ်နိုင်စားမှုကလည်း အခုနောက်ပိုင်းနှစ်တွေ တစ်ဖက်သတ်ဆန်လွန်းလှပါတယ်။ ပြင်သစ်အသင်းတွေနဲ့ထိပ်တိုက်တွေ့ခဲ့တဲ့ နောက်ဆုံးဥရောပပွဲစဉ် ကိုးပွဲမှာ ရီးရဲလ်မက်ဒရစ်က ခြောက်ပွဲနိုင်၊ သုံးပွဲသရေရလဒ်ကို ရယူပြီး ရှုံးပွဲ လုံးဝမရှိခဲ့ပါဘူး။ ပြင်သစ်အသင်းတွေနဲ့ နောက်ဆုံးကစားထားတဲ့ ဥရောပပွဲစဉ် ငါးပွဲမှာဆိုရင် ရီးရဲလ်မက်ဒရစ်က လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ကို ရယူပြီး ပေးဂိုးလုံးဝကင်းစင်ခဲ့ပါတယ်။ သမိုင်းကြောင်းတစ်လျှောက် ပြင်သစ်အသင်းတွေကို အိမ်ကွင်းမှာ လက်ခံကစားခွင့်ရခဲ့တဲ့ ပွဲစဉ် ၁၃ ပွဲမှာ ရီးရဲလ်မက်ဒရစ်က ၁၀ ပွဲနိုင်၊ သုံးပွဲသရေရလဒ်ကို ရယူနိုင်ခဲ့တာကလည်း အလန်းလွန် အလွန်လန်းလှပါတယ်။

### ပီအက်စ်ဂျီ

ပီအက်စ်ဂျီက လက်ရှိအချိန်မှာ တည်ငြိမ်မှုအပြည့်ရှိနေပါတယ်။ နေမာ၊ ကာဗာနီနဲ့ အမ်ဘတ်ပေတွဲလုံးက အလုပ်ဖြစ်နေသလို ဒီပွဲဟာ ပီအက်စ်ဂျီအတွက် သူတို့ရဲ့တိုက်စစ်တွဲလုံးက ပြီးပြည့်စုံခြင်း ရှိ၊ မရှိကို စမ်းသပ်ရမယ့် ပွဲစဉ်ပါပဲ။ အုပ်စုအဆင့်တုန်းက လုပ်တိုင်းတင့်တယ်ခဲ့တဲ့ ပီအက်စ်ဂျီတိုက်စစ်ကို ရီးရဲလ်မက်ဒရစ်ခံစစ်မှူးတွေ တည်တည်ငြိမ်ငြိမ် ဟန့်တားနိုင်မှသာ ရလဒ်ကောင်းနိုင်ပါလိမ့်မယ်။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ် ၁၅ ပွဲမှာ ပီအက်စ်ဂျီက ရှုံးပွဲတစ်ပွဲတည်းသာရှိခဲ့ပြီး ကျန်တဲ့ ၁၄ ပွဲကို အနိုင်ရလဒ်တွေ ရယူကာ ဖြတ်သန်းနိုင်ခဲ့ပါတယ်။ ချန်ပီယံလိဂ်အုပ်စုအဆင့်တုန်းက ဘိုင်ယန်မြူးနစ်နဲ့ ယှဉ်ပြိုင်ခဲ့ရတဲ့ အဝေးကွင်းပွဲစဉ်မှာ ပီအက်စ်ဂျီ အရှုံးရလဒ်ကြုံခဲ့ရတာကို မမေ့သင့်ပါဘူး။ ပီအက်စ်ဂျီဟာ ဥရောပအဆင့်ပြိုင်ပွဲတွေမှာ စပိန်ကလပ်အသင်းတွေကို စပိန်မြေဆီလာရောက်ပြီး ပွဲစဉ်ပေါင်း ၁၃ ပွဲယှဉ်ပြိုင်ခဲ့ဖူးကာ အဲ့ဒီပွဲစဉ် ၁၃ ပွဲမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ခုနစ်ပွဲရှုံးရလဒ်ကို ပီအက်စ်ဂျီက ပိုင်ဆိုင်ခဲ့ဖူးပါတယ်။ ထူးခြားချက်တစ်ရပ်က ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရဲ့ ပထမအကျော့ပွဲစဉ်ကို ပီအက်စ်ဂျီက ဘယ်တော့မှ မရှုံးနိမ့်ခဲ့ဖူးတာပါပဲ။

### သုံးသပ်ချက်

ပီအက်စ်ဂျီဟာ အုပ်စုအဆင့်ကို ဖြတ်သန်းခဲ့စဉ်တုန်းကလိုမျိုး တိုက်စစ်ကို အလွန်အကျွံ ဖွင့်မကစားလောက်တော့ဘူးလို့ ယူဆမိပါတယ်။ ရီးရဲလ်မက်ဒရစ်အသင်းပိုင် ဘာနေဗျူးကွင်းမှာ သရေရလဒ်ကို ရယူလိုက်နိုင်တာနဲ့ ပီအက်စ်ဂျီအတွက် နောက်တစ်ဆင့်တက်ရောက်နိုင်ရေးက အရမ်းပဲသွားလမ်းသာလို့ လာလမ်းဖြောင့်သွားနိုင်ပါတယ်။ ရီးရဲလ်မက်ဒရစ်အတွက်ကတော့ အခုယှဉ်ပြိုင်ရမယ့် ပထမအကျော့ပွဲစဉ်မှာ ရလဒ်ကောင်းမှပဲ ကွာတားဖိုင်နယ်ဆီ ရှစ်နှစ်ဆက်တိုက် တက်ရောက်ခွင့်ရဖို့ မျှော်လင့်ချက်ထားနိုင်မှာပါ။ သရေရလဒ်ကို ဦးတည်ဖို့ရှိနေတဲ့ ပီအက်စ်ဂျီကို ငြင်းပယ်လိုက်ပါရစေ။ ရီးရဲလ်မက်ဒရစ်နဲ့ပဲ စွန့်စားခန်းဖွင့်လိုက်ပါရစေလား။

### ပွဲကြီးကြပ်မည့်ဒိုင်လူကြီးများ

**ကွင်းလယ်ဒိုင်လူကြီး -** ဂီယန်လူကာ ရော့ချီ(အီတလီ)

**စည်းကြပ်ဒိုင်လူကြီးများ -** ဒီလီဘာရာတိုး(အီတလီ)၊ တိုနိုလီနီ(အီတလီ)

### ဒဏ်ရာရကစားသမားများ

**ရီးရဲလ်မက်ဒရစ် -** ဗယ်လ်လီဂျို

**ပီအက်စ်ဂျီ -** ကီဗင်ထရပ်

## ပေါ်တို - လီဗာပူး

| ပေါ်တိုနိုင် | သရေ | လီဗာပူးနိုင် | ပေါင်း |
|---|---|---|---|
| ၀ | ၂ | ၂ | ၄ |

### ပေါ်တိုအိမ်ကွင်း ထိပ်တိုက်တွေ့ဆုံမှုရလဒ်များ

ပေါ်တို ၁ - ၁ လီဗာပူး (၁၈-၉-၂၀၀၇၊ ချန်ပီယံလိဂ် အုပ်စုအဆင့်)

ပေါ်တို ၀ - ၀ လီဗာပူး

(၈-၃-၂၀၀၁၊ ယူအီးအက်ဖ်အေဖလား ကွာတားဖိုင်နယ်)

### ပေါ်တို

ပေါ်တိုက ပေါ်တူဂီပြည်တွင်းပွဲစဉ်တွေကို အများအယွင်းကင်းကင်းနဲ့ ဖြတ်သန်းနေနိုင်ဆဲပါပဲ။ ချန်ပီယံလိဂ် အုပ်စုအဆင့်ဖြတ်သန်းခဲ့မှုကို ကြည့်လိုက်ရင်တော့ ပေါ်တိုက အိမ်ကွင်းမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ခဲ့တာကို တွေ့ရပါတယ်။ အဘူဘာကာ၊ မာရီဂါနဲ့ ဘရာဟီမီစတဲ့ ဂိုးသွင်းအားကောင်းတဲ့ တိုက်စစ်မှူးတွေကို ပိုင်ဆိုင်ထားတာက ပေါ်တိုရဲ့အားသာချက်ပါပဲ။ ဖိလစ်ပီ၊ ရီယက်စ်၊ ပီရိုင်းရာ၊ အဲလက်စ်တယ်လ်လက်စ်နဲ့ မာကာနိုတို့ ဦးဆောင်လာမယ့် ပေါ်တိုခံစစ်ဟာ လီဗာပူးတိုက်စစ်ကို ထိန်းချုပ်သွားနိုင်မလားဆိုတာက ဒီပွဲရဲ့အဖြေဖြစ်လာနိုင်ပါတယ်။ ပေါ်တိုရဲ့ဥရောပအဆင့် အိမ်ကွင်းစွမ်းဆောင်ရည်ဟာ အနှစ်ချုပ်ကြည့်လိုက်ရင် သိပ်အကောင်းကြီးတော့ မဟုတ်ပါဘူး။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ဥရောပအဆင့် အိမ်ကွင်းပွဲစဉ် ၁၀ ပွဲမှာ ပေါ်တိုအနိုင်ရခဲ့တာက လေးပွဲတည်းသာ ရှိထားပါတယ်။ ၂၀၀၃-၀၄ ဘောလုံးရာသီတုန်းက နည်းပြမော်ရင်ညိုရဲ့ဦးဆောင်မှုနဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ မန်ယူကို နှစ်ကျော့ပေါင်းရလဒ်နဲ့နိုင်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ပေါ်တိုက ဒီအဆင့် ဒီနေရာမှာ အင်္ဂလိပ်အသင်းတွေကို နှစ်ကျော့ပေါင်းရလဒ်နဲ့ အနိုင်ယူနိုင်တယ်ရယ်လို့ ထပ်မရှိတော့ပါဘူး။ အင်္ဂလိပ်အသင်းတွေနဲ့ နောက်ဆုံးကစားထားတဲ့ ပွဲစဉ်လေးပွဲမှာဆိုရင်လည်း ပေါ်တိုက နိုင်ပွဲပျောက်ဆုံးမှုနဲ့သာ ရင်ဆိုင်ကြုံဆုံထားရပါတယ်။



### လီဗာပူး

လီဗာပူးကတော့ သူ့ထုံးစံအတိုင်း တိုက်စစ်ပြီးရင်းတိုက်စစ် ကစားတဲ့ဟန်မျိုးနဲ့ပဲ ပွဲထွက်လာပါလိမ့်မယ်။ ဆာလားဟ်၊ မာနေးနဲ့ ဖာမင်ညိုတို့ရဲ့ဟန်ချက်ညီမှုတွေဟာ ပေါ်တိုခံစစ်မှူးတွေကို ကျိန်းသေအလုပ်ရှုပ်စေမှာပါ။ ဒါပေမဲ့ လီဗာပူးရဲ့ခံစစ်စွမ်းဆောင်ရည်က အခုချိန်ထိ စိတ်မချရသေးပါဘူး။ ဗန်ဒစ်ဂျ်ကို ခေါ်ယူရရှိလိုက်ပြီးတဲ့နောက်မှာ လီဗာပူးခံစစ် အနည်းငယ် ငြိမ်သွားပေမယ့် အမှားကျူးလွန်တတ်မှုတွေကတော့ အမြစ်ပြတ် မသွားသေးပါဘူး။ ချန်ပီယံလိဂ်အုပ်စုအဆင့် အဝေးကွင်းပွဲစဉ်သုံးပွဲကို ဖြတ်သန်းခဲ့ရာမှာလည်း မာရီဘောကို ခုနစ်ဂိုးဂိုးမရှိနဲ့ နိုင်ခဲ့တဲ့ပွဲကလွဲလို့ ကျန်နှစ်ပွဲမှာ သရေရလဒ်တွေနဲ့သာ လီဗာပူးက ကြုံဆုံရင်ဆိုင်ခဲ့ရပါတယ်။ လီဗာပူးဟာ ပေါ်တူဂီမြေဆီကိုလာရောက်ပြီး ပေါ်တူဂီကလပ်အသင်းတွေနဲ့ ဥရောပပွဲစဉ်ပေါင်း ကိုးပွဲယှဉ်ပြိုင်ခဲ့ရာမှာ နှစ်ပွဲသာ အနိုင်ရခဲ့ပြီး သုံးပွဲသရေကျကာ လေးပွဲရှုံးနိမ့်ထားပါတယ်။ ထူးခြားချက်ရယ်လို့ပြောရမှာက သုံးပွဲသရေ၊ လေးပွဲရှုံးဆိုတဲ့ရလဒ်ကို နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ခုနစ်ပွဲမှာ လီဗာပူး ကြုံခဲ့ရတာပါပဲ။

### သုံးသပ်ချက်

ကစားသမား အင်အားအရ လီဗာပူးက သာလွန်သလို ရှိပေမယ့် အသင်းလိုက်စုစည်းအားကောင်းတဲ့ ပေါ်တိုဟာ အိမ်ရှင်အားသာချက်ကို လက်ကိုင်ပြုပြီး လီဗာပူးကို ခံကစားလာနိုင်တာ သတိပြုရပါလိမ့်မယ်။ အဝေးကွင်းပွဲစဉ်တွေမှာ လီဗာပူးခံစစ်က တည်ငြိမ်မှုကင်းမဲ့တတ်လွန်းလို့ အဲ့ဒီအချက်ကိုသာ ထိထိရောက်ရောက် အသုံးချနိုင်ခဲ့ရင် ပေါ်တိုအတွက် အနိမ့်ဆုံးအဖြစ် ကပ်နိုင်ဖို့ မခက်လောက်ပါဘူး။ ကပ်မနိုင်ရင်တောင် သရေလောက်ရဖို့ကို ပေါ်တို စွမ်းဆောင်သွားနိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ ပေါ်တိုနဲ့ လက်တွဲထားလိုက်ကြရအောင်လား။

### ပွဲကြီးကြပ်မည့်ဒိုင်လူကြီးများ

**ကွင်းလယ်ဒိုင်လူကြီး -** ဒါနိုင်လီ အော်ဆာတို(အီတလီ)

**စည်းကြပ်ဒိုင်လူကြီးများ -** ဒီဗီအိုရီ(အီတလီ)၊ ဖီလစ်ပို မီလီ(အီတလီ)

### ဒဏ်ရာရကစားသမားများ

**ပေါ်တို -** မရှိပါ

**လီဗာပူး -** ကလိုင်နေး

### ပွဲပယ်ပြစ်ဒဏ်ထိထားသူများ

**ပေါ်တို -** ဖိလစ်ပီ

**လီဗာပူး -** အမ်မရီကန်

■ E-11

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

**၁၅-၂-၂၀၁၈(ကြာသပတေးနေ့)**

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်များ(ပထမအကျော့)**

| | |
|---|---|
| ည ၂း၁၅ နာရီ | ပေါ်တို(ပေါ်တူဂီ) - လီဗာပူး(အင်္ဂလန်) |
| ည ၂း၁၅ နာရီ | ရီးရဲလ်မက်ဒရစ်(စပိန်) - ပီအက်စ်ဂျီ(ပြင်သစ်) |

# အေအက်ဖ်စီဖလား အုပ်စုအဖွင့်ပွဲစဉ်များတွင် ရန်ကုန်ယူနိုက်တက် အနိုင်ရပြီး ရှမ်းယူနိုက်တက် ရှုံးနိမ့်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အေအက်ဖ်ဖီဖလား ဘောလုံးပြိုင်ပွဲအုပ်စုအဖွင့်ပွဲစဉ်များတွင် ရန်ကုန်ယူနိုက်တက်အသင်းသည် အဝေးကွင်း၌ အင်ဒိုနီးရှားကလပ် ဘာလီယူနိုက်တက်ကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ကစားနိုင်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကမူ အိမ်ကွင်းပရိသတ်ရှေ့မှောက်၌ စင်ကာပူကလပ် ဟုမ်းယူနိုက်တက်ကို တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့ကြောင်း သိရသည်။

ရန်ကုန်ယူနိုက်တက်သည် ပွဲအစ ၁၅ မိနစ်မှ ၂၅ မိနစ်အတွင်း သွင်းဂိုးသုံးဂိုးလုံးကို ရယူနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အတွက် အဖွင့်ဂိုးကို အီမန်နျူရယ်လ်က ၁၅ မိနစ်တွင်လည်းကောင်း၊ ဆိုင်းလာက ၁၈ မိနစ်နှင့် ၂၅ မိနစ်တို့တွင် ဒုတိယဂိုးနှင့် တတိယဂိုးတို့ကိုလည်းကောင်း အသီးသီး သွင်းယူပေးသွားခဲ့ခြင်းဖြစ်သည်။

ဘာလီယူနိုက်တက်သည် ပထမပိုင်းပြီးဆုံးခါနီးတွင် ချေပဂိုးပြန်သွင်းနိုင်ခဲ့ပြီး ယင်းဂိုးကို ဂျီဒီက ရယူပေးသွားခဲ့ခြင်းဖြစ်သည်။ ဘာလီယူနိုက်တက်သည် ပွဲကစားချိန် ၆၄ မိနစ်တွင် ပင်နယ်တီအခွင့်အရေး ရရှိခဲ့သော်လည်း ယင်းပင်နယ်တီကို ကန်သွင်းရာတွင် ဘောလုံးမှာ ဂိုးအပြင်သို့ ထွက်ကာ ဂိုးလွန်ဘောဖြစ်သွားခဲ့သည့်အတွက် ဒုတိယချေပဂိုးရနိုင်မည့်အခွင့်အလမ်းကို ဆုံးရှုံးသွားခဲ့ရသည်။

ရှမ်းယူနိုက်တက်နှင့် ဟုမ်းယူနိုက်တက်တို့ ပွဲစဉ်တွင် ပထမပိုင်း ၄၅ မိနစ်၌ ဂိုးမရှိသရေရလဒ် ထွက်ပေါ်နေခဲ့ပြီး ဟုမ်းယူနိုက်တက်အတွက် အဖိုးတန်အနိုင်ဂိုးကို ပွဲကစားချိန် ၇၅ မိနစ်သို့ရောက်မှ အီယောင်ဆောင်းက ရယူပေးသွားနိုင်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်တို့သည် အေအက်ဖ်စီဖလား အုပ်စုဒုတိယပွဲစဉ်များကို လာမည့် ဖေဖော်ဝါရီလ ၂၇ ရက်နေ့၌ အသီးသီး ဆက်လက် ယှဉ်ပြိုင်ကစားသွားကြရမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်မှာ ဗီယက်နမ်ကလပ် FLC Thanh Hoa အသင်းကို အိမ်ကွင်း၌လည်းကောင်း၊ ရှမ်းယူနိုက်တက်မှာ ကမ္ဘောဒီးယားကလပ် ဘူအန်ကက်အန်ကောကို အဝေးကွင်း၌လည်းကောင်း ရင်ဆိုင်သွားကြရမည်ဖြစ်သည်။ ■ E-11

## အာရှသက်တမ်းအလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲ အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ်ကျင်းပရန် စီစဉ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

အာရှစားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ဦးဆောင်ကာ နှစ်စဉ်ကျင်းပနေသည့် အာရှသက်တမ်းအလိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသည်။

အဆိုပါပြိုင်ပွဲကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်ကျင်းပမည်ဖြစ်ပြီး ယခုနှစ် ဩဂုတ်လအတွင်း ကျင်းပနိုင်ရန် ပစ်မှတ်ထားပြင်ဆင်နေသည်ဟု မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်ခိုင်က ပြောကြားသည်။

“ဒီပြိုင်ပွဲကိုကျင်းပခွင့်ရဖို့ ကြိုးစားနေပါတယ်။ အာရှအဖွဲ့ချုပ်က တာဝန်ရှိသူတွေ မတ်လထဲမှာ လာစစ်ဖို့ရှိပါတယ်။ သူတို့လာပြီးတဲ့နောက်မှပဲ ပြိုင်ပွဲနဲ့ပတ်သက်တဲ့ အသေးစိတ်အချက်အလက်တွေ သိရမှာပါ”ဟု ၎င်းကဆိုသည်။ အာရှဂျူနီယာစားပွဲတင်တင်းနစ်ပြိုင်ပွဲကို အသက် ၁၅ နှစ်အောက်နှင့် ၁၈ နှစ်အောက်ပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ပြီး နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံတွင် ကျင်းပရန် စီစဉ်နေခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်ကစားသမားများကို လက်ရှိအချိန်တွင် ရွေးချယ်ထားရခြင်းမရှိသေးဘဲ ပြိုင်ပွဲကျင်းပမည့်ရက် သိရှိပြီးမှသာ ကစားသမားရွေးချယ်ပွဲများကျင်းပကာ ပြိုင်ပွဲအတွက် ပြင်ဆင်မည်ဟု အဆိုပါအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်အနေနှင့် မျိုးဆက်သစ်များ ထွက်ပေါ်လာစေရန် ပြည်တွင်းပြိုင်ပွဲများ ကျင်းပလျက်ရှိပြီး နိုင်ငံတကာပြိုင်ပွဲဖြစ်သည့် အာရှအဆင့်ပြိုင်ပွဲကို လက်ခံကျင်းပနိုင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

■ J-04

## အာရှတာဝေးစက်ဘီးစီးပြိုင်ပွဲ ဂျပန်ဗိုလ်စွဲ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသော ၂၀၁၈ အာရှတာဝေးစက်ဘီးပြိုင်ပွဲနှင့် မသန်စွမ်းစက်ဘီးပြိုင်ပွဲတွင် ဂျပန်နိုင်ငံက ပထမဖြင့် ဗိုလ်စွဲခဲ့ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါပြိုင်ပွဲသို့ အိမ်ရှင်မြန်မာအပါအဝင် အာရှနိုင်ငံ ၂၃ နိုင်ငံမှ အားကစားသမား ၄၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ရာ ဂျပန်နိုင်ငံသည် နိုင်ငံအလိုက် အဆင့်ရပ်တည်မှုတွင် ပထမ ဖြစ်ခဲ့ကြောင်း အဆိုပါဦးစီးဌာန၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ တာဝန်ရှိသူထံမှသိရသည်။

ပြိုင်ပွဲအစမှအဆုံးထိ ဂျပန်နိုင်ငံသည် ရွှေ ၃၊ ငွေ ၃ နှင့် ကြေး ၂ဖြင့် ပထမရရှိခဲ့ပြီး ဒုတိယမှာ တရုတ်၊ ဟောင်ကောင် တတိယနေရာရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အာရှစက်ဘီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။

■ J-04





## စမောလင်းနှင့် ဖီးလ်ဂျုံးစ်တို့ကို ရောင်းထုတ်ရန် မော်ရင်ညို စီစဉ်

**မန်ချက်စတာ၊ ဖေဖော်ဝါရီ ၁၃**

မန်ယူနည်းပြ မော်ရင်ညိုသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အသင်းအဓိကခံစစ်ကစားသမားနှစ်ဦးဖြစ်သည့် စမောလင်းနှင့် ဖီးလ်ဂျုံးစ်တို့ကို ရောင်းထုတ်လိုက်ရန် စီစဉ်ထားပြီဖြစ်ပြီး နယူးကာဆယ်က မန်ယူကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် စမောလင်းနှင့် ဖီးလ်ဂျုံးစ်တို့၏စွမ်းဆောင်ရည်ပိုင်းဆိုင်ရာကို မော်ရင်ညိုက သံသဝင်သွားခဲ့ခြင်းဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

နယူးကာဆယ်က မန်ယူကိုအနိုင်ယူသွားခဲ့သည့် ယင်းပရီးမီးယားလိဂ်ပွဲစဉ်တွင် စမောလင်းသည် ဟန်ဆောင်ဒိုင်ဗင်ထိုးသည့်အတွက် အဝါကတ်ပြသ သတိပေးခြင်းခံခဲ့ရပြီး အဆိုပါဟန်ဆောင်ဒိုင်ဗင်ထိုးသည့်ဖြစ်စဉ်ကြောင့် နယူးကာဆယ်အသင်း ကန်ခွင့်ရသွားခဲ့သော ပြစ်ဒဏ်ဘောမှာ အနိုင်ဂိုးစတင်ရာ လမ်းကြောင်းလည်း ဖြစ်သွားခဲ့သည်။

ဖီးလ်ဂျုံးစ်သည် စပါးက မန်ယူကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိခဲ့ကာ လက်ရှိတွင် ၎င်းတို့နှစ်ဦး၏အမှားများလွန်းမှုကို နည်းပြမော်ရင်ညိုက သည်းခံနိုင်စွမ်း ကုန်ဆုံးနေပြီဖြစ်ကြောင်း ဆက်စပ်သတင်းများလည်း ထွက်ပေါ်လျက် ရှိသည်။

မန်ယူသည် ပရီးမီးယားလိဂ်ပြိုင်ပွဲဝင် အသင်းများအနက်တွင် ပေးဂိုးအနည်းဆုံးအဖြစ် ယခုအချိန်တိုင်သည်အထိ ရပ်တည်နေနိုင်ဆဲဖြစ်ပြီး ဘေလ်လီကို ဒဏ်ရာကြောင့် လက်လွှတ်လိုက်ရခြင်း၊ အသစ်ခေါ်ယူထားသည့် လင်ဒီလော့ဖ် ပရီးမီးယားလိဂ်ကစားဟန်နှင့် အံဝင်ရန် ရုန်းကန်နေရခြင်း စသည့်အချက်များက ခံစစ်ကို ပုံဖော်ရာတွင် မော်ရင်ညိုကို အကျပ်အတည်း ကြီးစွာတွေ့သွားစေခဲ့ခြင်းဖြစ်သည်။

မော်ရင်ညိုသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် အသင်းခံစစ်ကြောင်းကို အသစ်ပြင်ဆင်စုဖွဲ့ရန် အစီအစဉ်ရေးဆွဲနေပြီဖြစ်ပြီး မန်ယူနောက်ခံကစားသမားဟောင်း တစ်ဦးဖြစ်သော ဖီးလ်နဗီးလ်ကလည်း ဖီးလ်ဂျုံးစ်နှင့် စမောလင်းတို့ကိုသာ ဗဟိုခံစစ်တွင် ဆက်လက်အသုံးပြုမည်ဆိုပါက မန်ယူမှာ များမကြာမီတွင် ကပ်ဆိုက်တော့မည်ဟု ဖီးလ်နဗီးလ်က မှတ်ချက်ပေးအပ်သွားခဲ့သေးသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဖီးလ်နဗီးလ်က “မန်ယူ အရမ်း ကံကောင်းနေပါတယ်။ ဂိုးပေါက်မှာ ဒီဂီယာ ရှိနေတယ်။ ခံစစ်ကြောင်းရှေ့မှာ မာတစ် ရှိနေတယ်။ အဲ့ဒီနှစ်ချက်ကြောင့် မန်ယူ သက်သာရာရနေတာပါ။ အဲ့ဒီကစားသမားနှစ်ယောက် တစ်စုံတစ်ခုဖြစ်သွားတာနဲ့ မန်ယူ ဒုက္ခများပါလိမ့်မယ်။ စမောလင်းနဲ့ ဖီးလ်ဂျုံးစ်တို့ဟာ မန်ယူခံစစ်အတွက် ပြီးပြည့်စုံတဲ့သူတွေ မဟုတ်ပါဘူး။ သူတို့နှစ်ယောက်နဲ့သာ ရှေ့ဆက်မယ်ဆိုရင် မန်ယူဟာ သိပ်မကြာခင် ကပ်ဆိုက်ပါတော့မယ်”ဟု ပြောကြားသွားခဲ့သည်။ ■ E-11

## ဟယ်ရီကိန်းမှာ ထိပ်တန်းအဆင့်ကစားသမားဟု ချီရယ်လ်လီနီ ချီးကျူး၊ အသင်းကြီးတစ်သင်းက အရခေါ်ယူလိမ့်မည်ဟု မှတ်ချက်ပေး

**တူရင်၊ ဖေဖော်ဝါရီ ၁၃**

ဂျူဗင်တပ်နောက်ခံကစားသမား ချီရယ်လ်လီနီသည် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းမှာ ထိပ်တန်းအဆင့်ကစားသမားတစ်ဦးဖြစ်သည်ဟု ချီးကျူးစကားပြောလိုက်ပြီး များမကြာမီအချိန်အတွင်း ဟယ်ရီကိန်းကိုခေါ်ယူရန် ထိပ်သီးအသင်းကြီးများက အပြိုင်အဆိုင်ကြိုးပမ်းကြလိမ့်မည်ဟုလည်း ၎င်းက ဆက်လက် မှတ်ချက်ပေးအပ်သွားခဲ့သေးကြောင်း Daily Mail က ဖော်ပြထားသည်။




ချီရယ်လ်လီနီသည် ဟယ်ရီကိန်းမှာ အစားထိုးမရနိုင်သည့် ကစားသမားတစ်ဦးဖြစ်သည်ဟု ပြောကြားသွားခဲ့ပြီး လက်ရှိအချိန်တွင် ဟယ်ရီကိန်းမှာ မက်ဆီ၊ စီရော်နယ်ဒို၊ နေမာတို့နှင့် အဆင့်တူအနေအထားကို ပိုင်ဆိုင်ထားပြီဖြစ်ကြောင်းလည်း ချီရယ်လ်လီနီက ထပ်လောင်းအသိပေးသွားခဲ့သေးသည်။

ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်သည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် အသင်းတိုက်စစ်ကို အင်အားဖြည့်တင်းရန်အတွက် ဟယ်ရီကိန်းကိုခေါ်ယူရန် စောင့်ကြည့်မှုများရှိနေပြီး ဟယ်ရီကိန်းကို ရရှိနိုင်မည်ဆိုပါက ပြောင်းရွှေ့ကြေးပမာဏ ပေါင်သန်း ၂၀၀ ဝန်းကျင် အသုံးပြုရန်အထိ ပီရက်ဇ်က စီစဉ်ထားလျက်ရှိသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ချီရယ်လ်လီနီက “ဟယ်ရီကိန်းဟာ ပြီးပြည့်စုံတဲ့ ကစားသမားတစ်ဦးအဆင့်ကို ရောက်ရှိလို့လာခဲ့ပါပြီ။ အစားထိုးဖို့ခက်တဲ့ ကစားသမားမျိုးဖြစ်တာကြောင့် စပါးက သူ့ကို လက်မလွှတ်ချင်ဖြစ်နေတာပါ။ စီရော်နယ်ဒို၊ မက်ဆီ၊ နေမာတို့နဲ့ တစ်တန်းတည်းထားလို့ရတဲ့ အနေအထားကို ဟယ်ရီကိန်းက ပိုင်ဆိုင်နေပါပြီ။ လာမယ့်နွေဈေးကွက်မှာ သူ့ကိုခေါ်ယူဖို့ ထိပ်တန်းအသင်းကြီးတွေက အပြိုင်အဆိုင် ကြိုးပမ်းကြပါလိမ့်မယ်။ သူ့ကိုခေါ်ယူချင်တဲ့ အသင်းအရေအတွက်ဟာ အနိမ့်ဆုံးငါးသင်းလောက်အထိ ရှိပါလိမ့်မယ်”ဟု ပြောကြားသွားခဲ့သည်။ ■ E-11

# FOREIGN AFFAIRS


AP

ဆောင်းရာသီအိုလံပစ်ပွဲတော်သို့တက်ရောက်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ခဲ့သော နှမဖြစ်သူ ကင်ယိုဂျောင်နှင့် ယင်းအဖွဲ့တွင်လိုက်ပါသွားခဲ့သည့် အဆင့်မြင့်အရာရှိ ကင်ယောင်နမ်တို့နှင့် လက်ချင်းချိတ်ကာဓာတ်ပုံရိုက်ကူးနေသည့် ကင်ဂျုံအန်း

## အနာဂတ်တွင် တောင်နှင့်မြောက်ကိုရီးယားအကြား ပိုမိုနွေးထွေးသည့် ဆက်ဆံရေး ထူထောင်သွားရန် ကင်ဂျုံအန်းတိုက်တွန်း

**ပြုံယမ်း၊ ဖေဖော်ဝါရီ ၁၃**

၂၀၁၈ ဆောင်းရာသီအိုလံပစ်ပွဲတော်သို့ တက်ရောက်လာသောကိုယ်စားလှယ်အဖွဲ့ကို ကောင်းမွန်စွာဆက်ဆံခဲ့သည့် တောင်ကိုရီးယားနိုင်ငံကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး အနာဂတ်တွင်လည်း ထိုသို့ရင်းနှီးနွေးထွေးသည့် အခြေအနေမျိုးကို ဆက်လက်ထိန်းသိမ်းထားရန် တိုက်တွန်းလိုက်ကြောင်း နိုင်ငံပိုင် KCNA သတင်းဌာနက ရေးသားဖော်ပြသည်။

နျူကလီးယားစမ်းသပ်မှုများကြောင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးမှုများနှင့်ရင်ဆိုင်နေရသည့် ကင်ဂျုံအန်းက ပြုံချန်းမြို့တွင် ကျင်းပပြုလုပ်သည့် ဆောင်းရာသီအိုလံပစ်ပွဲတော်တွင် ၎င်း၏နိုင်ငံမှ ကိုယ်စားလှယ်တော်ကြီးများကို ကောင်းစွာ တည်ခင်းဧည့်ခံသည့် တောင်ကိုရီးယားနိုင်ငံကို ချီးမွမ်းပြောဆိုသည်။

ကင်ဂျုံအန်း၏ နှမဖြစ်သူကင်ယိုဂျောင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အဆိုပါခရီးစဉ်အတွင်း တောင်ကိုရီးယားနိုင်ငံ သမ္မတမွန်ဂျေအင်းအပါအဝင် ထိပ်ပိုင်းခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးခွင့်ရခဲ့သည်။ မြောက်ကိုရီးယား၏ ကိုယ်စားလှယ်အဖွဲ့ အဆိုပါအားကစားပွဲသို့ တက်ရောက်မှုကို နိုင်ငံတကာအသိုင်းအဝိုင်းက နှစ်နိုင်ငံဆက်ဆံရေး နွေးထွေးလာခြင်း၏ ပြယုဂ်အဖြစ်သတ်မှတ်ကြသော်လည်း တောင်ကိုရီးယားနိုင်ငံရေးသမားအချို့ကမူ ကွန်မြူနစ်အစိုးရအတွက် ဝါဒဖြန့်ချိမှု အောင်ပွဲတစ်ရပ်ဖြစ်သွားမည်ကို စိုးရိမ်လျက်ရှိကြသည်။

"ကိုယ်စားလှယ်တော်ကြီးများအဖွဲ့၏ အစီရင်ခံစာကို လက်ခံရရှိပြီးနောက် ကင်ဂျုံအန်းက အထူးပင်စိတ်ကျေနပ်မှုရှိကြောင်း ထုတ်ဖော်ပြောဆိုသည်" ဟု KCNA သတင်းဌာနက ရေးသားဖော်ပြထားသည်။

ယခုအခါ မြောက်ကိုရီးယားအထူးကိုယ်စားလှယ်အဖွဲ့သည် ဆောင်းရာသီအိုလံပစ်ပွဲသို့ တက်ရောက်ခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံသို့ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။

ထို့ပြင် တောင်ကိုရီးယားနိုင်ငံဘက်က ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ(မြောက်ကိုရီးယား)မှ ကိုယ်စားလှယ်များ၏ ခရီးစဉ်အား အထူးဦးစားပေးခဲ့သည်ကို စိတ်တိုင်းကျမှုဖြစ်မိကြောင်း၊ သို့အတွက်ကြောင့် တောင်ကိုရီးယားနိုင်ငံမှ တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိသည်ဟု ကင်ဂျုံအန်းက ထုတ်ဖော်ပြောဆိုကြောင်း ယင်းသတင်းဌာနက ဆိုထားသည်။

သို့အတွက်ကြောင့် တောင်-မြောက် ကိုရီးယားနှစ်နိုင်ငံအကြား ပြန်လည်ပေါင်းစည်းခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း (ဒိုင်ယာလော့ခ်ပြုလုပ်ခြင်း)စသည်တို့အတွက် နွေးထွေးသည့် ဆက်ဆံရေးတစ်ရပ်ကို အကောင်အထည်ဖော်ရန်လည်း ကင်ဂျုံအန်းက အကြံပြုတိုက်တွန်းသွားသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းကမူ အမေရိကန်ပြည်ထောင်စုအနေနှင့်လည်း မြောက်ကိုရီးယားနှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် တံခါးဖွင့်ထားသည်ဟုဆိုသည်။ ဆောင်းရာသီအိုလံပစ်ပွဲတော်သို့ တက်ရောက်လာသော အမေရိကန်ပြည်ထောင်စု ဒုတိယသမ္မတ မိုက်ပန့်စ်ကမူ "ခင်ဗျားတို့ ဆွေးနွေးချင်တယ်ဆိုရင် ကျွန်တော်တို့ဆွေးနွေးမှာပါ" ဟု ပြောဆိုထားကြောင်း ဝါရှင်တန်ပို့စ် သတင်းစာက ရေးသားဖော်ပြသည်။

ကင်ယွန်ဂျောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ အဆိုပါခရီးစဉ်သည် ၁၉၅၀ ပြည့်နှစ်၊ ကိုရီးယားစစ်ပွဲကာလနောက်ပိုင်း တောင်ကိုရီးယားသို့ မြောက်ကိုရီးယား၏ လွန်စွာအရေးကြီးသော အရာရှိကြီးများ ပထမဆုံးသွားရောက်သည့် ခရီးစဉ်လည်းဖြစ်သည်။ ■ F-01

## ALSO IN NEWS

### ရောမတောဝက်ကြီး မြို့ပေါ်တက်၊ အမှိုက်ပုံးဖွင့် အစာရှာ

ဟောင်ကောင်တစ်ဝန်းက လူမှုကွန်ရက်တွေပေါ်မှာ ဒီရက်ပိုင်းလူကြည့်များနေတဲ့ ဗီဒီယိုဖိုင်တစ်ခုရှိပါတယ်။ ရောမအရွယ်အစား တောရိုင်းဝက်ကြီးတစ်ကောင်ဟာ တပည့်တပန်းတွေနဲ့ မြို့ပေါ်တက်လာပြီး အမှိုက်ပုံးကိုဖွင့် အစာစားနေတဲ့ပုံဖြစ်ပါတယ်။ ဗီဒီယိုထဲမှာ တောဝက်ကြီးဟာ အတော်မြင့်တဲ့အမှိုက်ပုံးအဖုံးကို လှမ်းဖွင့်ပြီး စားသောက်နေပြီးတော့ နောက်လိုက်နောက်ပါ တောဝက်လေးနှစ်ကောင်က စောင့်ဆိုင်းနေကြပါတယ်။ လူမှုကွန်ရက်ပေါ်မှာ မှတ်ချက်ပြုသူများကတော့ အဆိုပါအမှိုက်ပုံးနဲ့ မနီးမဝေးမှာ ကျောင်းရှိတာကြောင့် ကလေးတွေအတွက် အန္တရာယ်ရှိနိုင်ကြောင်း ပြောနေကြပါတယ်။ ဟောင်ကောင်ကျွန်းမှာ တောဝက်တွေရှိတတ်ပါတယ်။ ဒါပေမဲ့ သာမန်အားဖြင့်တော့ အဆိုပါတောဝက်များဟာ မြို့ပြကိုလာခဲပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းကလည်း တိုင်မိုရှန်ဥယျာဉ်နားကလမ်းမှာ တောဝက်အကာင်ပေါက်ငါးကောင် ကားတိုက်ခံထားရပြီး သေဆုံးနေပါတယ်လို့ ဟောင်ကောင်ရဲက ပြောကြားထားပါတယ်။ ■ F-02



### ရှားပါးသမင်ဖြူကို ကနေဒါကြိုးဝိုင်းအတွင်း တွေ့ရှိ

ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ်ထဲမှာ ရှားပါးသမင်ဖြူတစ်ကောင်ကိုတွေ့ခဲ့ရတဲ့ အမျိုးသားတစ်ဦးဟာ အဆိုပါသမင်ကို ဗီဒီယိုမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ စနေနေ့က ရိုက်ကူးခဲ့တဲ့ ဗီဒီယိုထဲမှာ ထိုအမျိုးသားဟာ သမင်လေးကို မုန်လာဥနီကျွေးခဲ့ပါသတဲ့။ သမင်လေးဟာ တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေပြီး မုန်လာဥကိုလာမစားရဲဖြစ်နေပါတယ်။ ဒါကြောင့် ဗီဒီယိုရိုက်ကူးသူအမျိုးသားဟာ မုန်လာဥကို နှင်းတောထဲပစ်ချပေးလိုက်ရတဲ့အခါ စားစရာကို ယူသွားခဲ့ပါတယ်။ ကွိဗက် သားရိုင်းထိန်းသိမ်းရေးစခန်းကို ကလေးတွေကိုခေါ်ပြတာဖြစ်ပါတယ်လို့ အဆိုပါအမျိုးသားက ဗီဒီယိုမှာ ရေးသားထားပါတယ်။ အင်မတန်မှ ထူးဆန်းစိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ အသားဖြူ အမွေးဖြူသမင်ကိုလည်း တွေ့ခဲ့ပါတယ်လို့ အဆိုပါ အမျိုးသားက လူမှုကွန်ရက်မှာ မျှဝေထားပါတယ်။ ■ F-02

